တက္ကသိုလ်

# နေလင်းအောင်

မိုးနဂါးဓား

မဟာ

စာစဉ်–၇

စာမူခွင့်ပြုချက်အမှတ် ၅၂၉ / ၂၀၀၄ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၄၃ / ၂၀၀၄ ( ၉ )

၂၀၀၄-ခုနှစ်၊
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော့်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း။
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း
ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အစွမ်းထက်သောတယ်ပည့်များ

မှော်မိုက်သောညသည် မကောင်းမှုပြုရန်ကြံစည်သူများအတွက် အားဆေးတစ်ခွက်ဖြစ်သည်။ ညအမှောင်ကို အကာအကွယ်ယူလျက် မကောင်းမှုများကိုပြုလုပ်နိုင်သည်။

လူကောင်းသူကောင်းများအဖို့ကား တစ်ခါတစ်ရံမှလွဲ၍ အမှောင်ကိုရှောင်ကြဉ်ကြလေ၏။

ရွာသူကြီးဖုလုံ၊ လျှံယင်းချုံနှင့်ချန်းနီတို့သည် မြေအောက်ဥမင်တူးသည့်နေရာ၌အလုပ်ရှုပ်နေကြသည်။

ကင်းသမားအချို့လည်း မြေအောက်ဥမင်တူးသည့်နေရာ၌ ပါဝင်လုပ်အားပေးကြရသဖြင့် ကင်းစောင့်အင်အား လျော့နည်းသွားသည်။

ရွာသူကြီးဖုလုံ၏အိမ်၌ ဖုလုံ၏သမီးနှင့် စားတော်ကဲကြီးတို့သာရှိကြသည်။ စားတော်ကဲမှာ မီးဖိုဆောင်ပိုင်း၌နေသဖြင့် ဖုလုံ၏သမီးမှာ အိမ်ရှေ့၌ တစ်ယောက်တည်းဖြစ်နေတော့သည်။

ထိုအချိန်ပင် ဖုလုံ၏အိမ်သို့လူကပ်လာသည်။

ထိုလူ၏လှုပ်ရှားမှာ ကြောင်တစ်ကောင်ကဲ့သို့ညင်သာလှ၏။

ညအမှောင်ထဲသို့ ကျင့်သားရသောမျက်လုံးများဖြင့် ကြည့်မည်ဆိုလျှင် ကြောင်တစ်ကောင်ကဲ့သို့ကပ်လာသောလူကို မြင်နိုင်ပေလိမ့်မည်။

မိန်းမတစ်ယောက်ဟန်ပန်အပြည့်ရှိသဖြင့် အဆိပ်ပိဋကာ၏တပည့်မ မေယုစွမ်မှလွဲ၍အခြားသူမဖြစ်နိုင်ကြောင်း ခန့်မှန်းပေလိမ့်မည်။

မေယုစွမ်သည် ထူးထူးခြားခြားငြိမ်သက်နေသည့်အိမ်ကြီးကို တစ်ချက်မျှအကဲခတ်ပြီး ပွင့်နေသည့်ပြတင်းပေါက်မှ ခုန်ဝင်သွားလေသည်။

မီးအိမ်၏အလင်းရောင်သည် မှိန်ပျပျကလေးသာဖြစ်နေသော်လည်း မေယုစွမ်ကဲ့သို့ အမှောင်ထုထဲမှလာသူအဖို့ကား နေမင်းကြီး ဝင်းဝင်းတောက်သကဲ့သို့ဖြစ်နေသည်။

အိမ်ရှေ့၌အိပ်ပျော်နေသည့် မိန်းကလေးသည် ဖုလုံ၏သမီး ဖုဝါးဖြစ်သည်ကိုမူ မေယုစွမ်မသိချေ။

သူမသည် ခြေဖော့နင်းလျက် တစ်အိမ်လုံးလျှောက်ကြည့်၏။

မီးဖိုဆောင်၌အိပ်နေသည့်စားတော်ကဲကြီးမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှမတွေ့ရသဖြင့် ဤမိန်းကလေးသည် ရွာသူကြီးဖုလုံ၏သမီးဖုဝါးမှလွဲ၍ အခြားသူမဖြစ်နိုင်ဟု မေယုစွမ်တွက်ချက်လိုက်သည်။

သူမသည် အိမ်ရှေ့သို့ပြန်ထွက်လာသည်။



ဖုဝါး၏အကြောကို ထိုးပိတ်ကာ ပခုံးပေါ်ထမ်းတင်လိုက်သည်။ ထို့နောက် ပြတင်းပေါက်မှခုန်ချကာ မှောင်ရိပ်ထဲဝင်သွားလေတော့သည်။

ဖုကျားကျေးရွာ၏ အနောက်ဘက်ခြံစည်းရိုးမှ သူခိုးကဲ့သို့ဝင်လာသူကား ဆံဖြူလူငယ်ဖြစ်သည်။ သူသည် ဖုကျားကျေးရွာသားများဝတ်ဆင်လေ့ရှိသည့်အဝတ်အစားများကို ဝတ်ဆင်ထားသည်။

ထိုဝတ်စုံမှာ အကာအကွယ်ဝတ်စုံဖြစ်သည်။ သူဝတ်ဆင်လေ့ရှိသောအဖြူရောင်ဝတ်စုံနှင့်ဆိုလျှင် စာသူငယ်ကြား လင်းတနားသကဲ့သို့ ဖုကျားကင်းသမားများက အလွယ်တကူတွေ့ရှိသွားမည်ဖြစ်ပေသည်။

ဦးခေါင်း၌ ပဝါတစ်ထည်စည်းထားလိုက်သည့်အခါ သူ၏ဆံပင်ဖြူများကိုမည်သူမျှ မမြင်တွေ့ကြရတော့ပေ။

သူသည် မှောင်ရိပ်ခိုကာလျှောက်လာသည်။ သူလည်းရွာသူကြီး၏သား ဖုလွေကိုမသိရှိပေ။

ညအမှောင်ထဲ၌ဖြစ်၍ ဖုလွေဖြစ်ကြောင်းသိရှိရန်ပိုခက်၏။

သူ့အတွက် ကံကောင်းချင်တော့ ဖုလွေသည် အနောက်ဘက်ခြံစည်းရိုးကိုစောင့်သည့်ကင်းသမားများအား လာစစ်ချိန်နှင့် ကြုံသွားသည်။

"ဟေ့- အနောက်ဘက်ကကင်းသမားတွေ"

ဖုလွေ၏အော်သံမဆုံးမီပင် ကင်းသမားများသည်အလျှိုလျှိုထွက်လာကြလေသည်။

ဖုလွေသည် ကင်းသမားအရေအတွက်ကိုစစ်ဆေးသည်။

"တစ်- နှစ်- သုံး- လေး- ငါး- ခြောက်- ခုနစ်- ရှစ်- ကိုး- ဟာ တစ်ယောက်ပျောက်နေပါလား၊ ဘယ်သူလဲ"

ကင်းသမားဆီမှတစ်ယောက်ကပြောသည်။

"ထင်းရုံ- ထင်းရုံဖြစ်လိမ့်မယ်၊ သူစောစောက မြောက်ဘက်ကိုခဏသွားမယ်လို့ ငါ့ကိုပြောသွားတယ်"

ဖုလွေသည် အသက်ငယ်သဖြင့် ထိုလူကရင်းရင်းနှီးနှီးပြောခြင်းဖြစ်သည်။

ဖုလွေက-

"ဟာ- တယ်ခက်တာပဲ၊ ကိုယ်တာဝန်ကျတဲ့နေရာမှာ နေရမယ်လို့ အဖေကကြပ်ကြပ်မတ်မတ်ပြောထားတဲ့ဥစ္စာ၊ ဒီလူတော့ အပြစ်ပေးခံရတော့မှပဲ"

ထိုအချိန်မှာပင် ထင်းရုံဆိုသူသည် အပြေးအလွှားရောက်ရှိလာသည်။

"ဖုလွေ- ငါပြန်ရောက်လာပါပြီ"

"ခင်ဗျားတယ်ခက်တဲ့လူပဲ၊ တစ်ရွာလုံးသေရေးရှင်ရေးဖြစ်နေတဲ့အချိန်မှာ ခင်ဗျားကဘယ့်နှယ်လျှောက်သွားနေရတာလဲ၊ ခင်ဗျားကြောင့် တစ်ရွာလုံးဒုက္ခရောက်သွားနိုင်တယ်ဗျ"

ဖုလွေ၏စကားသည် အမှန်စကားပင်။

အဆိပ်ဝိဇ္ဇာ၏တပည့် ဆံဖြူလူငယ်ဝင်လာသည့်ဝင်ပေါက်မှာ ထင်းရုံစောင့်သည့်နေရာမှ ခြံစည်းရိုးကိုဖျက်ကာ ဝင်လာခြင်းဖြစ်သည်။

အကယ်၍ ထင်းရုံသာ သူတာဝန်ကျသည့်နေရာ၌နေရာ၌



နေလျှင် ဆံဖြူလူငယ်အား သူ မခုခံနိုင်သည့်တိုင် အခြားသူများကို အော်ဟစ်သတိပေးနိုင်မည်မှာ သေချာပေသည်။

ထင်းရုံကတောင်းပန်လိုက်သည်။

"ဖုလွေ- ငါဒီတစ်ကြိမ်ပဲပျက်ကွက်ဖူးပါတယ်ကွာ၊ ဒီအကြောင်းကို ရွာသူကြီးဆီအစီရင်မခံပါနဲ့ကွာနော်၊ ငါတောင်းပန်ပါတယ်"

ဖုလွေသည် စိတ်ကောင်းရှိသူဖြစ်၏။ ငယ်လည်းငယ်သဖြင့် ထင်းရုံ၏တောင်းပန်စကားကို ကျေနပ်လိုက်သည်။

"ကောင်းပြီ- ခင်ဗျားနေရာမှာခင်ဗျားရှိပါစေ၊ နောင်တစ်ကြိမ်လာစစ်လို့မတွေ့ရင်တော့ ကျွန်တော့်ကိုအဆိုးမဆိုနဲ့"

"အေးပါကွာ၊ အေးပါ"

"ကဲ- နောက်တစ်ကင်းကို တစ်နာရီမှာလဲမယ်၊ ခင်ဗျားတို့ ကိုယ့်နေရာကိုယ်ပြန်နေကြပေတော့"

ကင်းသမားများသည် ကိုယ့်နေရာကိုယ်ပြန်သွားကြသည်။

ဖုလွေသည် သူ့အိမ်ရှိရာသို့ပြန်လျှောက်လာလေသည်။

ဖုလွေနှင့်ကင်းသမားများ ပြောသည့်စကားများကို မှောင်ရိပ်ထဲ၌ချောင်းနေသည့်ဆံဖြူလူငယ်သည် အားလုံးကြားနေသည်။

ဖုလွေလှည့်ထွက်သွားသည်နှင့် ဆံဖြူလူငယ်လည်းမှောင်ရိပ်ခိုကာလိုက်တော့သည်။ ကင်းသမားများ အလှမ်းကွာသွားသည်နှင့် ဆံဖြူလူငယ်သည် ဖုလွေအနီးလျှပ်တစ်ပြက်ခုန်ဝင်သွားသည်။

ဖုလွေလန့်သွားသည်။

"ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့"

သူစကားဆုံးအောင် မပြောလိုက်ရချေ။

ဆံဖြူလူငယ်က အကြောထိုးပိတ်လိုက်သဖြင့် ဝုန်းခနဲ လဲကျသွားသည်။ ဆံဖြူလူငယ်က ပခုံးပေါ် ထမ်းတင်ပြီး အနောက်ဘက် ခြံစည်းရိုးဆီသို့ ပြန်လျှောက်လေသည်။

"ထင်းရှုံ ဘယ်နေရာမှာစောင့်နေတယ်ဆိုတာ ငါသိထားပြီပဲ၊ သူ့ကိုမေ့အောင်လုပ်ပြီး အဲဒီအပေါက်က ပြန်ထွက်မယ်၊ ခဏတစ်ဖြုတ်မေ့ပြီး ပြန်သတိရလာလဲ၊ သူ့စိတ်ထဲမှာ ဘာမှထူးထူးခြားခြားဖြစ်နေမှာမဟုတ်ဘူး"

ဆံဖြူလူငယ်၏အတွေးများက ကွက်တိပင်မှန်ကန်နေသည်။

ခြေသံမကြားရသဖြင့် ထင်းရှုံသည် ဆံဖြူလူငယ်ကိုလှည့်မကြည့်ချေ။ အမွှေးနံ့လိုလို အနံ့တစ်ခုခုရပြီး သူအိပ်ပျော်သလို ဖြစ်သွားလေသည်။

ဆံဖြူလူငယ်သည် ထိုနေရာမှ လွယ်ကူစွာ ထွက်သွားတော့သည်။

ဆံဖြူလူငယ်နှင့်မေယုစွမ်တို့သည် သူတို့၏စခန်း၌ ပြန်ဆုံကြပြီး လက်လုပ်လက်ဝါးတီးကာရယ်နေကြလေတော့သည်။

"ငါဖြင့် အံ့ဩလို့မဆုံးဘူး၊ တစ်နေ့က ဟိုခေါင်းပြတ်နှစ်လုံးကိုသွားပို့တုန်းက စောင့်နေလိုက်တဲ့ကင်းသမားတွေ နည်းတာမဟုတ်ဘူး၊ ငါဒီနေ့ညလဲသွားရော လွယ်လိုက်တာ၊ ဒီပုံအတိုင်း ဝင်ချင်ဝင် ထွက်ချင်ထွက်လို့ရနေမှတော့ သူတို့ကို ဘာဖြစ်လို့ဝိုင်းထားရတော့မှာလဲ၊ သူတို့ရွာထဲကရေတွင်းတွေထဲ အဆိပ်ခတ်လိုက်ရင် ကိစ္စပြတ်နေတာပဲ"



ဆံဖြူလူငယ်ကလည်း ရယ်ရင်းပြောသည်။

"ဟုတ်တယ်နော်၊ ကျွန်တော့်ဘက်မှာတော့ အခက်အခဲနည်းနည်းတွေ့ရတယ်၊ ဒါပေမယ့် နည်းနည်းလေးမှ တကယ့်နည်းနည်းလေးပါ"

ဆံဖြူလူငယ်သည် ဖုလွှေနှင့်ဖုဝါးတို့ကိုမေ့ပြောင်ပြရင်း-

"ကဲ- သူတို့ကိုဘာလုပ်ကြမလဲ"

မေယုစွမ်ကရယ်၍-

"ငါတို့က ဘာမှမလုပ်နိုင်ဘူး၊ ဆရာက သူတို့ကိုဖမ်းခေါ်ခဲ့ဖို့ပဲအမိန့်ပေးတာ၊ မနက်ကျ ဆရာလာလိမ့်မယ်၊ ဆရာ့အမိန့်ကို နားထောင်ရုံပဲ"

ရွာသူကြီးဖုလုံ၏သားနှင့်သမီးကား အကြောပိတ်ခံထားရသဖြင့် မြေကြီးပေါ်၌တုံးလုံးပက်လက်လဲကျနေသတည်း။

❀❀❀

## လက်ခံတွေ့ဆုံခြင်း

ဝေဝေနှင့် ကွေ့ကျန်ချူးတို့သည် ဂူထဲ၌စိတ်ရှည်စွာစောင့်နေရလေသည်။

ဝေဝေမှာ မကြာခဏလှုပ်လှုပ်ရွရွဖြစ်နေသဖြင့် ကွေ့ကျန်ချူးက မျက်နှာရိပ်မျက်နှာကဲဖြင့်သတိပေးနေရသည်။

ကွေ့ကျန်ချူးသည် သစ်ကိုင်းသစ်ခက်ခြောက်များကို သွားကောက်ကာ မီးဖိုသည်။ ဝေဝေ့ကိုလည်း လွန်စွာ ရှိသေလေးစားဟန်ဖြင့်ဆက်ဆံရသည်။

သို့မှသာ ဝေဝေအား မင်းသမီးလေးတစ်ပါးအဖြစ် ဘုရင့်သားတော်လေးက ယုံမှတ်လက်ခံမည်မဟုတ်ပါလား။

ထိုတစ်ညတာသည် ဘေးမရှိ၊ ရန်မရှိ ကုန်လွန်သွားသည်။

ဝေဝေ ကောင်းစွာအိပ်စက်ရသော်လည်း ကွေ့ကျန်ချူးကားကြက်အိပ်ကြက်နိုးသာအိပ်ရသည်။

နံနက်လင်းသောအခါ ကွေ့ကျန်ချူးက ဝေဝေ့အတွက်



သောက်သုံးရေများ၊ သစ်သီးများကိုရှာဖွေပေးသည်။

သူတို့ သစ်သီးများစားသုံးနေစဉ်မှာပင် ဂူ၏ရှေ့ဘက်မှလူနှစ်ယောက်ဝင်လာသည်။ ထိုနှစ်ယောက်ကား မင်းသားလေးအားအနီးကပ်စောင့်ရှောက်ရသည့်သက်တော်စောင့် နှစ်ယောက်တည်း။

ကွေ့ကျန်ချူးသည် မင်းသားလေးနှင့်ပတ်သက်သူများဖြစ်သည်ကိုရိပ်မိသော်လည်း ဟန်လုပ်ကာ ဓားဆွဲ၍ခုန်ထလိုက်လေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ခင်ဗျားတို့ကကော ဘယ်သူတွေလဲ"

သက်တော်စောင့်နှစ်ယောက်က ဓားမထုတ်ဘဲအေးဆေးစွာပြန်လည်မေးခွန်းထုတ်လိုက်လေသည်။

ကွေ့ကျန်ချူးက-

"ကျုပ်တို့က တောင်ပိုင်းနေပြည်တော်ကလာတဲ့သူတွေပါ"

"ခင်ဗျားတို့ ဘာကိစ္စနဲ့လာကြတာလဲ"

"ဘုရင့်သားတော်လေးကို လာခေါ်တာပါ"

သက်တော်စောင့်တစ်ယောက်က ရယ်လိုက်သည်။

"ဒီလိုပြောလို့ဘယ်ရမလဲ၊ ခင်ဗျားတို့ ဘယ်သူတွေမှန်းမသိဘဲနဲ့ ဘယ့်နှယ် ဘုရင့်သားတော်ကိုခေါ်လို့ရမလဲ"

ကွေ့ကျန်ချူးစိတ်ညစ်သွားသည်။

စုကျူးမြို့စားကြီးပြောသည့်စကားများကို အမြန်ဆုံးပြန်လည်စဉ်းစားရလေတော့သည်။

ထိုစဉ် သက်တော်စောင့်တစ်ယောက်က-

"ကျုပ်တို့ဆီက အထောက်တော်တစ်ဦးလွှတ်ထားတယ်၊ သူမပါဘဲ ခင်ဗျားတို့ရောက်လာတာဟာ မရိုးသားဘူး"

ကွေ့ကျန်ချူးမျက်နှာမှာ ဝင်းထိန်သွားသည်။

"ဩော်- ဒါလား၊ အဲဒီအထောက်တော်ဟာ ကျုပ်တို့ဆီရောက်လုဆဲဆဲမှာသေဆုံးသွားပါတယ်၊ ကံကောင်းထောက်မပြီး အထောက်တော်ဆီကစာကို မိန်းကလေးတစ်ယောက်က ယူလာခဲ့လို့ ကျုပ်တို့ ဒီအထိလိုက်လာနိုင်တာပါ"

"ဒါဖြင့် ခင်ဗျားတို့ကိုဘယ်သူလွှတ်လိုက်တာလဲ"

ဤမေးခွန်းအမေးခံလိုက်ရသဖြင့် ကွေ့ကျန်ချူးမှာ ရင်ချောင်သလိုလိုဖြစ်သွားသည်။

"အမတ်ကြီးစုဘူးဝှက်ကပါ၊ ကျုပ်တို့လာတာ တပ်စုတစ်စုလောက်ရှိပါတယ်၊ လမ်းခုလတ်မှာ မန်ချူးတွေလက်ချက်နဲ့သေကုန်ကြလို့ ကျုပ်တို့နှစ်ယောက်ပဲကျန်တာပါ"

သက်တော်စောင့်နှစ်ယောက်၏မျက်နှာမှာ ဝင်းသာသွားသောအရိပ်အရောင်များထွက်ပေါ်လာသည်ကို ကွေ့ကျန်ချူး အကဲခတ်မိသည်။

သက်တော်စောင့်တစ်ယောက်က-

"သူကဘယ်သူလဲ၊ ခင်ဗျားကကောဘယ်သူလဲ"

ကွေ့ကျန်ချူး ရင်ကော့ပြောလိုက်သည်။

"ကျုပ်ကတော့ အမတ်ကြီးစုဘူးဝှက် လျှို့ဝှက်ဖွဲ့စည်းထားတဲ့တပ်မတော်အကြီးအကဲထဲကဗိုလ်မှူးတစ်ယောက်ပါ၊ သူကတော့ မင်းသမီးလေးတစ်ပါးပါပဲ၊ အမတ်ကြီးစုဘူးဝှက်က တမင်ထည့်ပေးလိုက်တာပါ။ နတ်ရွာစံဧကရာဇ်ကြီးမှာ မိဖုရားတွေများလွန်းတော့ ဘုရင့်သားတော်လေးအနေနဲ့ ဒီကမင်းသမီးကလေးကို သိချင်မှ သိမှာပါ၊ သူ့လို မဟာဆီ မဟာသွေး မင်းသမီးလေးတစ်ပါး ပါလာရင် ဘုရင့်သားတော်လေးအနေနဲ့ ယုံကြည်စိတ်ချသွားလိမ့်မယ်လို့ အမတ်ကြီးစုဘူးဝှက်ကယူဆပါတယ်"



သက်တော်စောင့်နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြလေသည်။

"ကောင်းပြီ- ကျုပ်တို့နောက်လိုက်ခဲ့"

သက်တော်စောင့်နှစ်ယောက်အပြင်သို့ ထွက်သွားလိမ့်မည်ဟု ကွေ့ကျန်ချူးထင်သည်။ သို့သော် သူထင်သလိုမဟုတ်ပေ။

သက်တော်စောင့်နှစ်ယောက်သည် ဂူအတွင်းဘက်သို့သာ ဝင်သွားကြသည်။

ဂူအတွင်း၌ အပေါက်မရှိတော့ချေ။

သို့သော် မကြာမီပင် ထိုကိစ္စရှင်းလင်းသွားသည်။

သက်တော်စောင့်တစ်ယောက်က ဂူနံရံကိုလက်ဖြင့်ထိုးလိုက်သည်။ ထိုနေရာကား လျှို့ဝှက်တံခါး၏ခလုတ်ပေတည်း။

ဤအရာများကို ကွယ်လွန်သူဗိုလ်မှူးကြီးကြူးက ဖန်တီးထားခဲ့ခြင်းဖြစ်သည်။

လျှို့ဝှက်တံခါးကား မကျယ်လှချေ။

လူတစ်ကိုယ်သာ ဝင်နိုင်သည်။

သူတို့အားလုံးအထဲရောက်သောအခါ သက်တော်စောင့် တစ်ယောက်က ဂူပေါက်ကိုပြန်ပိတ်လိုက်သည်။

အတွင်းပိုင်းဂူထဲ၌ လူငယ်တစ်ဦးသည် ကျောက်ကုလားထိုင်တစ်လုံးနှင့်ထိုင်နေသည်။ ထိုလူငယ်၏ ဥပဓိရုပ်သည် အလွန်တည်ကြည်သည်။

ဘုရင့်သားတော် မင်းသားလေးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်သည်။ သူ့ဝန်းကျင်၌ ဓားလွတ်ကိုင်အစောင့်တပ်သားဆယ့်ခုနစ်ဦးမျှ ဝန်းရံစောင့်ကြပ်နေကြလေသည်။

ဝေဝေနှင့်ကွေ့ကျန်ချူသည် မင်းသားလေးရှေ့၌ဒူးထောက်ထိုင်ကာ ရှိခိုးလိုက်လေသည်။

မင်းသားလေးက-

"ဗိုလ်မှူးတို့ သက်သာသလိုနေကြပါ၊ ကျုပ်က ထီးဝေးနန်းဝေးဖြစ်နေလို့ ဒီအရိုအသေတွေကိုလဲ မခံစားတတ်တော့ပါဘူး"

မင်းသားလေးက ရိုးရိုးပင်ပြောသည်။

သူသည် ချောင်းကြည့်ပေါက်မှ ကွေ့ကျန်ချူနှင့် သက်တော်စောင့်တို့ပြောကြသည့်စကားများကို ကြားပြီးခဲ့လေပြီ။

သူ့စိတ်ထဲ၌လည်း ကွေ့ကျန်ချူတို့ကို အမှန်အကန်ဟုပင် တကယ်ယုံကြည်သွားခဲ့ပေသည်။

ကွေ့ကျန်ချူသည် စုကျူးမြို့စားကြီးစီစဉ်ပေးသည့် စာရွက်ကို သက်တော်စောင့်မှတစ်ဆင့် မင်းသားလေးအား ဆက်သလိုက်လေသည်။

မင်းသားကလေးသည် အမတ်ကြီးစုဘူးဝှက်၏အစစ်မဟုတ်သောစာကို ယူဖတ်သည်။

ထို့နောက် သက်တော်စောင့်နှစ်ဦးအား ပေးဖတ်လေသည်။



သက်တော်စောင့်တစ်ဦးက မင်းသားလေး၏နားနားကပ်၍ တီးတိုးပြောနေသည်ကိုတွေ့ရသောအခါ ကွေ့ကျန်ချူမှာ ရင်ထိတ်သွားလေသည်။ သို့သော် မင်းသားလေး၏မျက်နှာ၌ အမူအယာပျက်ယွင်းသွားခြင်းမရှိပေ။

ထို့အတွက် ကွေ့ကျန်ချူစိတ်သက်သာရာရသွားသည်။

ထိုစဉ် ဝေဝေက-

"အစ်ကိုတော် နှမတော်တို့ အမြန်ဆုံးခရီးထွက်ဖို့ စီစဉ်သင့်ပါတယ်၊ မန်ချူးတွေဟာ တောင်ပိုင်းကိုတိုက်နေကြပါပြီ၊ ဘဘစုဘူးဝှက်ဟာ အစ်ကိုတော့်အလာကိုစောင့်နေတာပါ၊ နှမတော်တို့ ဒီကိုလာတဲ့ခရီးမှာပဲ ရက်တွေအတော်ကုန်ခဲ့ပါတယ်"

မင်းသားလေးက ကြည်သာစွာပြုံးလိုက်သည်။

"နှမလေး- နှမလေးတို့ ပင်ပန်းလာတာကို အစ်ကိုတော် သိတယ်၊ ချက်ချင်းခရီးထွက်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး၊ ဒီမှာစီစဉ်စရာရှိနေသေးတယ်၊ နှမလေးတို့အနေနဲ့ သုံးရက်လောက်အနားယူကြပါဦး၊ စိတ်ချမ်းသာကိုယ်ချမ်းသာအနားယူကြပါဦး"

မင်းသားလေးသည် လက်ဖြောက်အချက်ပြပြီး ထိုင်ရာမှ ထလိုက်လေသည်။

"ဒီအခန်းကကျယ်ပါတယ်၊ ဗိုလ်မှူးနဲ့နှမလေးတို့အတွက်ကျုပ်လူတွေ အားလုံးစီစဉ်ပေးပါလိမ့်မယ်"

ထို့နောက် မင်းသားလေးထွက်သွားလေတော့သည်။

❀❀❀

သုံးရက်မြောက်သောနေ့တွင် ဝေဝေသည်လည်းကောင်း၊ ကွေ့ကျန်ချူသည်လည်းကောင်း လွန်စွာပျော်ရွှင်နေလေသည်။

သူတို့ ပြန်လည်ထွက်ခွါရတော့မည်မဟုတ်ပါလား။ စုကျူး အမတ်ကြီးထံသို့ပြန်ရောက်လျှင် သူတို့၏ခရီးစဉ် ပြီးဆုံးအောင်မြင် ပြီမဟုတ်ပါလား။

လျှိယင်းချူ၏လွတ်မြောက်ရေး၊ ကွေ့ကျန်ချူ ရင်သွေးလေး လွတ်မြောက်ရေးတို့ အောင်မြင်ပြီမဟုတ်ပါလား။

ဘုရင့်သားတော်မင်းသားလေး လာကြည့်သည့်အခါ ကွေ့ ကျန်ချူက ခရီးထွက်မည့်အစီအစဉ်ကို မေးမြန်းလျှောက်ထားလေ သည်။

"အရှင့်သား- ကျွန်တော်မျိုးတို့ ထွက်လာတဲ့ခရီးဟာ အင်မ တန်ရှည်လျားပါတယ်၊ ရက်ပေါင်းလဲ မနည်းတော့ပါဘူး၊ အမြန်ဆုံး ခရီးထွက်သင့်ပါပြီ"

မင်းသားလေးက ပြုံးလိုက်သည်။

"အင်း- ကျုပ်က သုံးရက်ကြာရင် ခရီးထွက်မလို့ပါဘဲ၊ ဒါပေ မယ့် ဒီမှာစီစဉ်စရာရှိတာတွေ မပြတ်သေးဘူး၊ ဒါကြောင့် နောက် သုံးရက်လောက် အနားယူအားမွေးထားကြပါဦး"

ကွေ့ကျန်ချူမှာ ထပ်မံလျှောက်ထားရန်ခက်သွားလေသည်။

မကြာခဏ နှိုးဆော်နေလျှင် သူတို့အားသံသယဝင်သွားနိုင် သည်ကိုလည်း ကွေ့ကျန်ချူရိပ်မိပေသည်။

ဝေဝေကလည်း အကင်းပါးသည်။ သုံးရက်ထပ်မံဆိုင်းငံ့ရ မည်ဆိုသောအခါ သူမ လွန်စွာစိတ်ပျက်သွားသည်။



ကွေ့ကျန်ချူကဲ့သို့ထပ်မံတိုက်တွန်းနှိုးဆော်လျှင် သူတို့အား အပယ့်အကြည်မရှိဖြစ်သွားနိုင်သည်ကို သူမ ရိပ်မိပေသည်။

ထို့ကြောင့် သူမကပင် ကွေ့ကျန်ချူအား ဣန္ဒြေရရပြန်လည် နှစ်သိမ့်လိုက်လေတော့သည်။

"ဗိုလ်မှူးက သိပ်ပြီးဆန္ဒစောနေတာကိုး၊ ဒီမှာအစ်ကိုတော် စီစဉ်နေရတဲ့ကိစ္စတွေ ဘယ်လောက်တာဝန်ကြီးလေးတယ်ဆိုတာ ဗိုလ်မှူးလဲ မသိနိုင်ဘူး၊ ကျွန်မလဲ မသိနိုင်ဘူး၊ နောက်ထပ်သုံးရက် လောက်စောင့်လို့လဲ ဘာမှပြဿနာမဖြစ်နိုင်ပါဘူး၊ အစ်ကိုတော် ပြောတဲ့အတိုင်း သုံးရက်လောက် အေးအေးဆေးဆေးအနားယူလိုက် ပါဦး"

ကွေ့ကျန်ချူသည် ဝေဝေ၏အကင်းပါးမှုကို ကျိတ်၍ချီးကျူး မိလေသည်။ ဘုရင့်သားတော်လေး၏အမြင်တွင်မူ ခေါင်းငုံ့နာခံနေ သောကွေ့ကျန်ချူကိုသာ တွေ့မြင်နေရပေသည်။

အမှန်တကယ်လည်း မင်းသားလေးက အကဲခတ်နေခြင်း ဖြစ်ပေသည်။ ယုံကြည်စိတ်ချသင့်သူများဟု ယေဘုယျစိတ်ချထား သော်လည်း အခြေအနေကိုစောင့်ကြည့်လိုသေးသဖြင့် ရက်သတ္တ တစ်ပတ်မျှ ထပ်မံအချိန်ဆွဲလိုက်ခြင်းသာဖြစ်ပေတော့သည်။

ဝေဝေနှင့်ကွေ့ကျန်ချူတို့၏ပါးနပ်လိမ္မာမှုကြောင့် မင်းသား လေးသည် ရန်သူများ၏ယိုကွက်ဟာကွက်ကို ရှာမတွေ့ဘဲဖြစ် သွား လေတော့သည်။

❋❋❋

## သံမဏိအသည်းပိုင်ရှင်

နံနက်မိုးသောက်အလင်းရောက်သည်နှင့် ဖုလွေနှင့်ဖုဝါးတို့ မရှိတော့သည့်သတင်းကို ရွာသူကြီးဖုလုံ ချက်ချင်းပင်သိရှိသွားလေလေတော့သည်။

ဥမင်လိုဏ်ခေါင်းတူးသည့်နေရာမှပြန်လာပြီး မကြာမီပင် ထိုသတင်းကိုသိရှိရခြင်းဖြစ်ပေသည်။

လျှံယင်းချို့နှင့်ချန်းနီသည် ထိုသတင်းကို မသိပေ။ ရွာသူကြီး ဖုလုံ၏ပတ်ဝန်းကျင်၌ လူစုစုအုပ်အုပ်တွေ့ရသဖြင့်သာ သတင်းထူး တစ်ခုတော့ရှိနေပြီဟု ခန့်မှန်းမိကြခြင်းဖြစ်ပေသည်။

လျှံယင်းချို့ကမေးလိုက်၏။

"ရွာသူကြီး ဘာများသတင်းထူးသလဲ"

ရွာသူကြီးဖုလုံက ကင်းသမားရွာသားများအား ကိုယ့်နေရာ ကိုယ်ပြန်ကြရန် အချက်ပြလိုက်ပြီး-

"ကျုပ်ရဲ့သားနဲ့သမီးကို အဆိပ်ဝိဇ္ဇာဖမ်းသွားပြီလေ၊ ဥမင် လိုဏ်ခေါင်းတူးနေတဲ့အချိန်ဆိုတော့ ကင်းသမားတွေအင်အားနည်း သွားတဲ့အချိန်မှာ သူတို့လာဖမ်းသွားပုံရတယ်"

"ဘာသဲလွန်စရလို့ ဒီလိုအတိအကျပြောနိုင်တာလဲ"

"ဘာ သဲလွန်စမှမရပါဘူး၊ ဒါပေမယ့် ဒီသတင်းသေချာပါ တယ်၊ ကျုပ်ရဲ့သားနဲ့သမီးအကြောင်းကို ကျုပ်အသိဆုံးပါ၊ သူတို့ ဟာ ကျုပ်ကိုသိပ်သံယောဇဉ်ကြီးကြပါတယ်၊ ကျုပ်ကိုအသိမပေးဘဲ နဲ့ ဘယ်ကိုမှထွက်မသွားတတ်ပါဘူး၊ အခုအချိန်မိုးမှာ သူတို့ဘယ်ကို ထွက်သွားနိုင်မှာလဲ"

လျှံယင်းချို့စဉ်းစားကြည့်သည်။ ရွာသူကြီးဖုလုံ၏စဉ်းစား တွေးခေါ်မှုမှန်ကန်သည်ဟု သူယုံသည်။

လူအားလုံး အတွေးကိုယ်စီဖြင့်ငိုင်နေကြသည်။

အတန်ကြာသော်-

"ရွာသူကြီး- ကျွန်တော်တို့ ဒီရွာကိုရောက်လာတဲ့အတွက် ဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေကို စဉ်းစားကြည့်ရအောင်"

ရွာသူကြီးဖုလုံက မချိတရိပြုံးလိုက်သည်။

"တော်စမ်းပါလျှံယင်းချို့ရယ်၊ မောင်ရင်ပြောမယ့်စကားကျုပ် ကြိုတင်သိပါတယ်၊ မောင်ရင်နဲ့ ချန်းနီတို့ကို သူတို့လက်ထဲအပ်ပြီး ကျုပ်သားနဲ့သမီးကို ပြန်ရွေးဖို့ပဲပြောမှာမဟုတ်လား"

"အဲဒီလိုပဲလုပ်သင့်ပါတယ်၊ သူတို့လက်ထဲမှာ ကျွန်တော်တို့ သေမယ်လို့အတပ်မပြောနိုင်ပါဘူး၊ တစ်နည်းနည်းနဲ့ လွတ်မြောက် ကောင်း လွတ်မြောက်နိုင်မယ်လို့ထင်ပါတယ်"

"ဒါက မသေချာတဲ့ကိစ္စပါ၊ မောင်ရင်တို့ကို အပ်လိုက်ရင်

ချုပ်နာမည်ပျက်သွားတော့မှာပေါ့၊ မျက်နှာကိုဓားနဲ့လှီးပစ်ရုံရှိတော့တာပေါ့"

ထိုစဉ် ကင်းသမားတစ်ယောက်ပြေးလာလေသည်။

"ရွာသူကြီး ရွာထိပ်မှာ မုတ်ဆိတ်ရှည်ကြီးရင်ဘတ်လောက်ရောက်နေတဲ့အဘိုးကြီးတစ်ယောက် ရောက်နေတယ်၊ ရွာသူကြီးကိုတွေ့ချင်လို့တဲ့"

ဖုလုံခေါင်းညိတ်လိုက်သည်။

"မင်းသွားနှင့်၊ ခုချက်ချင်းငါလိုက်ခဲ့မယ်"

ကင်းသမားပြေးထွက်သွားသည်။

ဖုလုံက-

"လျှံယင်းချို- အဲဒါအဆိပ်ဝိဇ္ဇာပဲဖြစ်မယ်၊ သူကိုယ်တိုင်လာတယ်ဆိုတော့ ပြောရတာပိုကောင်းသွားတာပေါ့"

"ကျွန်တော်တို့လဲလိုက်မယ်"

လျှံယင်းချိုနှင့်ချန်းနီတို့သည် ရွာသူကြီးဖုလုံနောက်မှ ကပ်လိုက်သွားကြသည်။ တိုက်ပွဲဖြစ်လျှင် အသေခံ၍ခုခံမည်ဟု လျှံယင်းချိုဆုံးဖြတ်ထားလေသည်။

ရွာထိပ်သို့ရောက်သောအခါ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည့် အဘိုးအိုတစ်ဦးအားတွေ့ရလေသည်။ သူ၏မုတ်ဆိတ်ရှည်ကြီးများသည် လေထဲလွင့်ပျံ့နေပေသည်။

"အဟမ်း. . အဟမ်း"

ရွာသူကြီးဖုလုံက ချောင်းဟန့်လိုက်၏။

"ခင်ဗျားတို့ရောက်လာကြပြီလား"



အဆိပ်ဝိဇ္ဇာကလှမ်းမေးရင်း ဖုလုံနှင့် မျက်နှာချင်းဆိုင်လာရပ်လေသည်။

"ဖုလုံ- ကျုပ်အရှည်အဝေးမပြောတော့ဘူး၊ ခင်ဗျားပြောတဲ့ရက်သတ္တ တစ်ပတ်စောင့်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ခင်ဗျားရဲ့ရင်သွေးနှစ်ဦး မသေစေ့ချင်ရင် ခင်ဗျားတို့ရွာထဲမှာခိုလှုံနေတဲ့လျှံယင်းချိုနဲ့ချန်းနီကို အပ်ပါ"

"ဟား- ဟား- ဟားခင်ဗျားက အောက်တန်းကျတဲ့အလုပ်ကိုလုပ်တာပေါ့၊ ကျုပ်ကိုစဉ်းစားချိန်တစ်ပတ်ပေးပြီးမှ ဒီလိုလုပ်တာတော့ မကောင်းပါဘူး"

"ကျုပ်မပေးနိုင်တော့ဘူး၊ ခင်ဗျားနောက်က လျှံယင်းချိုတို့ကို ခုချက်ချင်းအပ်၊ ခုချက်ချင်းခင်ဗျားသားနဲ့သမီးကိုလွှတ်ပေးမယ်"

"ကျုပ်ကို သုံးရက်စဉ်းစားခွင့်ပေးပါ၊ သူတို့ဟာ ကျုပ်တို့ကိုအားကိုးပြီးခိုလှုံလာတဲ့လူတွေပါ၊ ဒီလူတွေကို ရင်ဝဆီးကန်ရတဲ့အဖြစ်မျိုးလုပ်ဖို့ဆိုတာ မလွယ်ပါဘူး၊ သုံးရက်တော့ စဉ်းစားခွင့်ပေးပါ"

အဆိပ်ဝိဇ္ဇာ၏မျက်နှာ တင်းမာသွားသည်။

"မပေးနိုင်ဘူး၊ ဒီနေ့ လဲရင်လဲ၊ မလဲရင် ချက်ချင်းသတ်မယ်"

ရွာသူကြီးဖုလုံကလည်း တင်းမာစွာပြောလိုက်သည်။

"ဒီမှာအဆိပ်ဝိဇ္ဇာ ကျုပ်ပြောသလို သုံးရက်စဉ်းစားခွင့်ပေးရင်ပေး မပေးချင်ဘူးဆိုရင်လဲ ကျုပ်သားနဲ့သမီးကို သတ်သာပစ်လိုက်တော့"

ရွာသူကြီးဖုလုံစကားကပြတ်သားလှသဖြင့် လျှံယင်းချိုတို့ပင်

ဟုန်လှုပ်သွားလေသည်။

အဆိပ်ဝိဇ္ဇာသည် ဖုလုံ၏မျက်နှာကိုအကဲခတ်ပြီး သူတင်းချင်သလို မတင်းနိုင်ကြောင်း ရိပ်မိလိုက်လေသည်။

"အင်း- ဒီကောင်ကြီးဟာ သူ့သားနဲ့သမီးကိုတော် တကယ်အသေခံချင်ခံနေမှာ၊ သူပြောတဲ့အတိုင်း သုံးရက်တော့ စောင့်ကြည့်ရတော့မှာပဲ"

အဆိပ်ဝိဇ္ဇာသည် ထိုသို့စိတ်ကူးပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ- ကျုပ်သုံးရက်စောင့်မယ်"

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားလေတော့၏။

ဖုလုံ၊ လျှံယင်းချုံနှင့်ချန်းနီတို့သည် သူတို့အား ပဟာမခန့် ဂရုမစိုက်ဘဲ တလှုပ်လှုပ်နှင့်ထွက်သွားသော အဆိပ်ဝိဇ္ဇာ၏ကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့ကြတော့သည်။

စင်စစ် ရွာသူကြီးဖုလုံက အဆိပ်ဝိဇ္ဇာထံ၌ သုံးရက်အချိန်တောင်းခြင်းမှာ သူ့သားနှင့်သမီးလွတ်မြောက်ရေးအတွက်မဟုတ်ပါ။

လျှံယင်းချုံနှင့်ချန်းနီတို့ ထွက်ပြေးလွတ်မြောက်နိုင်ရေးအတွက် အချိန်ယူလိုက်ခြင်းသာဖြစ်သည်။

သုံးရက်ထပ်မံအချိန်ရလျှင် မြေအောက်ဥမင်လမ်းပြီးစီးသွားနိုင်သည်မဟုတ်ပါလား။ ယခုပင် မြေတူးရာ၌ အတော်ပင် ခရီးရောက်နေသည်ကို သူသိရှိပြီးလေပြီ။

လျှံယင်းချုံတို့မှာ သူတို့ဘာသာထွက်၍အဖမ်းခံရနိုးနိုး၊ အဆိပ်ဝိဇ္ဇာကို အသေခံတိုက်ရနိုးနိုးဖြင့် ဘာမျှမဆုံးဖြတ်တတ်နိုင်



အောင်ဖြစ်နေရပေသည်။

ထိုစဉ် ဖုလုံက-

"ကဲ- လာ၊ မြေအောက်ဥမင်လမ်းအခြေအနေကို သွားကြည့်ရမယ်"

ဥမင်လိုဏ်ခေါင်းတူးသည့်နေရာရောက်သောအခါ ဖုကျားရွာသားများ ညီညာဖြဖြတူးဖော်နေကြသည်ကို တွေ့ရလေသည်။

အခြေအနေအရပ်ရပ်ကိုသုံးသပ်လိုက်သောအခါ သုံးရက်အတွင်း ဥမင်လိုဏ်ခေါင်းပြီးစီးနိုင်ကြောင်းသိလာရသည်။

ဖုလုံက တည်ကြည်စွာပြောနေသည်။

"ကဲ- ကျုပ်ဘာကြောင့် သုံးရက်အချိန်ထပ်တောင်းရသလဲဆိုတာ အခုသိပြီလား၊ ကျုပ်ရဲ့သားနဲ့သမီးကိုချစ်ပါတယ်၊ သူတို့အမေမရှိတော့တဲ့နောက် ကျုပ်ဟာ သူတို့ရဲ့အမေလဲဟုတ်တယ်၊ အဖေလဲဟုတ်တယ်၊ ဒါပေမယ့် ကျုပ်ဟာ တိုင်းပြည်ကိုပိုချစ်တယ်၊ မြောက်ပိုင်းကမန်ချူးတွေအားလုံးကို တိုက်ထုတ်နိုင်ဖို့ဆိုရင် ကျုပ်ရဲ့သားနဲ့ သမီးကိုစွန့်လွှတ်ဖို့ ဝန်မလေးဘူး"

လျှံယင်းချုံသည် မျက်ရည်ကျမတတ်ခံစားလိုက်ရသည်။

ဖုလုံ၏သားနှင့်သမီးမှာ မသေသေးပါ။ သေချင်လည်း သေမည်၊ သေချင်မှလည်းသေမည်။

သူ့မိဘနှစ်ပါးကတော့ တကယ်သေခဲ့ပြီးပြီ၊ သူ့ညီမအရင်းခေါက်ခေါက်ကိုလည်း သူကိုယ်တိုင် ဓားနှင့်ထိုးသတ်ခဲ့ရပြီးပြီ။

ဖုလုံ၏စိတ်ဓာတ်နှင့် သူ့စိတ်ဓာတ်သည် တစ်ထပ်တည်းတူညီခဲ့သည်။

လျှံယင်းချုံသည် ကျလုလုမျက်ရည်ကို ကြိုးစားထိန်းသိမ်းလိုက်ရလေသည်။

"ရွာသူကြီး ကျွန်တော့်ဘဝဖြစ်စဉ်ကို နောင်ကြုံကြိုက်တဲ့အခါ ပြောပြပါဦးမယ်၊ ကျွန်တော်လဲ တိုင်းပြည်အရေးကို ဦးထိပ်ထားတဲ့ လူတစ်ယောက်ပါ"

ရွာသူကြီးဖုလုံက ခြောက်ကပ်စွာရယ်သည်။

"လျှံယင်းချုံ မင်းဟာ တကယ့်သူရဲကောင်းပီသပါတယ်၊ မင်း မိဘတွေဆုံးရှုံးခဲ့ရတာတွေ၊ မင်းညီမကို မင်းသတ်ခဲ့ရတာတွေကို ပြောပြခြင်းအားဖြင့် ငါ့ကိုအဲဒီလိုလုပ်ပါ၊ တိုင်းပြည်အရေးဦးစားပေးပါလို့ ဘောင်ခတ်သလိုဖြစ်သွားမှာစိုးလို့ မပြောတာမဟုတ်လား-

မင်းရဲ့အဖြစ်အပျက်တွေကိုချန်းနီပြောပြထားလို့ ငါသိခဲ့ပြီးပါပြီ၊ လူကလေး- မင်းဟာ ငါ့သားအရွယ်ပဲရှိပါသေးတယ်၊ ဖုလွေနဲ့ဖုဝါးဆုံးရှုံးရလို့ ငါမှာ သားသမီးတွေဆုံးရှုံးသွားပြီလို့ မဆိုနိုင်ပါဘူး၊ မင်းဟာ ငါ့သားပါပဲ၊ သူတို့အစား မင်းကိုရတယ်လို့ပဲ ငါမှတ်ပါတယ်၊ တကယ်တမ်းပြောရရင် ဖုလွေနဲ့ဖုဝါးတို့ဟာ မင်းတို့လွတ်မြောက်ဖို့ သူတို့အသက်စတေးရမယ်လို့ တိတိလင်းလင်းပြောရင် သူတို့ အသက်ကိုစတေးဝံ့တဲ့ ကလေးတွေပါ၊ သူတို့ဟာလဲ ငါ့လိုပဲသွေးနီတဲ့ ကလေးတွေဖြစ်ပါတယ်"

လျှံယင်းချုံနှင့်ချန်းနီတို့သည် ရွာသူကြီးဖုလုံ၏ ခြေထောက်ကို နဖူးဖြင့်တိုက်ကာ ရှိခိုးဦးခိုက်မိကြလေသည်။

သူတို့၏မျက်ရည်များမှာ ဖုလုံ၏ခြေခုံပေါ်သို့ ရွဲရွဲစိုကျကုန်ကြေသည်။



ဖုလုံလည်း မျက်ရည်ကျရလေပြီ။

"ကဲ- ကဲ သားတို့သမီးတို့ထကြပါ၊ တကယ်ပြောရရင် ဒီအရေးအခင်းမှာ ငါကိုယ်တိုင်တောင် အသက်ရှင်ကျန်ရစ်ချင်မှ ကျန်ရစ်မှာပါ၊ ဒါက အရေးမဟုတ်ပါဘူး၊ တိုင်းပြည်အတွက်ဆိုရင် ငါ့တစ်သက်မဟုတ်ဘူး၊ ဆယ်သက်သေပါစေ၊ မမှုပါဘူး-

အေး- မင်းတို့ကတော့ ချက်ချင်းသေလို့မဖြစ်သေးဘူး၊ မင်းတို့ပခုံးပေါ်မှာ ကြီးလေးတဲ့တာဝန်ကြီးတွေရှိနေသေးတယ်၊ ဒီသုံးရက်အတွင်းမှာ ကောင်းကောင်းအနားယူကြ၊ ရိက္ခာခြောက်တွေ ထည့်ယူဖို့ပြင်ဆင်ကြ"

"အို- ဘဘရယ်"

ချန်းနီက မျက်ရည်လည်ရွဲဖြင့် ကြေကွဲစွာရေရွတ်လိုက်မိလေသည်။

လျှံယင်းချုံကား ရွာသူကြီးဖုလုံအား ရှိသေလေးစားချစ်ခင်မြတ်နိုးသောအကြည့်ဖြင့် မော်ကြည့်မိသည်။ ရွာသူကြီးဖုလုံကလည်း မေတ္တာရည်လွှမ်းသောအကြည့်ဖြင့် လျှံယင်းချုံအား ကြည့်လိုက်မိရာ သူတို့နှစ်ဦး၏ တစ်ဦးအပေါ်တစ်ဦးထားကြသော မေတ္တာဓာတ်ကြောင့် နှစ်ဦးစလုံးတသိမ့်သိမ့်ဖြစ်သွားကြရတော့သည်။

❁❁❁

အာဇာနည်ကြီး၏နိဂုံး

တတိယမြောက်နေ့. . .

ထိုနေ့ကား ရွာသူကြီးဖုလုံ စဉ်းစားချိန် သုံးရက်တောင်းသည့် နောက်ဆုံးနေ့ပင်ဖြစ်သည်။

ထိုနေ့ညနေ အဆိပ်ဝိဇ္ဇာ၊ မေယုစွမ်၊ ဆံဖြူလူငယ်နှင့်မန်ချူး စစ်ဗိုလ်ဆင်ဝေအပါအဝင် မန်ချူးငါးယောက်တို့သည် ရွာထိပ်သို့ ရောက်ရှိလာကြသည်။

ရွာသူကြီးဖုလုံကလည်း ရွာသားကင်းသမားများကို အားဖြည့်ထား၏။ ထိုရွာသားအားလုံး သိုင်းပညာတတ်သူချည်းဖြစ်၍ တော်ရုံတန်ရုံ မန်ချူးစစ်သားကိုမမှုကြချေ။

အဆိပ်ဝိဇ္ဇာက-

"ဘယ်မလဲ- မင်းတို့ရွာသူကြီး၊ သွားခေါ်ခဲ့စမ်း"

ကင်းသမားခေါင်းဆောင်က-

"ကျုပ်တို့ရွာသူကြီး အလုပ်များနေပါတယ်"



စင်စစ် ဖုလုံသည် ကင်းသမားခေါင်းဆောင်အား အာဏာကုန်လွှဲအပ်ပြီးဖြစ်ပေသည်။ ရွာထိပ်၌ ဖုကျားရွာသားငါးဆယ်တိတိ ရှိရာ သုံးဆယ်သည် အကာအကွယ်များကြား၌ ပုန်းအောင်းစောင့်ကြည့်နေကြလေသည်။

သူတို့သည် အသေခံတားဆီးကြတော့မည်။

"ငါတို့ဆီမှာ သူ့သားနဲ့သမီးပါလာတယ်၊ သူ ငါတို့ကို လက်ခံမတွေ့ရင် ငါတို့သတ်ပစ်လိုက်မယ်"

"ဒါကတော့ ဆရာကြီးတို့သဘောပဲ၊ ကျုပ်တို့ကတော့ ဆရာကြီးတို့ ရွာထဲမဝင်ရင် ဘာမှမလုပ်ပါဘူး"

"ဩော်. . မင်းတို့ကဒီလိုလား"

အဆိပ်ဝိဇ္ဇာ စကားဆုံးသည်နှင့် ရွာထိပ်၌ တိုက်ပွဲကြီးစတင်တော့သည်။

ပုန်းအောင်းနေသည့်ရွာသားသုံးဆယ်သည်လည်း ခုန်ထွက်လာကြပြီးကူညီတိုက်ခိုက်လေသည်။

သို့ရာတွင် အဆိပ်ဝိဇ္ဇာ၊ မေယုစွမ်၊ ဆံဖြူလူငယ်နှင့် မန်ချူးစစ်ဗိုလ်တို့ကိုမူ လုံးဝမတားနိုင်ကြချေ။

မေယုစွမ်နှင့်ဆံဖြူလူငယ်တို့က ရွာသူကြီးဖုလုံ၏သားနှင့် သမီးကို အကြောပိတ်ခေါ်ဆောင်လာကြသည်။

သူတို့သာ ရွာထိပ်ရှိကင်းသမားများကို အမိကထားလျှင် အချိန်တိုတိုအတွင်း ထိုရွာသားအားလုံး သေဆုံးသွားနိုင်သည်။

သို့သော် သူတို့၏အဓိကပစ်မှတ်မှာ ရွာသားများမဟုတ်သဖြင့် ရွာသားများကို အကြိတ်အနယ်သတ်ဖြတ်ခြင်းမပြုတော့ဘဲ ရွာ

တွင်းသို့သာ တရကြမ်းထိုးဖောက်ဝင်ရောက်ကြသည်။

ကင်းသမားရွာသားအချို့သည် မြေအောက်လိုဏ်ခေါင်း တူးနေသည့်နေရာသို့ပြေးထွက်သွားကြသည်။ ရွာထိပ်ရှိ အခြေအနေကို အစီရင်ခံရန်ပြေးကြခြင်းဖြစ်သော်လည်း သူတို့ပြေးကြခြင်းမှာ အကျိုးထက် အပြစ်ဖြစ်သွားသည်။

အဆိပ်ဝိဇ္ဇာတို့အုပ်စုသည် ထိုလူများနောက်သို့ ထက်ကြပ်မကွာ လိုက်လာကြသောကြောင့်တည်း။

ဥမင်လိုဏ်ခေါင်းထိပ်၌ကား လူပေါင်းတစ်ရာခန့်စုစည်းနေကြသည်။ ထိုလူအုပ်ထဲ၌ ရွာသူကြီးဖုလုံ၊ လျှံယင်းချုံနှင့်ချန်းနီတို့ရှိကြသည်။

ကင်းသမားက အမောတကောအစီရင်ခံနေစဉ်မှာပင် အဆိပ်ဝိဇ္ဇာတို့အုပ်စု ရောက်ရှိလာလေတော့သည်။

ရွာသူကြီးဖုလုံက လျှံယင်းချုံနှင့်ချန်းနီတို့အား လိုဏ်ခေါင်းအတွင်းသို့ တွန်းထုတ်လိုက်သည်။

"အရေးပေါ်လာပြီ၊ သွား. . သွားကြတော့"

လျှံယင်းချုံမှာ နောက်ဆံတငင်ငင်ဖြစ်နေသည်။

"ကျွန်တော်. . ကျွန်တော်တို့"

"သွားစမ်းပါ၊ နောက်ဆုံးတစ်ထစ်ကလေးကျမှ နှောင့်နှေးအောင် လုပ်မနေပါနဲ့တော့"

ဖုလုံက အားကုန်တွန်းထုတ်လိုက်ရာ လျှံယင်းချုံနှင့် ချန်းနီတို့လိုဏ်ခေါင်းပေါက်ထဲသို့ လွင့်စဉ်ဝင်သွားလေတော့သည်။

အဆိပ်ဝိဇ္ဇာတို့သည် လိုဏ်ခေါင်းဖောက်ပြေးသည့်အစီအစဉ်ကိုမရိပ်မိကြချေ။

"ဟေ့ ဖုလုံ၊ လျှံယင်းချုံကို ငါ့လက်ထဲမအပ်သေးဘူးလား၊ မင်းမအပ်ရင် မင်းရဲ့သားသမီးတွေ သေကုန်မယ်နော်"

အဆိပ်ဝိဇ္ဇာကလှမ်းအော်သည်။

ဖုလုံကရယ်သည်။

"လျှံယင်းချုံတို့က ဘာကောင်တွေမို့လို့လဲ၊ သူတို့က ဘယ်လောက် အဖိုးတန်နေလို့ ဒီလောက်တောင် ထပ်တလဲလဲတောင်းနေရတာလဲ"

"တိတ်စမ်း- အပ်မလား မအပ်လူးလား ဒါပဲပြော"

"မအပ်ဘူးဗျာ"

"ဩော်. . မင်းတို့ကဒီလိုလား၊ တစ် နှစ် သုံး ရေမယ်၊ သုံးရေလို့မှမအပ်ရင် မင့်သားကို အရင်သတ်မယ်"

ဖုလုံက နှုတ်ပိတ်လိုက်သည်။

"တစ်. ."

ဖုလုံမလှုပ်ချေ။

"နှစ်. ."

ဖုလုံ မလှုပ်ချေ။

"သုံး. . ."

ဖုလုံမလှုပ်ချေ။

"အား. . ."

ဆံဖြူလူငယ်သည် ဖုလွေ၏အကြောကို ချက်ချင်းဖြတ်ပေးပြီး ခါးနှင့်ရင်ကိုခွဲချလိုက်လေသည်။

ဖုလွှေကား သွေးအိုင်ထဲ၌ လဲကျသွားလေသည်။ လုံးဝမလှုပ်ရှားတော့ချေ။

အဆိပ်ဝိဇ္ဇာက. .

"ကဲ. . ငါတို့ကအပြောနဲ့မဟုတ်ဘူး၊ လက်တွေ့ပြတတ်တယ်ဆိုတာယုံပြီလား၊ မင်းရဲ့သမီး ထပ်မသေချင်ရင် လျှို့ယင်းချုံတို့ကို ငါ့လက်ထဲအပ်ပေတော့"

ဖုလုံ မလှုပ်ချေ။

အဆိပ်ဝိဇ္ဇာက ဒေါသတကြီးအော်သည်။

"ဖုလုံ မင်းအ အကြီးလိုပဲရပ်နေတော့မှာလား၊ မင်းမှာ ပါးစပ်မပါဘူးလား၊ ပြောစမ်း"

ဖုလုံမျက်ရည်ဝဲနေပါသည်။ ကိုယ့်မျက်စိရှေ့၌ သားသမီးနှစ်ယောက်ရက်ရက်စက်စက်အသတ်ခံနေရသည့်မြင်ကွင်းကို အဘယ်သူက ပြုံး၍ကြည့်နိုင်ပါမည်နည်း။

"တစ်. ."

ဖုလုံငြိမ်နေသည်။ သူ့မျက်စိများကား သမီးဖြစ်သူထံ၌ရှိမနေချေ။ သူတို့အားလုံး၏ခေါင်းပေါ်သို့ ကျော်၍ကြည့်နေသည်။

"နှစ်. ."

ဖုလုံမလှုပ်ချေ။

"သုံး. . ."

"အင့်. ."

ဖုလုံသည် ထိုအသံကိုသာကြားလိုက်သည်။

"သားနဲ့သမီးတို့ ဖေဖေ့ကိုသာခွင့်လွှတ်ကြပါတော့"



ဖုလုံက စိတ်ထဲမှတီးတိုးရေရွတ်လိုက်သည်။ ထိုအချိန်မှာ၌ အဆိပ်ဝိဇ္ဇာနှင့်အဖွဲ့သည် တရကြမ်းစတင်တိုက်ခိုက်တော့သည်။

"မန်ချူးတွေကိုသတ်၊ မန်ချူးနောက်လိုက်ခွေးတွေကိုသတ်"

ဖုလုံက ကျယ်လောင်စွာအော်ဟစ်ပြီး လူအုပ်ရှေ့သို့ တိုးထွက်တိုက်ခိုက်လေသည်။

သူသည် အဆိပ်ဝိဇ္ဇာနှင့်တွေ့ရန် ကျန်လူများကိုရှောင်ရှား၍ ရှေ့တက်သွားသည်။

"လူယုတ်မာ. . ခင်ဗျားနဲ့ကျုပ် တွေ့ကြသေးတာပေါ့"

အဆိပ်ဝိဇ္ဇာက ခုန်၍နောက်ဆုတ်သွားသည်။

"မင်းပညာက နုပါသေးတယ်၊ ငါနဲ့မတန်သေးဘူး၊ သူနဲ့သွားတိုက်ကြည့်ပါဦး"

ရှေ့သို့တက်လာသူကား မန်ချူးစစ်ဗိုလ်ဆင်ဝေဖြစ်နေသည်။

ဖုလုံက ဒေါသဖြင့်အော်သည်။

"လာခဲ့- ဘယ်သူဖြစ်ဖြစ် သတ်မယ်"

သူသည် ကျားရဲကြီးတစ်ကောင် ထောင်ချောက်မှ လွတ်လာသကဲ့သို့ဖြစ်နေသည်။

သူ့ဓားသည် ဝင်လုဆဲဆဲနေရောင်ခြည်အောက်၌ တဝင်းဝင်းလက်လက်ဖြစ်နေသည်။ မန်ချူးစစ်ဗိုလ်ဆင်ဝေ ရေရှည်မယှဉ်ပြိုင်နိုင်ပါချေ။

"အား. ."

ဆင်ဝေမှာ ဖုလုံ၏ဓားချက်ဖြင့် ဝုန်းခနဲလဲကျသွားလေသည်။

"မင်းက သိပ်အစွမ်းကောင်းနေသကိုး"

"ရှီး . . ရှီး . . ရှီး . ."

ဆင်ဝေအား အပြီးသတ် သတ်ဖြတ်ရန် ဓားနှင့်ရွယ်နေသည့် ဖုလုံသည် အဆိပ်ဝိဇ္ဇာပစ်လိုက်သည့်အဆိပ်အပ်သုံးချောင်းကို မည်သို့မျှ မခုခံနိုင်တော့ချေ။

လည်ပင်း၌လာစိုက်သော အဆိပ်အပ်သုံးချောင်းသည် အာဏာနည်သူရဲကောင်းကြီးဖုလုံ၏ ဝိညာဉ်ကို တဒင်္ဂအတွင်း နုတ်ယူသွားလေတော့သတည်း။

❁❁❁

## အထင်မှားခံရခြင်း

မင်းသမီးကလေးသည် လုံရှောက်ယို့နှင့်အတူ မိုးနဂါးတောင်ပေါ်သို့တက်လာလေသည်။

လုံရှောက်ယို့၌ မည်မည်ရရခရီးစဉ် မရှိပေ။

ဟန်မင်းသမီးတစ်ပါး၌ အရေးတကြီးအကူအညီလိုအပ်နေသည်ဟုသိရသောအခါ လိုက်ပါကူညီဆောင်ရွက်ပေးခြင်းသာဖြစ်ပေသည်။

တောတောင်အတွင်းဖြစ်သော်လည်း မကြာခဏအန္တရာယ်နှင့်ကြုံတွေ့ခဲ့ဖူးသဖြင့် မင်းသမီးကလေးသည် ပေါ့ပေါ့ဆဆခရီးနှင်ခြင်းမပြုပေ။

ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်လာခဲ့ပေသည်။

ထိုစဉ် သူတို့နှစ်ယောက်၏နောက်မှ လူရိပ်နှစ်ရိပ်တကောက်ကောက်လိုက်ပါနေကြသည်။ ထိုအချက်ကို မင်းသမီးကလေးရော လုံရှောက်ယို့ပါ သတိမပြုမိကြပေ။

သို့သော် မင်းသမီးကလေး၏စိတ်ထဲ၌ တစ်စုံတစ်ယောက်သည် သူတို့နောက် နောက်ယောင်ခံလိုက်နေသည်ဟု ထင်မြင်လာမိသည်။

မင်းသမီးလေးလှည့်ကြည့်မိသည်။

မည်သူ့ကိုမျှ မတွေ့ရချေ။

"မင်းသမီးလေး- ဘာဖြစ်လို့လှည့်ကြည့်တာလဲ"

"နောက်က လူများလိုက်လာသလားလို့"

လုံရှောက်ယို့လည်း လှည့်ကြည့်သည်။

မည်သူ့ကိုမျှ မတွေ့ချေ။

"စိတ်ထင်လို့ပါ"

သို့သော် မကြာမီ လူသံကြားလာရပြီး သစ်ခုတ်သမားလိုလို မုဆိုးလိုလိုနှင့်လူနှစ်ယောက်သည် သူတို့နောက်၌ပေါ်လာ၏။

မကြာမီ သူတို့ကိုပင် မီလာသည်။

သူတို့သည် မင်းသမီးလေးနှင့်လုံရှောက်ယို့တို့ကို အတန်ငယ်ဖြတ်တက်သွားပြီးမှ ပြန်လည်ရပ်စောင့်ပြန်သည်။

မင်းသမီးလေးနှင့် လုံရှောက်ယို့တို့မှာ သတိကြီးစွာထားနေမိကြလေသည်။

"ခွေ့ရှမ်းမင်းသမီးဆိုတာ ခင်ဗျားလား"

ရှေ့မှရပ်နေသူတစ်ယောက်က လှမ်းမေးလိုက်သည်။

မင်းသမီးလေးက ကပျာကယာဖြေလိုက်သည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မတို့က မြောက်ဘက်နယ်စပ်အထိခရီးဆက်ရမှာပါ၊ ကျွန်မယောက္ခမတွေက မြောက်ဘက်နယ်စပ်မှာရှိနေလို့ပါ၊ ဘာဖြစ်လို့လဲရှင်"

"ဩော်. . မင်းသမီးလေးမဟုတ်ရင်လဲပြီးတာပါပဲ၊ ကျုပ်တို့လာခဲ့တဲ့လမ်းမှာ လူတစ်ယောက်ကို မန်ချူးတွေကကြိုးနဲ့တုပ်ထားလို့ဗျ၊ သူက မင်းသမီးလေး. . မင်းသမီးလေးခွေ့ရှမ်းမင်းသမီးလေးလို့အော်နေတာကြားရလို့ ကျုပ်တို့လဲ ဝင်ကယ်ချင်ပါတယ်ဗျာ၊ ဒါပေမယ့် မန်ချူးစစ်သားတွေကများနေတော့ ကျုပ်တို့လဲဘာမှမလုပ်ရဲဘဲ ရှောင်ထွက်လာခဲ့ရတာ၊ ကဲ. . ကျုပ်တို့ကိုခွင့်ပြုပါဦး"

သစ်ခုတ်သမားလိုလို မုဆိုးလိုလို လူနှစ်ဦးသည် လျင်မြန်စွာထွက်ခွါသွားသည်။

သူတို့စကားကြောင့် မင်းသမီးလေး၏ခြေလှမ်းများ တုံ့နှေးသွားရသည်။

သတင်းပေးသူများ မြင်ကွင်းမှပျောက်ကွယ်သွားမှ မင်းသမီးလေးသည် လုံရှောက်ယို့အား နောက်သို့ပြန်လည်ဆွဲခေါ်လာခဲ့တော့သည်။

"အဲဒီအဖမ်းခံနေရတဲ့လူဟာ ကျွန်မကိုစောင့်ရှောက်ခဲ့တဲ့ လျှံယင်းချုံဖြစ်ချင်ဖြစ်မယ်၊ ကျွန်မတို့ပြန်ကယ်ကြရမယ်"

လုံရှောက်ယို့ကား ငြင်းဆန်မနေတော့ပေ။

မင်းသမီးလေး စိတ်ကျေနပ်ရင်ပြီးရောဆိုသည့်သဘောဖြင့် မညည်းမညူပြန်လိုက်လာခဲ့လေသည်။

တစ်မိုင်ခန့်ပြန်လျှောက်မိသောအခါ လူနှစ်ဦးသတင်းပေးခဲ့သည့်နေရာသို့ရောက်ရှိလာသည်။

လူတစ်ယောက်ကို သစ်ပင်တွင်ကပ်၍ကြိုးနှင့်ချည်ထား၏။

မင်းသမီးလေးသည် အနားကပ်၍ကြည့်လိုက်သည်။

လျှံယင်းချုံမဟုတ်ပေ။

ထိုတခဏအတွင်းမှာပင် ထိုလူက ရုန်းထွက်လိုက်ရာ ကြိုးများ အုံ့ဩဖွယ်ရာပြတ်တောက်ကုန်သည်။

"လာပြီဟေ့- မင်းသမီးပြန်လာပြီ၊ ဝိုင်းဖမ်းကြပေတော့"

သူ့အော်သံမဆုံးမီမှာပင် မန်ချူးစစ်သားများပေါ် လာပြီး လုံ့ ရှောက်ယို့တို့ကို တိုက်ခိုက်တော့သည်။

"ဩော်- ထောင်ချောက်ကိုး"

မင်းသမီးလေးသည် မိုးနဂါးတောင်တက်လမ်းအတိုင်း ပြေး တက်သွားသည်။

မန်ချူးအများစုသည် မင်းသမီးလေးကို ဖမ်းမိရန်သာ အရေး ထားကြရာ လုံ့ရှောက်ယို့အား မန်ချူးနှစ်ယောက်သာ တိုက်ခိုက်ကျန် ရစ်ခဲ့လေသည်။

မင်းသမီးလေးကား အားသွန်ထွက်ပြေးသည်။

သူ့အား မီလုမီခင်ဖြစ်လာသောအခါ အဆိပ်ဘုရင်ပေးထား သည့် အဆိပ်ငွေ့လုံးကလေးများကို ထုတ်၍ လျှပ်တစ်ပြက်ပစ်ခတ် လိုက်လေတော့သည်။

"အား. . ."

မန်ချူးများ အတုံးအရုံးလဲကုန်သည်။

မင်းသမီးလေးသည် နောက်ကြောင်းလှည့်မကြည့်တော့ဘဲ တစ်ရှိန်ထိုးပြေးတော့သည်။

မန်ချူးများကား သူမနောက်သို့ မလိုက်တော့ပေ။



လှည့်ဖြားသတင်းပေးသူများ၏ကျေးဇူးကြောင့် မင်းသမီး လေးခမျာ လုံ့ရှောက်ယို့နှင့်ကွဲကွာသွားရလေတော့သည်။

မင်းသမီးလေးမှာ အားငယ်ငယ်ဖြင့်ပင် ခရီးဆက်ခဲ့ရလေ တော့သည်။

လူတိုင်းလူတိုင်း အမြတ်မ်း ကံမဆိုးနိုင်။

တစ်ကြိမ်တစ်ခါ တော့ ကံကောင်းစမြဲဟူသည့် စကားပုံ အတိုင်း အမြဲတမ်းလိုလိုကံဆိုးခဲ့သည့်မင်းသမီးလေးသည် အံ့ဩဖွယ် ကောင်းလောက်အောင် ကံကောင်းခဲ့ရလေသည်။

ဘုရင့်သားတော်မင်းသားလေးသည် ဝေဝေနှင့်ကွေ့ချန်ချူ တို့ကို အချိန်ဆွဲအကဲခတ်နေသကဲ့သို့ သူ၏သက်တော်စောင့်နှစ် ယောက်ဖြစ်သော ယန်ချင်းနှင့်ယန်မင်းတို့အားလည်း တောင်တက် တောင်ဆင်းလမ်းများ၌ လူစိမ်းသူစိမ်းများထပ်မံရောက်ရှိလာမလာ ကို အကဲခတ်စောင့်ကြည့်ရန်စေလွှတ်ထားခဲ့သည်။

မင်းသမီးလေးသည် ထိုသက်တော်စောင့်များနှင့် ပက်ပင်း တိုးမိခြင်းဖြစ်သည်။

သက်တော်စောင့်များကို မန်ချူးများဟုထင်သဖြင့် မင်းသမီး လေးကပြေးသည်။ သက်တော်စောင့်များက စုံစမ်းရန်အတင်းပြေး လိုက်သည်။

ထိုအခါ ကံဆိုးသော ယန်ချင်းခမျာ မင်းသမီးလေး၏အဆိပ် ငွေ့လုံးထိ၍ သေဆုံးသွားရရှာလေသည်။

ယန်မင်းကား ကပ်၍ မလိုက်ရဲတော့ပေ။

အဝေးမှသာ နောက်ယောင်ခံလိုက်ရတော့သည်။

မင်းသမီးလေးကလည်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဘုရင့်သားတော်လေး၏စခန်းသို့ရောက်ရှိသွားသည်။

ထိုအချိန်၌ မင်းသားလေးသည် ဂူဝ၌စောင့်ကြည့်နေခိုက်ဖြစ်သည်။

မင်းသမီးလေးသည် တထိတ်ထိတ်တလန့်လန့်ပြေးနေရာမှ လူရိပ်လူရောင်တွေ့လိုက်ရသောအခါ အားတက်သွားပြီး ဘုရင့်သားတော်လေးရှေ့သို့ အမောတကောရောက်ရှိလာလေသည်။

ဘုရင့်သားတော်မင်းသားလေးက ထွက်၍စောင့်ကြည့်နေခြင်းမှာ အမတ်ကြီးစုဘူးဝှက်၏အမည်ဖြင့် အခြားအဖွဲ့တစ်ဖွဲ့များ ရောက်ရှိလာလေမလားဟူသောမျှော်လင့်ချက်ကြောင့်ဖြစ်ပေသည်၊

ဝေဝေနှင့်ကွေ့ကျန်ချူးတို့အား အကြွင်းမဲ့ယုံကြည်ခြင်းမရှိသေးကြောင်း ထိုအချက်ကပြသနေပေသည်။

"ရပ်- မင်းဘယ်သူလဲ"

မင်းသမီးလေးသည် ဘုရင့်သားတော်ကလေး၏ ဥပဓိရုပ်ကိုမြင်သည်နှင့် ဘုရင့်သားတော်မှန်းသိလိုက်လေသည်။

"အစ်ကိုတော်- အစ်ကိုတော်ဟာ နတ်ရွာစံဧကရာဇ်ရဲ့သားတော်မဟုတ်လား၊ နှမတော်က ရွှေ့ရမ်းမင်းသမီးပါ၊ နှမတော်ကို ဧကရာဇ်ကြီးရဲ့ညီမတော် ရွှေ့ရှောင်မင်းသမီးကြီးကဖွားတာပါ"

မင်းသားလေးမှာ အကြီးအကျယ်မျက်လုံးပြူးသွားလေတော့သည်။ သူသည် သူ၏အဒေါ်ဖြစ်သူ ရွှေ့ရှောင်မင်းသမီးကြီးကို မြင်ဖူးသူလည်း မဟုတ်ပါ။

အကယ်၍ ယခုအချိန်၌ဗိုလ်မှူးကြီးကြူးသာသက်ရှိထင်ရှား ရှိနေလျှင် ဘုရင့်သားတော်လေးသည် သူ၏ဝမ်းကွဲနှမတော်လေးအား ကောင်းစွာကြိုဆိုပြီး ဝေဝေနှင့်ကွေ့ကျန်ချူးတို့အား ကောင်းစွာရှင်းလင်းပစ်နိုင်ပေလိမ့်မည်။

ယခုသော် မင်းသားလေးမှာ စိတ်များနောက်ကျိရှုပ်ထွေးသွားရာတော့သည်။

"ကျုပ်ဆီမှာလဲ မင်းသမီးတစ်ပါးရောက်နေတယ်၊ အဲဒါဘယ်လိုဖြစ်တာလဲ"

"မင်းသမီးတစ်ပါး"

ရွှေ့ရမ်းမင်းသမီးကလေးက အထိတ်တလန့်ရေရွတ်လိုက်လေသည်။

"သူက ဘယ်လိုပုံသဏ္ဌာန်မျိုးရှိသလဲ"

မင်းသားလေးက ဖြူသွယ်ပိန်ပါးသောပုံသဏ္ဌာန်ကို ပြောပြလိုက်လေသည်။

"ရုပ်ရည်ကတော့ အလွန်ပဲချောပါတယ်"

"ဒါ ဝေဝေ့ပုံသဏ္ဌာန်ပဲ၊ ဝေဝေက ဘယ့်နှယ် မင်းသမီးဖြစ်နိုင်မလဲ"

"သူနဲ့အတူ ဗိုလ်မှူးတစ်ဦးလဲပါလာတယ်၊ အမတ်ကြီးစုဘူးဝှက်ရဲ့ လျှို့ဝှက်တပ်ဖွဲ့ကဗိုလ်မှူးလို့ပြောတယ်"

"လူလိမ်တွေ၊ အဲဒါလူလိမ်တွေ"

မင်းသမီးလေးသည် ဂူထဲသို့ဝင်ပြီး ဒေါသတကြီးအော်လေတော့သည်။

"အမတ်ကြီးစုဘူးဝှက်က စေလွှတ်လိုက်တဲ့မင်းသမီးဟာ နှမ

တော်ပါ၊ ဗိုလ်မှူးကြီးကြူးဆီကစေလွှတ်လိုက်တဲ့ အထောက်တော် မောက်ချမ်းဆီကစာကို ချန်းနီဆိုတဲ့မိန်းကလေးက ယူဆောင်လာလို့ နှမတော်တို့ ဒီကိုထွက်လာခဲ့ကြတာပါ၊ နှမတော်တို့လာခဲ့ကြတာ တစ်လလောက်ရှိပါပြီ၊ စုကျူးမြို့စားနဲ့ မန်ချူးတွေနှောင့်ယှက်လို့ နှမတော်တို့ အမျိုးမျိုးဒုက္ခရောက်ပြီး နှမတော်တစ်ယောက်တည်း အစ်ကိုတော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့တာပါအစ်ကိုတော်"

မင်းသမီးကလေး၏စကားမဆုံးသေးမီပင် ဂူဝ၌ ယန်မင်း၏မျက်နှာပေါ်လာလေသည်။

"အရှင့်သား ဒီမိန်းကလေးရဲ့စကားကို မယုံပါနဲ့၊ သူ့အဆိပ်လက်နက်ကြောင့် ယန်ချင်းတစ်ယောက် သေဆုံးသွားခဲ့ပါပြီ၊ ဒီမိန်းကလေးဟာ ဘယ်နည်းနဲ့မှ မင်းသမီးအစစ်မဖြစ်နိုင်ပါဘူး"

"ဟင်. . ."

ကြက်သေသေသွားသော မင်းသားလေးသည် ချက်ချင်းလိုလိုသတိဝင်လာပြီး ဂူအပြင်သို့ခုန်ထွက်လိုက်သည်။

ဂူနံရံမှ ခလုတ်တစ်ခုနှိပ်ချလိုက်ရာ မင်းသမီးခမျာ ဂူထဲ၌ ပိတ်မိသွားလေတော့သည်။

မင်သမီးလေးမှာ ဂူတံခါးကို အားရှိသမျှရိုက်ထုသည်။

"အစ်ကိုတော်- နှမတော်ပြောပါရစေဦး၊ အစ်ကိုတော်ဆီရောက်နေတယ်ဆိုတဲ့မင်းသမီးကအတုပါ၊ ဗိုလ်မှူးဆိုတာလဲအတုပါ၊ သူတို့နဲ့လိုက်မသွားပါနဲ့၊ သူတို့နဲ့လိုက်မသွားပါနဲ့"

တံခါးက သေချာစွာပြုလုပ်ထားသည့် တံခါးဖြစ်သော်လည်း အထဲမှအော်သံကို ကြားနိုင်ပေသည်။



သို့သော် မင်းသားကလေးသည်ဇွေ့ရမ်းမင်းသမီးလေးအား အယုံအကြည်မရှိတော့သဖြင့် မင်းသမီးလေးပြောသည့်စကားများကို ဆက်၍နားမထောင်တော့ပေ။

သက်တော်စောင့်ယန်မင်းနှင့်အတူ အခြားတစ်ဘက်ရှိဂူသို့ ပြေးထွက်သွားသည်။

ဝေဝေ ကွေ့ကျန်ချူးတို့နှင့်အတူ အမြန်ဆုံးခရီးထွက်ရန် မင်းသားလေး၏စိတ်ထဲ၌ တဒင်္ဂအတွင်းပိုင်းဖြတ်ပြီးသွားခဲ့လေပြီ။

❀❀❀

## ပြန်လည်ဆုံတွေ့ကြခြင်း

"အထဲက အော်နေတာဘယ်သူလဲ"

တိုက်ဆိုင်မှုများသည် တစ်ပြိုင်နက်ရောက်ရှိလာလေသည်။

နံနက်လင်းလျှင်လင်းချင်း ဓွေ့ရမ်းမင်းသမီး အပိတ်ခံထားရသောဂူရှေ့သို့ စီးတိန့်ကုရောက်ရှိလာလေသည်။

စင်စစ် မင်းသမီးလေးသာ ဂူထဲ၌အပိတ်ခံမထားရခဲ့လျှင် အပိတ်ခံထားရသည့်တိုင် အော်ဟစ်မနေလျှင် စီးတိန့်ကုသည် ဤဂူကို အမှုမဲ့အမှတ်မဲ့ဖြတ်ကျော်သွားမည်မှာ သေချာသည်။

အပြင်မှ အော်ဟစ်မေးမြန်းသံကြောင့် အတွင်းမှ အမောတကောပြန်ဖြေသံကြားရသည်။

"ကျွန်မ- ကျွန်မရှိပါတယ်၊ အထဲမှာလူရှိပါတယ်"

"ခင်ဗျားက ဘယ့်နှယ် ဂူထဲရောက်နေရတာလဲ"

"ဂူထဲမှာအပိတ်ခံထားရတာပါ၊ ကျွန်မကိုကယ်ပါ"

"ကယ်တာတော့ ဟုတ်တယ်၊ ဂူတံခါးကို ဘယ်လိုဖွင့်ရမှန်းမသိတာက ကျုပ်အဖို့အခက်ပဲ"



"မခက်ပါဘူး၊ ဂူပြင်မှာလျှို့ဝှက်ခလုတ်ရှိမှာပါ"

"နေစမ်းပါဦး- ခင်ဗျားကဘယ်သူလဲ၊ ဘာဖြစ်လို့ ခုလိုအပိတ်ခံလိုက်ရတာလဲ"

မင်းသမီးလေးက အကြောင်းစုံရှင်းပြလိုက်သည်။

စီးတိန့်ကုသည် ကျိတ်၍ပြုံးလိုက်၏။

သူသည် ဂူ၏အပြင်နံရံတစ်လျှောက်ကို လိုက်လံစမ်းသပ်ရှာဖွေလိုက်သည်။

ကြေးပြားအစွယ် အဝိုင်းတစ်ခုကိုတွေ့ရသဖြင့် နှိပ်ချလိုက်သည်။

"ကျွီ. . ."

ဂူတံခါးသည် ချက်ချင်းပင်ပွင့်သွား၏။

မင်းသမီးလေးသည် လွန်စွာဝမ်းသာသွားသည်။

သူမသည် တစ်ညလုံးလုံး ဂူထဲ၌အပိတ်ခံထားရသည်မဟုတ်ပါလား။

သို့သော် ဂူဝမှမျက်နှာရှင်ကိုမြင်ရသည့်အခါတွင်မူ သူမ၏ပျော်ရွှင်ခြင်းကလေးများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်လေတော့သည်။

စီးတိန့်ကုကား ကောက်ကျစ်စွာပြုံးလိုက်သည်။

မင်းသမီးကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးအား စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။

သူ၏မျက်လုံး၌ ရမ္မက်ခိုးများလျှံတက်လာသည်။

သူသည် တစ်လှမ်းချင်းလျှောက်၍ ဂူထဲဝင်သွားသည်။

မင်းသမီးကလေးမှာ တဖြည်းဖြည်းနောက်ဆုတ်သွားရရှာလေသည်။

မင်းသမီးလေးသည် အကြောက်လွန်သွားသဖြင့် အဆိပ်ဘုရင်ပေးထားသည့် အဆိပ်ဆေးလုံး ထုတ်သုံးရန်လည်း သတိမရတော့ချေ။

စီးတိန့်ကုကဲ့သို့သောလူမျိုးသည် အစိုးမရသော လူမျိုးဖြစ်သည်။

မည်သည့်မကောင်းမှုမဆို လုပ်ရန်ဝန်မလေးသူဖြစ်သည်။

သူသည် တဖြည်းဖြည်းရှေ့တိုးသွားသည်။

မင်းသမီးလေးက တဖြည်းဖြည်းနောက်ဆုတ်သွားသည်။

ဂူနံရံနှင့် ကျောကပ်မိသည့်အခါတွင်မူ သူမနောက်ဆုတ်ရန်နေရာမရှိတော့ပေ။

စီးတိန့်ကု၏ မျက်လုံးများသည် ရမ္မက်ခိုးများ ဝေနေသဖြင့် မင်းသမီးလေးမှာ မကြောက်စဖူး အထူး ကြောက်ရွံ့နေမိရှာလေတော့သည်။

သူမဘဝဆုံးပြီဟုတွေးလာမိသည်။ ဤလူယုတ်မာသည် သူမအား ဘဝဆုံးအောင်ဖျက်ဆီးတော့မည်မဟုတ်ပါလား။

ထိုစဉ်. . .

"လူယုတ်မာ လွှတ်လိုက်စမ်း"

မိုးခြိမ်းလိုက်သည့်ပမာ ကျယ်လောင်လှသည့်အသံသည် ဂူထဲ၌ ပဲ့တင်ထပ်တုန်ဟည်းသွားလေသည်။



ပါးစပ်နားရောက်လုဆဲဆဲထမင်းလုတ် ပုတ်ချခံလိုက်ရသူကဲ့သို့ စီးတိန့်ကုသည် ဒေါသတကြီးလှည့်လိုက်သည်။

"ဟင်. . ."

သူ့ဒေါသများ အထက်မရောက် အောက်မရောက်ဖြစ်သွားရသည်။

အဘယ့်ကြောင့်ဆိုသော် သူတွေ့လိုက်ရသူမှာ လျှံယင်းချုံဖြစ်နေသောကြောင့်တည်း။

လျှံယင်းချုံ၏နောက်၌ မိန်းကလေးတစ်ယောက်ပါလာ၏။

သူမကား ချန်းနီတည်း။

စီးတိန့်ကုသည် လျှံယင်းချုံတို့ကို လုံးဝမျှော်လင့်မထားချေ။

ထို့ပြင် တွေ့လည်းမတွေ့လိုချေ။

မတွေ့လိုသည့်အကြောင်းမှာ ရှင်းလှသည်။

ထုံထင်းရိပ်၏တစ်ဂူလုံးကို အပိုင်အနိုင်ကိုင်ပြီးနေချိန်၌ လျှံယင်းချုံရောက်လာပြီး သူ့အား နှောက်ယှက်ဖျက်ဆီးခဲ့သည်။

သူက အဆိပ်ဖြင့်တိုက်ခိုက်သည့်အခါ အဆိပ်ဒဏ်ရာဟူ၍ တစ်ခုတစ်လေမျှမရရှိဘဲ သူ့အား ချွေးပြေးဝက်ပြေး ပြေးစေခဲ့သည်မဟုတ်ပါလား။

လျှံယင်းချုံသည် ဂူထဲသို့ဝင်လိုက်သည်။ ချန်းနီလည်း လိုက်ဝင်လာသည်။

လျှံယင်းချုံ၏မျက်လုံးများသည် ဒေါသကြောင့် ရဲရဲတောက်လျက်ရှိသည်။ မင်းသမီးကလေး၏ဝမ်းသာမှုကား ပြောဖွယ်ရာမရှိတော့ပေ။

"အစ်ကိုလျှံယင်းချို. . ."

မင်းသမီးလေးက လှမ်းခေါ်လိုက်သည်။ လျှံယင်းချိုသည် မင်းသမီးလေးကို ဂရုမစိုက်နိုင်ချေ။

"လူယုတ်မာ သိုင်းလောကထဲမှာ အဆိပ်နဲ့ သိုင်းသမားတွေကိုဖျက်ဆီးရတာ အားမရလို့ မိန်းမပျိုလေးတွေကိုလဲ တဏှာရမ္မက်နဲ့ လိုက်ဖျက်ဆီးနေပြန်ပြီလား"

စကားဆုံးသည်နှင့် လျှံယင်းချိုက ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

"ရှမ်း. . ."

ချန်းနီကလည်း ငြိမ်မနေပါ။

သူမ၏ဓားကိုဆွဲထုတ်ပြီး စီးတိန့်ကုအား တရကြမ်း တိုက်ခိုက်လေတော့သည်။

လျှံယင်းချိုနှင့်ချန်းနီတို့သည် တစ်ယောက်၏တိုက်ကွက်ကို တစ်ယောက်က သဘောပေါက်စပြုလာပြီဖြစ်၍ နှစ်ဦးပူးပေါင်းတိုက်ခိုက်သည့်အခါ အတော်ကလေး တက်ညီလက်ညီဖြစ်လာလေသည်။

စီးတိန့်ကုမှာ အလိုလိုနေရင်း လျှံယင်းချိုအားကြောက်နေရာမှ ဟာကွက်လွတ်ကွက်မရှိ တက်ညီလက်ညီ ပူးပေါင်းအတိုက်ခံရသောအခါ တစ်ဆုတ်တည်းဆုတ်ပြီး ချွေးပြန်လာရတော့သည်။

သူသည် လျှံယင်းချိုအား အပြန်အလှန်တိုက်ခိုက်ရန်ထက် ပြေးလမ်းကိုသာ ရှာနေတော့သည်။

ဤသည်မှာ စီးတိန့်ကု စိတ်ကူးလွဲခြင်းဖြစ်သည်။



အကယ်၍ သူကသာ အဆိပ်အပ် သို့မဟုတ် အဆိပ်ငွေ့လုံးတို့ကိုအသုံးပြုပါက လျှံယင်းချိုနှင့်ချန်းတို့ မုချရှုံးနိမ့်ပေလိမ့်မည်။

ယခင်အခါကအဆိပ်များအစွမ်းပြယ်ခြင်းမှာ လျှံယင်းချို၏ ခန္ဓာကိုယ်၌ အဆိပ်များအခံရှိထားသောကြောင့်ဖြစ်သည်။

လျှံယင်းချိုက လက်နှင့်တိုက်ခိုက်ပြီး ချန်းနီကဓားနှင့်တိုက်ခိုက်သည်။

သူ့သိုင်းပညာခုခံအားအရ လျှံယင်းချို၏လက်ဝါးသည် သူ့အား သေဘေးမရောက်စေနိုင်သော်လည်း ချန်းနီ၏ဓားကမူ ဇက်ရွှေးမည်မဟုတ်ချေ။

ဒေါင်းမနန်းတော်၏သိုင်းပညာများတွင် ဓားသိုင်းသည် အလွန်ထက်မြက်သည်။

**ထို့ကြောင့်** စီးတိန့်ကုမှာ အကျဉ်းအကျပ်ထဲကျသည်ထက်ကျလာလေသည်။

**နောက်ဆုံး၌** ဂူအပြင်သို့ပြေးထွက်ရလေတော့သည်။

သူသည် **ဂူနံရံရှိခလုတ်**ကိုသိရှိထားသူဖြစ်၍ အပြင်လည်းရောက် ခလုတ်လည်းနှိပ်ချရာ လျှံယင်းချိုနှင့်ချန်းနီတို့မှာ ဂူအပြင်သို့မထွက်နိုင်ဘဲ ဇွေ့ရမ်မင်းသမီးလေးနှင့်အတူ ဂူထဲပိတ်မိသွားလေတော့သည်။

စီးတိန့်ကုသည် သည်တစ်ကြိမ် မိုးနဂါးတောင်ပေါ် တက်လာရာတွင် သူတစ်ဦးတည်းတက်လာခြင်းမဟုတ်ပေ။

သူ၏အစွမ်းထက်လှသော အဖြူနှင့်အမည်း အမည်ရှိသိုင်းသမားနှစ်ဦးကိုပါ ခေါ်ဆောင်လာခဲ့သည်။

စီးတိန္နီကုပြေးထွက်လာသောအခါ သင့်ရာနေရာများ၌ ပုန်းအောင်းနေသော အဖြူအမည်းသိုင်းသမားတို့လည်း ပြေးထွက်လာကြလေသည်။

"ဆရာ- ဘာဖြစ်လို့"

အမည်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် အမည်းသိုင်းသမားကမေးလိုက်သည်။

"ငါစွေ့ရမ်းမင်းသမီးကလေးကို ဖမ်းမိတော့မလို့ ဖြစ်နေမှ လျှံယင်းချုံတို့ရောက်လာတယ်၊ မင်းတို့ ဘာဖြစ်လို့မတားကြတာလဲ"

အဖြူအမည်းသိုင်းသမားက-

"ဆရာ- သူတို့ဘယ်ကဖြတ်တက်လာတယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး၊ ကျွန်တော်တို့စောင့်နေတဲ့လမ်းက ဖြတ်တက်လာရင်တော့ ကျွန်တော်တို့တားမိမှာပါ"

"ရှိစေတော့၊ ဒီကောင်ကို ဂူထဲမှာငါပိတ်ထားတယ်၊ သူတို့ဂူကိုဘယ်လိုဖွင့်နိုင်မလဲဆိုတာ မင်းတို့စောင့်ကြည့်၊ ဂူထဲက ထွက်လာနိုင်ရင် လျှံယင်းချုံဆိုတဲ့ကောင်ကိုအသေသတ်၊ ဟိုကောင်မတစ်ကောင်လဲ အသေသတ်၊ အဲဒီထဲက မင်းသမီးလေးကိုတော့ ဘာမှမလုပ်နဲ့၊ ငါ့ဆီဖမ်းခေါ်ခဲ့ကြ"

အဖြူနှင့်အမည်းသိုင်းသမားတို့က စီးတိန္နီကုအားအရိုအသေပေးလိုက်ကြသည်။ စီးတိန္နီကုလည်း တောင်ဆင်းလမ်းအတိုင်း ပြေးထွက်သွားသည်။

❀❀❀



မင်းသမီးကလေးမှာ ထိတ်လန့်တုန်လှုပ်မှုမပြေသေးပေ။

သူမ၏ ဘဝတစ်သက်တာ၌ ဘဝပျက်အောင် အစော်ကားခံရမည့်အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ မကြုံမတွေ့ခဲ့ရဖူးသောကြောင့်ဖြစ်သည်။

မန်ချူးများနှင့်တွေ့သည့်အခိုက်သော်မှ မန်ချူးတို့က ဖမ်းဆီးမည့်အရိပ်အရောင်သာပြကြသည်။

ယခုလို စော်ကားမော်ကားမည့်အရိပ်အရောင် မပြခဲ့ကြပေ။ စီးတိန္နီကုကား ဟန်တရုတ်ဖြစ်လျက် သူမအား အဓမ္မကျင့်ကြံရန်ကြိုးစားခဲ့ပေသည်။

လျှံယင်းချုံလှည့်လိုက်သည်နှင့် မင်းသမီးလေးသည် လျှံယင်းချုံ၏ရင်ခွင်ထဲ မျက်နှာအပ်ကာငိုလေတော့သည်။

"အစ်ကို- အစ်ကိုရယ်"

လျှံယင်းချုံက မင်းသမီးလေးအား အသာအယာပုတ်ပေးပြီးနှစ်သိမ့်နေသည်။

"ဘာမှ စိတ်မပူနဲ့တော့ညီမ၊ အစ်ကိုတို့ရောက်လာပါပြီ"

မင်းသမီးလေးမှာ စကားမပြောနိုင်ဘဲ ရှိုက်ကြီးတငင်ငိုနေမိတော့သည်။

အတန်ကြာမှ-

"အစ်ကိုတို့ အချိန်မီရောက်လာလို့ပဲ နို့မဟုတ်ရင် ညီမတော့ ရေတိမ်နစ်ပါပြီ"

"အင်း- ညီမရဲ့သတ္တိကိုတော့ အစ်ကိုချီးကျူးပါတယ်၊ မိုးနဂါးတောင်ကို တစ်ယောက်တည်းထွက်လာဝံ့တဲ့ သတ္တိဟာ နည်းနည်း

နေသနေသတ္တဝါမှုမဟုတ်ဘဲ"

မင်းသမီးလေးသည် လျှံယင်းချို၏ရင်ခွင်ထဲမှ အသာတိုး ထွက်လိုက်သည်။

သူမသည် လျှံယင်းချို၏မျိုးချစ်စိတ်၊ မြင့်မြတ်သောစိတ်၊ ကိုယ်ကျိုးမငဲ့သောစိတ်များကို အထပ်ထပ်အဖန်ဖန်တွေ့ခဲ့ပြီးဖြစ်၍ လွန်စွာချစ်ခင်မြတ်နိုးနေပြီဖြစ်သည်။

သို့သော် ဝေဝေတည်းဟူသောမိန်းကလေးကြောင့် သူမ၏ စိတ်ကို သတိဖြင့်ထိန်းချုပ်နေရခြင်းဖြစ်ပေသည်။

လျှံယင်းချို၏ရင်ခွင်ထဲ၌ မင်းသမီးကလေးငိုနေသည့် မြင်ကွင်းကိုမကြည့်ရက်သဖြင့် အခြားတစ်ဘက်သို့ မျက်နှာလှည့်နေသူမှာ ချန်းနီဖြစ်သည်။

သူမသည် တစ်ကောင်ကြွက်ဖြစ်နေ၍ **မင်းသမီးလေးထက်** စောစွာ လျှံယင်းချိုအား အားကိုးချစ်ခင်သူဖြစ်ခဲ့ပေသည်။

သူမကလည်း ဝေဝေတစ်ယောက်ကြောင့် သူမ၏ချစ်စိတ်ကို မျိုသိပ်ခဲ့ရသူဖြစ်ပေသည်။

မင်းသမီးကလေးက လျှံယင်းချိုအပေါ် မေတ္တာယိုဖိတ်နေသည့်အဖြစ်ကို ချန်းနီသိသောအခါ သူမသည် ပို၍အားငယ်သွားရတော့သည်။

မဟာဆီ မဟာသွေးမင်းသမီးတစ်ပါးကို တစ်ကောင်ကြွက်တောသူမအနေဖြင့် မည်သို့ယှဉ်ပြိုင်နိုင်ပါမည်နည်း။

"ညီမက ထွက်ချင်လို့ထွက်လာတာမဟုတ်ပါဘူး၊ ဒေါင်းမနန်းတော်ကိုရောက်တော့ အစ်ကိုနဲ့ဝေဝေတို့တွေ့နေကြပြီ၊ မိုးနဂါး



တောင်ခြေကို အစ်ကိုလိုက်လာမှာပဲဆိုပြီး မိုးနဂါးတောင်ခြေက ထမင်းဆိုင်မှာစောင့်နေခဲ့တယ်၊ အစ်ကိုလိုက်မလာတဲ့အဆုံး ဘာပဲ ဖြစ်ဖြစ်ဆိုပြီး တစ်ယောက်တည်း တောင်ပေါ်ကိုတက်ခဲ့ရတာပါ"

မင်းသမီးလေးက သူမအားမန်ချူးများလိုက်ဖမ်းပုံ၊ တစ်ကြိမ်တွင်အဖမ်းခံရပုံ၊ လုံရှောက်ယို့က ကယ်တင်ပုံ၊ လုံရှောက်ယို့နှင့် ကွဲသွားပုံ၊ မင်းသားလေးနှင့်တွေ့ပုံ၊ မင်းသမီးအတုတစ်ပါးနှင့် ဗိုလ်မှူးအတုတစ်ယောက်ရောက်နေပုံ၊ ဂူထဲ၌အပိတ်ခံရပုံတို့ကို တရစပ်ရှင်းပြလိုက်လေသည်။

**လျှံယင်းချို**မှာ ဖုကျားကျေးရွာမှအဖြစ်အပျက်များကိုပင် ပြန်**မပြောနိုင်တော့ချေ**။

"ဟင်- အဲဒီအတုက ဘုရင့်သားတော်လေးကို ညာပြီးခေါ်သွားပြီပေါ့"

"ခေါ်သွားပြီပေါ့- အဲဒီမင်းသမီးရဲ့ပုံပန်းသဏ္ဌာန်က ဝေဝေရဲ့ပုံသဏ္ဌာန်မျိုးပဲ"

"ဒါတော့မဖြစ်နိုင်ဘူး၊ ဝေဝေဟာ အင်မတန်ရိုးသားတဲ့မိန်းကလေးပါ၊ မျိုးချစ်စိတ်လဲရှိပါတယ်၊ သူ သီလရှင်ဝတ်တော့မယ့်အချိန်မှာ အစ်ကိုနဲ့တွေ့တော့ ညီမကိုရှာဖွေသင့်တယ်၊ ရှာဖွေရမယ်၊ ညီမကိုတွေ့မှ ညီမနဲ့သွားမှ ဘုရင့်သားတော်လေးက လိုက်မှာဖြစ်လို့ အဲဒီတာဝန်ကိုပြီးအောင်ဆောင်ရွက်ပါလို့ ဝေဝေကပဲတိုက်တွန်းခဲ့တာပါ"

မင်းသမီးကလေးက ဆက်မပြောတော့ပေ။ ဘုရင့်သားတော်လေးစကားအရသာ ဝေဝေဟုမှန်းဆခဲ့ရသည်သာဖြစ်သည်။

သူမ မျက်မြင်ကိုယ်တွေ့မဟုတ်ပေဘဲ။

"ကဲ- ဒါတွေထားလိုက်ပါတော့၊ ဒီဂူထဲက လွတ်ဖို့အရေးကြီးတယ်၊ ထွက်ပေါက်ရှာရမယ်"

လျှံယင်းချိုက ဂူနံရံများကိုကြည့်၍ပြောသည်။

"ဒီဂူကို ဂူပြင်ကပိတ်လို့ဖွင့်လို့ရတယ်၊ ဂူထဲကကော ပိတ်လို့ဖွင့်လို့ မရနိုင်ဘူးလား"

မင်းသမီးလေးက မေးလိုက်သည်။

လျှံယင်းချို ခေါင်းညိတ်လိုက်သည်။

"ရရမယ်၊ ကြည့်ရတာ ဟောဒီပတ်ဝန်းကျင်မှာ ဂူတွေအားလုံး ဒီလိုလျှို့ဝှက်တံခါးတွေရှိရမယ်၊ ဒါဟာ ဘုရင့်သားတော်လေးအတွက် ဗိုလ်မှူးကြီးကြူး စနစ်တကျလုပ်ထားတဲ့စခန်းပါ၊ ကဲ-သုံးယောက်စလုံး ဂူနံရံတွေကိုစမ်းသပ်ကြပါ၊ ခလုတ်ဟာ လက်ခုပ်တစ်ဖောင်အမြင့်ထက် ကျော်စရာမရှိဘူး၊ အားလုံးရှာကြ"

လျှံယင်းချို၊ ချန်းနီနှင့် မင်းသမီးလေးတို့သည် ဂူ၏ လျှို့ဝှက်တံခါးကိုဖွင့်နိုင်မည့်လျှို့ဝှက်ခလုတ်ကို စမ်းသပ်ရှာဖွေကြလေတော့သည်။

❀❀❀



လျှံယင်းချို၊ ချန်းနီနှင့် မင်းသမီးလေးတို့သုံးယောက်သည် ခြေကုန်လက်ပန်းကျသည်အထိ လျှို့ဝှက်ခလုတ်ကိုရှာဖွေကြသည်။

သို့သော် မတွေ့ကြပေ။

"အင်း- သူတို့က အဖွင့်အပိတ်ခလုတ်ကို ဂူထဲမှာမထားဘူးနဲ့တူတယ်"

ချန်းနီက စိတ်ပျက်စွာပြောသည်။

လျှံယင်းချိုက မင်းသမီးလေးအား လှမ်းမေးလိုက်လေသည်။

"ညီမ- တစ်နေ့လုံး တစ်ညလုံး ဂူထဲအပိတ်ခံထားရတုန်းက အသက်ရှူကျပ်တာတွေ ဘာတွေဖြစ်သေးသလား"

"ဟင့်အင်း- ဘာမှမဖြစ်ဘူး နောက်ပြီး အခုမြင်တဲ့အတိုင်း အလင်းရောင်လဲရနေတယ်၊ သိပ်ထူးဆန်းတာပဲ"

"ကဲ- ဒီပေနှစ်ဆယ်လောက်ရှိတဲ့ဂူထဲ ခွေးအတွေလို ထပ်တလဲလဲရှာနေတာ မိုင်တစ်ရာလောက် ခရီးထွက်သလိုဖြစ်နေပြီ၊ ကဲ...

အနားယူကြဦး"

မင်းသမီးကလေးနှင့် ချန်းနီတို့သည် လျှံယင်းချ၏အမိန့်အတိုင်း နွမ်းလျစွာထိုင်ချမိလိုက်ကြလေသည်။

လျှံယင်းချကိုယ်တိုင်လည်း ဂူနံရံဘေး ကျောမှီ၍ထိုင်ချလိုက်လေသည်။

"ထောက်"

လျှံယင်းချ၏ဦးခေါင်းသည် တစ်စုံတစ်ခုအား သွားဖိမိလေသည်။ စင်စစ် လျှို့ဝှက်ခလုတ်ကို နောက်စေ့ဖြင့်ဖိမိလိုက်ခြင်းဖြစ်လေသည်။

"ကျွီ. . ."

တံခါးသည် တဖြည်းဖြည်းပွင့်သွားလေသည်။

"ဟာ. . ."

အားလုံး အာမေဋိတ်သံများထွက်သွားလေသည်။

ထိုပွင့်သွားသည့်တံခါးမှာ ပြင်ပအဖွင့်အပိတ်တံခါးမဟုတ်ပါချေ။

အတွင်းဘက်ဂူများကိုဆက်သွယ်သည့် တံခါးသာဖြစ်သည်။

စောစောက မောမောပန်းပန်းနှင့်ထိုင်ချမိကြသော လျှံယင်းချတို့လူစုသည် ထခုန်မိကြလေ၏။

ခလုတ်ကိစ္စပင် စကားမပြောမိကြတော့ဘဲ အတွင်းခန်းဆီသို့တိုးဝင်မိကြလေသည်။

"ဗိုလ်မှူးကြီးကြူဟာ ဘုရင့်သားတော်လေးအတွက် လျှို့ဝှက်စခန်းကိုအသေအချာလုပ်ထားတာပဲ၊ ဒါကြောင့် မန်ချူးတွေနဲ့သစ္စာ



ဖောက်တွေဟာ ဘုရင့်သားတော်လေးကို လုံးဝရှာမတွေ့နိုင်တာဘဲ"

လျှံယင်းချက မှတ်ချက်ချသည်။

တစ်ဘက်ခန်းမှာ ပေလေးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသဖြင့် အတော်ကြီးမားသည့်အခန်းဟု ဆိုရပေမည်။

ထိုအခန်းထဲ၌ ဓားများလှံများ စင်နှင့်ချိတ်ဆွဲထားသည်။

"ဒါ- လက်နက်ခန်းပဲ"

မင်းသမီးကလေးက မှတ်ချက်ချသည်။

ချန်းနီကမူ-

"လက်နက်က**အရေးမကြီးဘူး**၊ ရိက္ခာက အရေးကြီးတယ်၊ ကျွန်မတို့ ဒီထဲမှာဘယ်လောက်ပိတ်မိနေမလဲမသိဘူး"

"ဟုတ်တယ်နော်"

မင်းသမီးလေးကလည်း ထောက်ခံသည်။

လျှံယင်းချကမူ-

"အစ်ကိုစိတ်ထင်တော့ ဂူပေါက်အပြင်ထွက်မယ့်ခလုတ်ကို မကြာခင်တွေ့မယ်လို့ယုံတယ်၊ အစ်ကိုတို့ မျက်စိမှောက်နေလို့ပဲ ဖြစ်မယ်၊ အခု ဒီဘက်ကလျှို့ဝှက်ခလုတ်ကို ကြည့်စမ်း၊ ဒူးဆစ်နားလောက်မှာလာလုပ်ထားတယ်၊ အစ်ကိုမှီပြီး အိပ်လိုက်မိပေလို့ပေါ့"

သုံးယောက်စလုံးသည် မျက်စိကို အနားမပေးဘဲ တစ်ခန်းလုံးလှည့်ပတ်စစ်ဆေးသည်။

မင်းသမီးလေးသည် လက်နက်စင်များကို စိတ်ဝင်စားစွာကြည့်နေသည်။

"အစ်ကို ဒီမှာလာကြည့်စမ်း"

မင်းသမီးလေး၏ အရေးတကြီးအော်သံကြောင့် လျှံယင်းချို အပြေးအလွှားလာကြည့်ရသည်။

သူမ လက်ညှိုးထိုး ညွှန်ပြလိုက်သည့်အရာကား ဓားမရှိဘဲ လက်နက်စင်၌ချိတ်ဆွဲထားသော ဓားအိမ်တစ်ချောင်းပင်တည်း။

"ဓားအိမ်တစ်ခုပဲ၊ ဘာဖြစ်လို့လဲ"

"သေသေချာချာကြည့်ပါဦး"

လျှံယင်းချို သေချာစွာကြည့်သည်။ ဓားအိမ်အပြားပေါ်၌ တိမ်ညွှန့်များကိုစားနေသော နဂါးတစ်ကောင်ပုံတွေ့ရှိရသည်။

အခြားတစ်ဘက်၌လည်း ထိုပုံပင်။

"ဒါ- ဒါ- မိုးနဂါးဓားရဲ့ဓားအိမ်ပဲ၊ ဒါ- ဒါဖြင့် မိုးနဂါးဓားက ဘယ်မှာလဲ"

လျှံယင်းချိုသည် ထစ်ထစ်ငေါ့ငေါ့ပြောမိလေသည်။

ချန်းနီက-

"အစ်ကို မိုးနဂါးဓားဟာ ဒီအခန်းထဲမှာမုချရှိရမယ်၊ ဒီဓား မရှိရင် ဓားအိမ်လဲမရှိနိုင်ဘူး"

လျှံယင်းချို-

"မင်းသားလေးများ ယူသွားသလားမသိဘူး"

"မဖြစ်နိုင်ဘူး၊ မင်းသားလေးယူသွားရင် ဓားအိမ်ပါယူသွားရမှာပေါ့"

"ဒါဖြင့် ရှာကြည့်ကြရအောင်"

သူတို့သည် တစ်ခန်းလုံးကိုပိုက်စိပ်တိုက်ရှာဖွေကြသည်။

မည်သည့်သဲလွန်စမျှ မတွေ့ကြပေ။



"ဟင်း. . ."

လျှံယင်းချို စိတ်ပျက်သွားသည်။

"ရေထဲမှာ ငါးခြေရာရှာရသလိုဖြစ်နေပြီ"

လျှံယင်းချိုတစ်ယောက်တည်း ရေရွတ်နေမိသေလည်။

မင်းသမီးလေးက-

"အစ်ကို စိတ်မလျှော့ပါနဲ့ဦး၊ အချိန်တန်တော့တွေ့မှာပေါ့"

လျှံယင်းချို ခေါင်းယမ်းလိုက်လေသည်။

"သူ့ကိုချည်း အချိန်ပေးလို့မရဘူး၊ အစ်ကိုတို့အနေနဲ့ ဘုရင့်သားတော်လေးနောက်ကို လိုက်ရဦးမယ်"

"ဘုရင့်သားတော်လေးသွားနိုင်တဲ့နေရာကို ညီမတို့မှ မသိဘဲ၊ ဘယ့်နှယ်လုပ်မလဲ"

ချန်းနီက ဝင်မေးလိုက်သည်။

လျှံယင်းချိုက-

"ဒါက လွယ်ပါတယ်၊ အခု အစ်ကိုတို့ အတားအဆီးတွေနဲ့ တွေ့ခဲ့ရတယ်၊ အဲဒီအတားအဆီးတွေရဲ့ ပင်မရေသောက်မြစ်ဟာ ဘယ်ကလဲ၊ ညီမတို့ မခန့်မှန်းနိုင်ကြဘူးလား"

မင်းသမီးလေးနှင့် ချန်းနီက သူတို့၏သဘောထားများကို ပြောမပြဘဲငြိမ်နေကြသည်။

"အစ်ကိုတို့ကို တားဆီးခဲ့တဲ့လူအားလုံးရဲ့ အဆက်အသွယ်ဟာ စုကျူးမြို့စားကြီးပဲ၊ အခု ဘုရင့်သားတော်လေးကို လိမ်ညာခေါ်သွားတဲ့လူတွေဟာ စုကျူးမြို့စားကြီးဆီပဲသွားကြလိမ့်မယ်၊ ဒီတော့ အစ်ကိုတို့ကလဲ ဒီဂူထဲကထွက်နိုင်တာနဲ့ စုကျူးမြို့ဆီပြေးကြ

မှာပဲ၊ လမ်းခုလတ်မှာမီချင်မီ၊ မမီရင် စုကျူးမြို့မှာတော့ တွေ့ရမှာသေချာတယ်၊ ဘုရင့်သားတော်လေးကို သူတို့ မသတ်သေးဘူးဆိုရင် အစ်ကိုတို့ ကြံဖန်ကယ်ကြရလိမ့်မယ်"

မင်းသမီးလေးသည် သူမ၏အစ်ကိုတော်အတွက် စိတ်ပူသွားလေသည်။

ဘုရင့်သားတော်လေးသာ အသတ်ခံရလျှင် သူတို့၏ရည်မှန်းချက်ကြီး ရေစုန်မျောရတော့မည်မဟုတ်ပါလား။

"ကဲ- မြန်ထွက်ကြ အပြင်တံခါးအတွက် လျှို့ဝှက်ခလုတ်ဟာ ဒီအခန်းထဲမှာမရှိနိုင်ဘူး၊ အပြင်ခန်းမှာပဲရှိလိမ့်မယ်"

ချန်းနီက မိုးနဂါးဓားအိမ်ဟုယူဆရသော ဓားအိမ်ကိုလှမ်းယူပြီး လျှံယင်းချျအား **ပေးလိုက်သည်။**

"အစ်ကို **ဓားကိုမယူတော့ဘူးလား"**

လျှံယင်းချျက ခေါင်းခါယမ်းလိုက်သည်။

"ထားလိုက်ညီမ၊ အဲဒါကြီးယူလာရင် အစ်ကိုတို့ အကြီးအကျယ်ပြဿ**နာတက်လိမ့်မယ်**၊ သိုင်းလောကဆိုတာ အတော်ခက်တယ်၊ **အစ်ကိုကအမှန်**အတိုင်းရှင်းပြရင်လဲ ယုံမှာမဟုတ်ဘူး၊ ဓားအိမ်ရှိရင်လဲ **ဓားရှိရမယ်**လို့သူတို့ပြောကြမယ်၊ အစ်ကိုတို့ကို တိုက်ကြခိုက်ကြလိမ့်မယ်၊ ဓားရှိနေလို့ကတော့ အကြောင်းမဟုတ်ဘူး၊ ဒီဓားနဲ့ခုခံလို့ရသေးတယ်၊ အခုဟာက. . ."

ချန်းနီသဘောပေါက်သွားသည်။

တစ်ပူပေါ် နှစ်ပူမဆင့်လိုသဖြင့် မိုးနဂါးဓားအိမ်ကို လက်နက်စင်ပေါ် ပြန်တင်လိုက်လေသည်။



"ဟုတ်တယ်နော်၊ ဒီဓားအိမ်**ကြောင့်** ရှင်းရမယ့်ပြဿနာတွေအများကြီး ဖြစ်လာနိုင်တယ်"

"ဟုတ်တယ်- **အခု** **ဒီဂူကိုသေသေချာချာမှတ်**မိနေရင် မဆိုးပါဘူး၊ နောက်တစ်ကြိမ်**လာရှာ**လို့ရတယ်"

သူတို့သည် အပြင်ခန်းသို့ထွက်လာခဲ့၏။ **လျှံယင်းချျ**က အတွင်းခန်းကိုပြန်ပိတ်သည်။

ဂူအပြင်ထွက်နိုင်သည့်ခလုတ်ကို ရှာဖွေရန်အတွက် ဒူးဆစ်နေရာအမြင့်ရှိဂူနံရံများကိုစမ်းသပ်ရန် လျှံယင်းချျကအမိန့်ပေးလိုက်လေသည်။

မကြာမီ ချန်းနီအော်သည်။

"အစ်ကိုတွေ့ပြီ"

သူမသည် ပြောပြောဆိုဆို ခလုတ်ကိုနှိပ်ချလိုက်ရာ ဂူတံခါးမကြီးသည် ကျွီခနဲမြည်ကာပွင့်သွားလေတော့သည်။

"လွတ်ပြီဟေ့"

သုံးယောက်စလုံး ဝမ်းသာအားရပြေးထွက်လာ၏။

လျှံယင်းချျသည် ဂူတံခါးဝကို ပြန်ပိတ်ရန်နှင့် ဂူနှင့်မလှမ်းမကမ်း**ရှိသစ်**ပင်ကြီးတစ်ပင်အား ဓားနှင့်ထွင်း၍ အမှတ်အသားပြုလုပ်ရန် မမေ့လျော့ခဲ့ချေ။

✿✿✿

## စောင့်၍ဖမ်းဆီးသူများ

လျှံယင်းချို၊ ချန်းနီနှင့် မင်းသမီးလေးတို့၏လှုပ်ရှားမှုများကို မျက်တောင်မခတ် စောင့်ကြည့်အကဲခတ်နေသူနှစ်ယောက်ရှိသည်။

ထိုသူနှစ်ယောက်ကား အဖြူနှင့်အမည်း သိုင်းသမားတို့ပင် ဖြစ်လေသည်။

ဂူတံခါးပွင့်လာပုံ၊ ဂူတံခါးပြန်ပိတ်သွားပုံ၊ ဂူရှေ့ရှိသစ်ပင်ကြီး၏ပင်စည်ပေါ်၌ တစ်စုံတစ်ခုရေးခြစ်ပုံတို့ကို ထိုသိုင်းသမားနှစ်ဦး တွေ့နေရလေသည်။

ထိုအချက်များကို သူတို့စိတ်မဝင်စားကြချေ။

သူတို့စိတ်ဝင်စားသည်မှာ မင်းသမီးလေးကိုဖမ်းပြီး ဆရာ စီးတိန့်ကု၏လက်ထဲအပ်ရန်ပင် ဖြစ်တော့သည်။

လျှံယင်းချို့တို့သည် သူတို့နှင့် တည့်မတ်သည့်လမ်းအတိုင်း ပြေးသွားရာ ထိုသိုင်းသမားနှစ်ဦးသည် လမ်းခုလတ်မှခုန်ချတားဆီး လာကြလေသည်။



လျှံယင်းချို့သည် ချန်းနီအား တီးတိုးပြောလေသည်။

"ညီမ- မင်းသမီးလေးကိုခေါ်ပြီးပြေးပေတော့၊ စုကျုံးမြို့ လမ်းကြောင်းအတိုင်းပြေး၊ အစ်ကိုလိုက်လာခဲ့မယ်"

လျှံယင်းချို့က တစ်ဆက်တည်းပြောလိုက်လေသည်။

"ညီမလဲလိုက်သွား၊ အခက်အခဲ အတားအဆီးတွေကို နှစ်ယောက်ပေါင်းပြီးဖြေရှင်းကြ"

မင်းသမီးကလေးနှင့် ချန်းနီတို့သည် တစ်ဦးလက်တစ်ဦးဆွဲကာ ပြေးထွက်သွားကြတော့သည်။

အဖြူရောင်သိုင်းသမားက မင်းသမီးလေးတို့ပြေးရာနောက်သို့ပြေးလိုက်မည်ပြုရာ လျှံယင်းချို့က ခုန်ထွက်တားဆီးလိုက်လေသည်။

"ရှမ်း. . ."

သူ့ဓားသည် အဖြူရောင်သိုင်းသမား၏လည်ပင်းနားမှ ကပ်၍ဖြတ်သန်းသွားသည်။

အဖြူရောင်သိုင်းသမားနှင့် အမည်းရောင်သိုင်းသမားတို့ကလည်း သူတို့၏ဓားများကိုဆွဲထုတ်ပြီး တိုက်ခိုက်ကြသည်။

အမည်းရောင်သိုင်းသမားက အော်ပြောသည်။

"စစ်လျှံ သူ့ကိုငါတားထားလိုက်မယ်၊ မင်းဟိုဘက်ကိုလိုက်၊ အစီအစဉ်အတိုင်းလုပ်"

လျှံယင်းချို့က အဖြူရောင်သိုင်းသမားအား တိုက်ပွဲစည်းအတွင်းမှထွက်မသွားနိုင်အောင် တားဆီးပါသေးသည်။

သို့သော် သူ၏သိုင်းပညာမှာ ဂိုဏ်းချုပ်ကြီးတစ်ပါးလောက်

ထက်မြက်ခြင်းမရှိ၍ အဖြူရောင်သိုင်းသမားကို မတားနိုင်ခဲ့ချေ။

အမည်းရောင်သိုင်းသမား၏ ထိုးနှက်ချက်များကိုသာ ခုခံတိုက်ခိုက်ရတော့သည်။

အမည်းရောင်သိုင်းသမားကလည်း **အခြေအနေ**ကို ကောင်းစွာသုံးသပ်မိသည်။

သူဘက်မှ အပြင်းအထန်ထိုးနှက်တိုက်ခိုက်ထားပါမှ သူ့လူအတွက် ချောင်မည်ကို နားလည်သည်။

"ဟေ့- လျှံယင်းချုံ၊ မင်းရဲ့မိန်းကလေးနှစ်ယောက်ကို ကာကွယ်ဖို့ မကြိုးစားပါနဲ့၊ မင်းအသက်မပါအောင်သာကြိုးစား၊ နားလည်လား"

လျှံယင်းချုံမှာ ဒေါသဖြစ်သော်လည်း မတတ်နိုင်တော့ပေ၊

အမည်းရောင်သိုင်းသမားကို အနိုင်ရမှသာ မင်းသမီးလေးနှင့် ချန်းနီတို့ကိုကူညီနိုင်တော့မည်ဖြစ်၍ ကြိုးစား၍တိုက်ခိုက်နေရလေတော့သည်။

❀❀❀



ချန်းနီသည် မင်းသမီးလေး၏လက်ကိုဆွဲကာ တရကြမ်းပြေးလေသည်။

မင်းသမီးလေးမှာ ချန်းနီကဲ့သို့ပြေးလွှားနိုင်သူမဟုတ်သဖြင့် ထင်သလောက် ခရီးမတွင်လှပေ။

"ဟယ်. . ."

မင်းသမီးလေးနှင့်ချန်းနီတို့မှာ ရုတ်တရက်ချက်ချင်း အပြေးရပ်လိုက်ကြရသည်။

မရပ်၍လည်း မဖြစ်တော့ချေ။

သူတို့ရှေ့၌ အဖြူရောင်သိုင်းသမားက ဓားတစ်စင်းဖြင့် တားဆီးပိတ်ဆို့နေသောကြောင့်တည်း။

ချန်းနီကလည်း သူ၏ဓားကို ရှမ်းခနဲအသံမြည်အောင် ဆွဲထုတ်လိုက်လေသည်။

"ဟား- ဟား- ဟား- မင်းကများ ငါ့ကိုခုခံဦးမလို့လား၊ ငါမင်းကိုမသတ်ချင်ဘူး၊ မင်းသမီးလေးကို ငါ့လက်ထဲအသာတကြည်ထည့်ပါ၊ မင်းကိုခွင့်လွှတ်လိုက်မယ်"

ချန်းနီက မဲ့ရွဲ့လိုက်သည်။

"ရှင်က ကျွန်မအကြောင်းမှမသိဘဲကိုး၊ တော်ကြာ ကျွန်မက ရှင့်ကိုခွင့်လွှတ်လိုက်ရမှာ"

"ဟား- ဟား- ဟား- မင်းဟာ လူကောင်သေးသလောက် အပြောကြီးတယ်၊ စီးတိန်ကုရဲ့တပည့်တွေထဲမှာ အဖြူနဲ့အမည်းသိုင်းသမားနှစ်ယောက်ဟာ ဓားသိုင်းပညာမှာနာမည်ကျော်တွေကွ"

"ခစ်- ခစ်- ခစ်- ရှင်တို့နာမည်တွေကိုလဲ ကျွန်မ မကြားဖူး

ဘူး၊ ဒါပေမယ့် ကျွန်မကတော့ ဒေါင်းမနန်းတော်သခင်မရဲ့တပည့် ဖြစ်ခဲ့ဖူးတယ်၊ ဒေါင်းမနန်းတော်ကိုတော့ ရင်ကြားဖူးမှာပေ့ါနော်"

အဖြူရောင်သိုင်းသမား အနည်းငယ်ဖြူသွားသည်ကတော့ အမှန်ပင်။

ဒေါင်းမနန်းတော်သည် သိုင်းလောက၌ ကျော်ကြားရုံမျှမက သူတို့၏ဆရာစီးတိန့်ကုအနေဖြင့် သခင်မကျင်းဖုံးကိုလည်း ရှုံးခဲ့ဖူးကြောင်း သူတို့သိထားပေသည်။

မည်သို့ပင်ဖြစ်စေ ချန်းနီကိုအနိုင်တိုက်မည်ဟု သူဆုံးဖြတ်သည်။

"ကဲ- မင်းသမီးလေးကိုမလုနိုင်အောင် မင်းကြိုးစားကာကွယ်ပေတော့"

"မင်းသမီးလေးတော့ မရဘူး၊ ဓားပဲရမယ်"

ချန်းနီက စတင်တိုက်ခိုက်သည်။ အဖြူရောင်သိုင်းသမားသည် ရှောင်တိမ်းရင်းပြန်လည်တိုက်ခိုက်သည်။

အဖြူရောင်သိုင်းသမား၏ဓားပညာမှာမဆိုးလှသကဲ့သို့ ချန်းနီ၏ဓားသိုင်းပညာမှာလည်း ထက်မြက်လှသည်။

သူမသည် ဒေါင်းမနန်းတော်၌ ကြာရှည်စွာ ပညာသင်ခဲ့ရသူမဟုတ်ပေ။

သူမ၏ထက်မြက်သော ဉာဏ်ပညာကြောင့်သာ ဓားသိုင်းပညာကို နှိုက်နှိုက်နှံ့နှံ့သင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

သူမ၏ဓားကွက်များသည် ပထမ၌ ခပ်ရိုးရိုးဓားကွက်များဖြစ်သည်။



"ဟား- ဟား- ဟား- ဒီလိုဓားကွက်မျိုးကတော့ သိုင်းပညာသင်ကာစလူတောင်တတ်တယ်"

အဖြူရောင်သိုင်းသမားက လှောင်ပြောင်သရော်လိုက်သည်။

သူ့သရော်မှုသည် ကြာရှည်မခံပါ။

အချိန်အနည်းငယ်အတွင်းမှာပင် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်လာရတော့သည်။

ချန်းနီ၏ဓားကွက်များသည် ဝလုံးပုံသဏ္ဌာန်ရစ်သကဲ့သို့ အဝိုင်းကလေးများပေါ်လာသည်။

ထိုဓားစက်ဝိုင်းကလေးများကို အဖြူရောင်သိုင်းသမားမှာ အသေအလဲခုခံနေရတော့သည်။

"အဲဒီဓားကွက်ကို သိသလား"

ချန်းနီက အံကြိတ်၍မေးလိုက်သည်။

မဟာ

အဖြူရောင်သိုင်းသမားမှာ မဖြေနိုင်တော့ပေ။

"ဒါ ဒေါင်းမနန်းတော်ရဲ့ဒေါင်းမြီးကွက်သိုင်းပဲ"

သို့သော် ထိုဓားကွက်ဖြင့် အဖြူရောင်သိုင်းသမားကိုတော့ အပြီးသုတ်သင်နိုင်မည်တော့ မဟုတ်ချေ။

သူတို့သည် ကွမ်းတစ်ယာညက်ခန့်ကြာအောင် အပြန်အလှန် အကြိတ်အနယ်တိုက်ခိုက်နေကြသည်။

မင်းသမီးလေးကမူ သူ၏အဆိပ်ငွေ့လုံးကလေးများကို လက်နှင့်စမ်းသပ်နေသည်။

ချန်းနီအရေးနိမ့်သည်နှင့် တစ်ပြိုင်နက် အဖြူရောင်သိုင်းသမားကို အဆိပ်ငွေ့လုံးနှင့်ပစ်ခတ်မည်ဖြစ်သည်။

ထိုအခိုက်မှာပင် လူရိပ်တစ်ရိပ် ဖျတ်ခနဲရောက်ရှိလာလေသည်။

"ငါလာပြီဟေ့"

မင်းသမီးလေးနှင့်ချန်းနီတို့ ဝမ်းသာသွားကြသည်။

လျှံယင်းချဲ့ရောက်လာသောကြောင့်ပေတည်း။

ချန်းနီက အော်၍မေးလိုက်လေသည်။

"ဟိုလူသေသွားပြီလား"

"သေတော့မသေဘူး၊ လဲကျန်ရစ်ခဲ့တယ်၊ ညီမတို့ကို ကူရအောင် အမီပြေးလာခဲ့ရတာ၊ ကဲ- မင်းသမီးလေးကိုခေါ်ပြီးပြေးလေတော့"

ချန်းနီသည် မင်းသမီးလေး၏လက်ကိုဆွဲကာ တစ်ကျော့ပြန်ပြေးရပြန်လေသည်။

"ငါလာပြီဟေ့"

လျှံယင်းချဲ့နှင့်တိုက်ခိုက်ခဲ့သော အမည်းရောင်သိုင်းသမားထပ်မံရောက်ရှိလာပြန်လေသည်။ လျှံယင်းချဲ့ကနှစ်ယောက်စလုံးကိုတားထားသည်။

သို့သော် တာရှည်မခံနိုင်ပါ။

အဖြူရောင်သိုင်းသမားသည် မင်းသမီးကလေးနှင့် ချန်းနီတို့နောက်သို့ ပြေးလိုက်သွားပြန်လေတော့သည်။

လျှံယင်းချဲ့မှာ ဖြစ်စေချင်သလို မဖြစ်ရသဖြင့် လွန်စွာစိတ်ဆင်းရဲသွားသည်။

ချန်းနီသည် ပြေးရင်းလွှားရင်း နောက်လှည့်ကြည့်လိုက်ရာ



အမည်းရောင်သိုင်းသမား ထပ်မံရောက်ရှိလာသည်ကို တွေ့ရသဖြင့် အဖြူရောင်သိုင်းသမား သို့မဟုတ် အမည်းရောင်သိုင်းသမားတစ်ယောက်ယောက်သည် သူတို့နောက်သို့ ထပ်မံလိုက်လာဦးမည်ဖြစ်ကြောင်း သိရှိလိုက်လေ၏။

သူမသည် မင်းသမီးလေးလွတ်မြောက်ရေးအတွက် စဉ်းစားရာ အကြံတစ်ခုရလာလေသည်။

"မင်းသမီးလေး ကျွန်မ အကြံတစ်ခုရလာတယ်"

မင်းသမီးလေးမှာ တုန့်ခနဲရပ်သွားသည်။

"ဘာလဲချန်းနီ"

"ကျွန်မတို့နှစ်ယောက် ဒီအတိုင်းပြေးနေရင် လွတ်မှာမဟုတ်ဘူးမင်းသမီးလေး"

"ချန်းနီ ဘယ်လိုလုပ်ချင်လို့လဲ"

"မင်းသမီးလေးကို တစ်နေရာရာမှာဝှက်ထားခဲ့မယ်၊ ကျွန်မတစ်ယောက်တည်း ရှေ့က ယောင်ပြပြေးမယ်၊ သူတို့ ကျွန်မနောက်ကိုပဲလိုက်ကြမှာပဲ၊ အဲဒီတော့ မင်းသမီးကလေးတစ်ယောက်တည်းတောင်ခြေကိုဆင်းပြေးပါ"

"အဲဒီအစီအစဉ်ကောင်းသားပဲ ချန်းနီသာ. . ."

"ကျွန်မအတွက် မစိုးရိမ်ပါနဲ့၊ ကျွန်မက မင်းသမီးကလေးအတွက်ပဲစိုးရိမ်တာပါ၊ တကယ်လို့ မင်းသမီးကလေးလွတ်မြောက်သွားခဲ့ရင် ယန်ကျုံးမြို့က ခုနစ်စဉ်ကြယ်တည်းခိုခန်းမှာစောင့်နေပါ"

"ကောင်းပါပြီ"

"ဟိုရှေ့ကချုံထဲမှာပုန်းပါ၊ သူ့ဘေးမှာ သစ်ပင်ကြီးတစ်ပင်လဲ

ရှိနေတော့လုံခြုံပါတယ်"

မင်းသမီးလေးသည် ချန်းနီညွှန်ပြသည့်ချုံထဲသို့ ဝင်ပုန်းလိုက်လေသည်။

ချန်းနီသည် ဆိုင်းမနေတော့ဘဲပြေးထွက်သွားလေသည်။

ချန်းနီ၏တွက်ကိန်းမှန်ပေသည်။ သူထွက်ပြေးသွား၍ မကြာမီပင် အဖြူရောင်သိုင်းသမားလည်း တစ်ရှိန်ထိုးပြေးလိုက်လာလေသည်။

မင်းသမီးကလေးပုန်းနေသည့်ချုံကို ယောင်၍ပင် လှည့်မကြည့်ဘဲ ချန်းနီပြေးထွက်သွားသည့်ဘက်သို့သာ လိုက်တော့၏။

ချန်းနီလှည့်ကြည့်လိုက်သောအခါ အဖြူရောင်သိုင်းသမားလိုက်လာသည်ကိုမြင်သည်။ ထို့ကြောင့် ပို၍ အားထုတ်ပြေးရလေသည်။

လမ်းရိုးအတိုင်းပြေးခြင်းထက် ကွေ့ပတ်ပြေးခြင်းက နောက်ကလိုက်သူအတွက်ပို၍ခက်ခဲကြောင်း သူမသိသည်။ အဖြူရောင်သိုင်းသမားမှာ ချန်းနီအား မမိနိုင်ဘဲဖြစ်နေသောအခါ ဒေါသထွက်လာလေသည်။

သူ့ရှေ့၌ နှစ်ယောက်ရှိရမည့်အစား တစ်ယောက်တည်းရှိနေသည်ကိုလည်း ဘဝင်မကျဖြစ်နေပေသည်။

မည်သို့ပင်ဖြစ်စေ ချန်းနီကိုမိပါက ကျန်တစ်ယောက်မည်သည့်နေရာ၌ရှိနေသည်ကိုလည်း စစ်ဆေး၍ရနိုင်ကြောင်း သူသိလေသည်။

ချန်းနီကတော့ ဝမ်းသာနေသည်။ မင်းသမီးကလေးသည်



အခြားလမ်းတစ်လမ်းမှ တောင်ခြေသို့ဆင်းသွားနိုင်တော့မည်ကိုတွေးမိ၍ဖြစ်သည်။

သို့သော် သူမ ကြာကြာဝမ်းမသာနိုင်ပါ။

"ဟား. . ဟား. . ဟား. . ဟား"

ကျယ်လောင်သောရယ်မောသံကြောင့် ချန်းနီမှာ တုံ့ခနဲရပ်လိုက်ရသည်။ ဆုပ်လည်းစူး၊ စားလည်းရှူးသောအဖြစ်မျိုးသို့ ရောက်နေရလေပြီ။

သူမ၏ရှေ့၌ စီးတိန့်ကု-

သူမ၏နောက်၌ အဖြူရောင်သိုင်းသမား-

ရန်သူနှစ်ဦးအကြား၌ ညှပ်ပူးညှပ်ပိတ်မိနေခဲ့ချေပြီ။

"မင်း ဘယ်လိုလွတ်နိုင်မလဲ၊ ဟား. . ဟား. . ဟား"

စီးတိန့်ကုက လှောင်ရယ်ရယ်လိုက်လေသည်။

ချန်းနီက တောက်တစ်ချက်တောက်ရင်း-

"စမ်းကြည့်ပါဦးလေ၊ ရှင်ဘယ်လိုဖမ်းနိုင်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

စီးတိန့်ကုက သူ့တပည့်အဖြူရောင်သိုင်းသမားအားဝင်မရှုပ်နှင့်ဟူသောသဘောဖြင့် လက်ကာပြပြီး ချန်းနီကိုဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ချန်းနီက ဓားဖြင့်တိုက်ခိုက်သည်။ စီးတိန့်ကုက လက်သိုင်းဖြင့်တိုက်လိုက်လေသည်။

သူမအနေဖြင့် ပြေး၍မလွတ်နိုင်ကြောင်းရိပ်မိသဖြင့် သူသေကိုယ်သေတိုက်ကွက်များကိုသုံး၍ တရကြမ်းတိုက်ခိုက်သည်။

စီးတိန့်ကုသည် ချန်းနီကိုလွယ်လွယ်ဖမ်းဆီးနိုင်မည်ဟုထင်ခဲ့သော်လည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်သဖြင့် တဖြည်းဖြည်းဒေါသထွက်လာသည်။

သိုင်းကွက်ပေါင်းသုံးဆယ်ရောက်သောအခါ စီးတိန့်ကုသည် ချန်းနီ၏လက်မှဒားကို လွတ်ကျအောင်လုပ်နိုင်ခဲ့သည်။

နောက်တစ်ဆင့်မှ ချန်းနီအား သွေးကြောပိတ်ပြီးဖမ်းဆီးနိုင်လေသည်။

"ဟား .... ဟား .... ဟား .... ဘာတတ်နိုင်သေးသလဲ၊ နင်က လျှံယင်းချုံအားကိုးနဲ့ အာခံနေတာမဟုတ်လား၊ ခု လျှံယင်းချုံ မရှိတော့တဲ့နောက် နင်ဟာ ငါ့လက်ခုပ်ထဲကရေ ဖြစ်ပြီမဟုတ်လား"

ချန်းနီသည် အံကြိတ်ကာကြည့်နေလေသည်။

စီးတိန့်ကုသည် အဖြူရောင်သိုင်းသမားအား လှမ်းမေးလိုက်လေသည်။

"နေစမ်းပါဦး၊ ငါက မင်းသမီးကလေးကိုဖမ်းခိုင်းထားတယ်။ မင်းသမီးလေးကဘယ်မှာလဲ၊ ဟိုကောင်ကော ဘယ်မှာလဲ"

ဟိုကောင်ဟု နာမ်စားသုံးအမေးခံရသူမှာ အမည်းရောင်သိုင်းသမားဖြစ်သည်။ အဖြူရောင်သိုင်းသမားမှာ ခေါင်းငုံ့သွား၏။

"ခေါင်းကြီးငုံ့မနေစမ်းပါနဲ့၊ အခြေအနေကိုပြောပြစမ်းပါကွ"

စီးတိန့်ကုက ဒေါသဖြင့်အော်သည်။

"ဟိုကောင်ကတော့ လျှံယင်းချုံနဲ့တိုက်ခိုက်ရင်းကျန်ရစ်ခဲ့ပါတယ်၊ ကျွန်တော်ကတော့ မင်းသမီးလေးနဲ့ သူ့နောက် ပြေးလိုက်ခဲ့တာပါ"

"မင်းရှုံးနေသလား၊ မင်းသမီးလေးမပါဘူးဆိုတာ မင်းမမြင်ဘူးလား"

"ကျွန်တော်တွေ့ပါတယ်၊ သူ့ကိုဖမ်းစစ်ရင် မင်းသမီးလေး ဘယ်မှာကျန်ခဲ့တယ်ဆိုတာသိနိုင်တယ်ဆိုပြီး သူ့နောက်ကိုကျွန်တော်လိုက်လာတာပါ"

"တော်တော်အသုံးမကျတဲ့ ကောင်ပဲ၊ ပြေးလာတဲ့လမ်းတစ်လျှောက်ရဲ့တစ်နေရာရာမှာ ပုန်းကျန်ရစ်ခဲ့မှာပေါ့၊ သွား- အမြန်ဆုံးသွားရှာစမ်း"

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့်သိုင်းသမားသည် အမြီးကုပ်သောခွေးပမာ လာလမ်းအတိုင်း ပြန်လည်ပြေးထွက်သွားလေတော့သည်။ စီးတိန့်ကုက တဟားဟားရယ်ရင်းပြောသည်။

"အင်း- နင်ဘယ်လောက်ခံနိုင်ရည်ရှိတယ်ဆိုတာကို စမ်းသပ်ကြည့်ရမယ်၊ မင်းသမီးလေးကို ဘယ်မှာဝှက်ထားတယ်ဆိုတာ မပြောလို့ကတော့ နင်နောင်တအကြီးအကျယ်ရသွားမယ်"

ချန်းနီက အံကြိတ်ပြီးပြော၏။

"ရှင့်မှာဦးနှောက်မရှိဘူးလား၊ ရှင့်တပည့်အတိုင်းပဲလား၊ လမ်းခုလတ်ကချုံထဲမှ ကျွန်မဝှက်ခဲ့တာပေါ့၊ အခုဆိုရင် အစ်ကိုလျှံယင်းချုံနဲ့ တောင်အောက်ကိုရောက်သွားလောက်ပြီ"

စီးတိန့်ကုသည် တပည့်ဖြစ်သူအား ကျိတ်၍ဒေါသဖြစ်သွားလေတော့သည်။

❀❀❀

## လူ့ကံကြမ္မာ

မင်းသမီးလေးသည် အဖေါ်မဲ့ တစ်ကိုယ်တည်း ပြေးလွှားခဲ့ရသည်။

သူမသည် ခရီးစဉ်တစ်လျှောက်လုံး ဓားလုံလေးမြားစသည်တို့ကို မကိုင်ဆောင်ခဲ့ဖူးချေ။

ယခုတစ်ကြိမ်၌မူ လက်နက်တစ်ခုတစ်လေ ဆောင်ထားလိုသည့်စိတ် ပေါက်လာသည်။

ထို့ကြောင့် လမ်းခုလတ်၌ ဟိုဟိုသည်သည်ကြည့်ရှုလာခဲ့ရာ လက်တစ်ဖောင်ခန့်မြင့်သော သစ်သားတုတ်ချွန်တစ်ချောင်းကိုတွေ့ရလေသည်။

အခြားသစ်သားအတိုအစများ၊ မီးပုံအဟောင်းများကိုတွေ့ရသဖြင့် သစ်ခုတ်သမားများသော်လည်းကောင်း မုဆိုးများသော်လည်းကောင်း စခန်းချခဲ့ရာနေရာဖြစ်လိမ့်မည်ဟုယူဆရသည်။

"ဘာပဲဖြစ်ဖြစ် လက်နက်တစ်ခုခုရှိနေရင် တော်သေးတယ်၊



အဆိပ်ဘုရင်ပေးထားတဲ့အဆိပ်ငွေ့လုံးတွေကို နေရာတကာ သုံးနေလို့လဲမဖြစ်သေးဘူး"

မင်းသမီးလေးသည် တုတ်ချွန်ကြီးတစ်ခုကိုထမ်း၍ လျှောက်လာသည်။

သူမသည် တွေးရင်းဝမ်းနည်းလာသည်။ သူမကဲ့သို့ မဟာဆီမဟာသွေး အလွန်တရာနုဖတ်စွာ နေထိုင်ခွင့်ရခဲ့သည့်မင်းသမီးတစ်ပါးသည် တောသူတောင်သား ဆင်းရဲသူမသဖွယ် ပြေးဟယ်လွှားဟယ်လုပ်နေရသည်။

နဖူးကချွေး ခြေမသို့ကျနေရသည်။ ယခု သူမ လျှောက်ခဲ့ရသည့်ခရီးမိုင်ပေါင်းသည်ပင် မနည်းလှတော့ချေ။

"အင်း- ငါ့အဆင်းရဲခံရတာ တိုင်းပြည်အတွက်ပဲလေ၊ မန်ချူးတွေလက်အောက် တစ်တိုင်းပြည်လုံးရောက်သွားရင် ဟန်တရုတ်တွေ ကိုယ်ကျိုးနည်းတော့မှာပဲ၊ အစ်ကိုလျှံယင်းချုံဆိုရင် တစ်ဆွေလုံးတစ်မျိုးလုံးအသေခံပြီး မန်ချူးတွေမအုပ်စိုးနိုင်အောင်ကြိုးစားနေရရှာတာပဲ"

မင်းသမီးလေးသည် လျှံယင်းချုံ၏လေးစားဖွယ် သံမဏိစိတ်ဓာတ်အကြောင်းတွေးရင်း လေးစားမြတ်နိုးစိတ်များ ယိုဖိတ်လာလေသည်။

ထို့သော် သူမအနေဖြင့် သူမ၏အချစ်စိတ်ဓာတ်ကို ထုတ်ဖေါ်၍မဖြစ်နိုင်တော့ပေ။ လျှံယင်းချုံတွင် ပထမချစ်သူဝေဝေရှိနေပြီမဟုတ်ပါလား။

သူမသည် ခရီးအတော်ဝေးဝေးလျှောက်လာပြီးသည့်အတွက်

သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝင်ရောက်နားခိုသည်။

သူမ ထမ်းလာသည့်တုတ်ချွန်ကို ပင်စည်တွင်ထောင်လိုက်ပြီး သူမသည် ကျောမှီ၍ထိုင်ချလိုက်သည်။

"ဟင်း- ရန်ကျုံးမြို့ဆိုတာကိုရှာရဦးမယ်၊ ခုနစ်စဉ်ကြယ်တည်းခိုခန်းကိုရှာရဦးမယ်၊ မလွယ်ပါလား"

အဖြစ်ကတော့ တကယ်မလွယ်ပါ။

မင်းသမီးလေး ဤအချိန်အထိအသက်ရှင်နေရပြီး ဤအချိန်အထိ အရက်တကွဲအကျိုးနည်းမဖြစ်ရခြင်းမှာ အဆိပ်ဘုရင်၏ကျေးဇူးကြောင့်ဖြစ်ပေသည်။

အဆိပ်ဘုရင်ကသာ သူမအား လက်နက်ပုန်းပစ်ခတ်ပုံပစ်ခတ်နည်း အဆိပ်ငွေ့လုံးကလေးများအားမပေးအပ်ခဲ့လျှင် သူမဘဝကား တွေးရဲစရာမရှိပေ။

"ဝေါင်း. . ."

မင်းသမီးလေးမှာ ဆံပင်များထောင်သွားမတတ် ထိတ်လန့်သွားလေသည်။

ဤမိုးနဂါးတောင်မှ သူမ ပြေးလွှားလှည့်ပတ်ခဲ့သည်မှာကြာလေပြီ။

တိရစ္ဆာန်ငယ်များကို မကြာခဏတွေ့ရသော်လည်း ကျားကျားသစ်၊ သစ်နက်စသော သားရဲတိရစ္ဆာန်ကြီးများကိုကား တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရဘူးချေ။

ကျားဟိန်းသံကိုသော်မှ ယခုတစ်ကြိမ်သာကြားဖူးခြင်းဖြစ်ပေသည်။



သူမသည် အလန့်တကြားဖြင့် သူမတုတ်ချွန်ကိုလှမ်းဆွဲလိုက်လေသည်။

"အား. . ."

အလွန်တရာထူးဆန်းပြီး အံ့ဩဖွယ်ကောင်းလှသော တိုက်ဆိုင်မှုသည် မမျှော်လင့်သည့်အချိန် မမျှော်လင့်သည့်နေရာ၌ ဖြစ်ပေါ်လာလေတော့သည်။

သူမ ဆွဲယူလိုက်သည့်ဝါးချွန်ဖျား၌ လူတစ်ယောက် လာရောက်ထိုးစိုက်နေသောအဖြစ်သည် ဘယ်မှာလျှင် မအံ့ဩဘဲ နေလောက်သည့်အဖြစ် ဖြစ်ပေမည်နည်း။

"အား. . ."

တံကျင်လျှိုထိုးသကဲ့သို့ဖြစ်နေသော လူထံမှ နီရဲသောသွေးများကို မြင်လိုက်ရသောအခါ မင်းသမီးလေးသည် တုတ်ချွန်ကိုလွှတ်လျက် သွေးရူးသွေးတန်းအော်ကာ တောင်အောက်သို့ဆင်းပြေးသွားလေတော့သည်။

ကျားဟိန်းသံကိုလည်း သူမ သတိမရတော့ပြီ။

အဖြစ်ကား ဤသို့တည်း။

**စီးတိန့်ကု၏**အမိန့်အရ မင်းသမီးလေးကိုရှာဖွေရန်ထွက်လာသော သိုင်းသမားသည် မင်းသမီးလေး ပုန်းအောင်းနိုင်မည်ဟုထင်ရသောလမ်းတစ်လျှောက်၌ လှည့်ပတ်ရှာဖွေလာသည်။

တစ်ကြိမ်တွင်မူ အကြံတစ်ချက်ရပြီး လူရိပ်လူခြည်ကိုအပေါ်စီးမှမြင်နိုင်သော သစ်ပင်ကြီးပေါ်သို့တက်သည်။

သူ သစ်ပင်ကြီးပေါ်မှဆင်းမည်ကြံခိုက်မှာပင် တုတ်ချွန်ကြီး

ကိုထမ်းလာသည့်မင်းသမီးလေးကိုမြင်သဖြင့် လွန်စွာဝမ်းသာသွားပြီ ချက်ချင်းမဆင်းတော့ဘဲ ငြိမ်နေလိုက်လေသည်။

သစ်ပင်ကြီးအောက်၌ မင်းသမီးလေး စိတ်အေးလက်အေး ထိုင်နေသည့်အခါတွင်မှ အဖြူရောင်သိုင်းသမားသည် ဤမင်းသမီး လေးအား အချိန်မရွေး သူဖမ်း၍ရပြီဟု တွက်ပြီး လွန်စွာ ကျေနပ် နှစ်သိမ့်သွားသည်။

သူဖမ်းချိန်တန်ပြီဟု သစ်ပင်ပေါ်မှခုန်ချလိုက်ချိန်တွင် သူ့ ကဲကြမ္မာကိုအဆုံးအဖြတ်ပေးသည့်ကျားကလည်း ဟိန်းလိုက်သည်။

အဖြူရောင်သိုင်းသမား သစ်ပင်ပေါ်မှခုန်ချချိန်၊ ကျားဟိန်း ချိန်နှင့် မင်းသမီးလေးက တုတ်ချွန်ကိုလှမ်းဆွဲချိန်တို့မှာ အံ့ဩဖွယ် ကောင်းလောက်အောင် အချိန်ကိုက်ဖြစ်သွားပြီး အဖြူရောင်သိုင်း သမားသည် သူ့သေမင်းတုတ်ချွန်ပေါ်သို့ တည့်မတ်စွာခုန်ချမိလေ သည်။

သူ့ကိုယ်သူ တံကျင်လျှိုထိုး၍သတ်သကဲ့သို့ဖြစ်သွားသည်။

"ဩော်- လူ့ကံကြမ္မာဆိုသည်မှာ ဆန်းကြယ်လေစွတကား။

မင်းသမီးလေး ကြောက်လန့်တကြားပြေးထွက်သွားချိန်တွင် လျှံယင်းချုံနှင့်အမည်းရောင်သိုင်းသမားတို့မှာ တိုက်ခိုက်၍ကောင်း နေဆဲဖြစ်သည်။

စီးတိန်ကုဏ်၏တပည့်နှစ်ဦးဖြစ်သော အဖြူရောင်သိုင်းသမား နှင့် အမည်းရောင်သိုင်းသမားတို့သည် စိတ်ထားကောက်ကျစ် ယုတ် မာခြင်းကို ကိုယ်စားပြုသောအားဖြင့် အဖြူရောင်၊ အမည်းရောင် ခေါ်ဝေါ်ခြင်းမဟုတ်ပေ။



သူတို့တစ်သက်တာလုံး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လာ ခြင်းနှင့် အမည်းရောင်ဝတ်စုံကိုဝတ်လာခြင်းတို့အတွက်သာ အဖြူ ရောင်သိုင်းသမား၊ အမည်းရောင်သိုင်းသမားဟုခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။

စိတ်ထားအရာ၌မူ နှစ်ယောက်စလုံး ရက်စက်ကြမ်းကြုတ် ကြသည်သာဖြစ်သည်။

လျှံယင်းချုံနှင့်တိုက်ခိုက်နေသည့် အမည်းရောင်သိုင်းသမား ကိုကြည့်ပါလေဦး။

အထက်အောက် အမည်းရောင်ဝတ်စုံ၊ အမည်းရောင်ဖိနပ်၊ အမည်းရောင်လက်ကောက်ငါးကွင်း၊ ခါး၌ချည်ထားသော အမည်း ရောင်ကြိုးခွေတစ်ခွေ စသည်ဖြင့် အားလုံးအမည်းရောင်ချည်းသာ ဖြစ်နေသည်။

လျှံယင်းချုံသည် အမည်းရောင်သိုင်းသမားနှင့် တိုက်သာ တိုက်နေရသော်လည်း စိတ်မဖြောင့်ဖြစ်နေသည်။

ရန်သူ၏လက်မှ မင်းသမီးလေးနှင့်ချန်းနီတို့ လွတ်မှ လွတ် မြောက်ပါမည်လားဟုတွေး၍ ပူပန်နေရလေသည်။

အမည်းရောင်သိုင်းသမား၏ခံနိုင်ရည်ကလည်း မဆိုးလှပေ။ ပထမတစ်ကြိမ်တိုက်စဉ်က လျှံယင်းချုံက ဒဏ်ရာရအောင်လုပ်နိုင်ခဲ့ သည်။

အမည်းရောင်သိုင်းသမားလဲကျနေစဉ် သူထွက်ပြေးလာပြီး ချန်းနီအား လာကူညီခြင်းဖြစ်လေသည်။

ယခု ဒုတိယအကြိမ်တိုက်ခိုက်ရာတွင်မူ ဒဏ်ရာရထားသော

ရန်သူကို အပြတ်အသတ်အနိုင်မယူနိုင်ဘဲရှိနေသည်။

သူတို့သည် သိုင်းကွက်ပေါင်းတစ်ရာ့ငါးဆယ်အထိ တိုက်ခိုက်ခဲ့ကြပြီးဖြစ်သည်။

အရှုံးအနိုင်ကတော့ မကွဲပြားသေးပေ။

တစ်ကြိမ်တွင် လက်ဝါးချင်းယှဉ်ရိုက်ပြီး နှစ်ယောက်စလုံးခုန်ဆုတ်လိုက်ကြရသည်။

လျှံယင်းချုံက-

"ကဲ- ခင်ဗျားနဲ့ကျုပ်နဲ့တိုက်နေတာ အကွက်တွေလဲမနည်းလှတော့ဘူး၊ ကျုပ်ကလဲ ခင်ဗျားကိုမသတ်နိုင်၊ ခင်ဗျားကလဲ ကျုပ်ကိုမသတ်နိုင်ဆိုတော့ ကျုပ်တို့ယှဉ်ပြိုင်ပွဲကို သရေပွဲအဖြစ်သတ်မှတ်ကြပါစို့ဗျာ"

လျှံယင်းချုံက မင်းသမီးလေးနှင့် ချန်းနီတို့နောက် လိုက်ချင်လှသဖြင့် အမည်းရောင်သိုင်းသမားအား စေ့စပ်စကားဆိုလိုက်လေသည်။

အမည်းရောင်သိုင်းသမားက တဟားဟားရယ်လိုက်သည်။

"ဘာလဲ မင်းကြောက်သွားပြီလား"

"ကျုပ်က ဘာလို့ကြောက်ရမှာလဲ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ဆက်ပြိုင်လဲ သိုင်းကွက်တွေထပ်ကုန်မှာပဲ၊ ဒါကြောင့်မို့ အချိန်မကုန်ရအောင်ပြောနေတာပါ"

အမည်းရောင်သိုင်းသမားသည် ခေတ္တမျှစဉ်းစားလိုက်သည်။

"ကောင်းပြီ- မင်းနဲ့ငါ ခဏပြေငြိမ်းကြတာပေါ့၊ မင်းလဲမင်းလမ်းမင်းလျှောက်၊ ငါလဲ ငါ့လမ်းငါသွားမယ်"



လျှံယင်းချုံက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်- ကျုပ်ကလဲ ဒါပဲပြောချင်တာပါ"

လျှံယင်းချုံသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်လိုက်လေသည်။

သူ့အဖို့ ချန်းနီနှင့်မင်းသမီးလေးထံ အမြန်ဆုံးရောက်ရှိရန်သာ အရေးကြီးနေသည်မဟုတ်ပါလား။

ထိုမှတစ်ဆင့် ဘုရင့်သားတော်လေးအား ကယ်တင်နိုင်ရန်ကြိုးစားရပေမည်။

သို့သော်-

"ဗိုး. . ဗိုး. . ဗိုး. . "

လျှံယင်းချုံသည် သူလှည့်ထွက်လိုက်သည်နှင့် လေတိုးသံကြားလိုက်ရသဖြင့် လျှပ်တစ်ပြက်ပြန်လှည့်ကာ အင်္ကျီလက်စဖြင့်ခါယမ်းပစ်လိုက်သည်။

အမည်းရောင်လက်ကောက်သုံးကွင်းသည် ဘေးသို့လွင့်စဉ်သွားသည်။

"ဗိုး. . . ဗိုး. . ဗိုး"

သူသည် စတုတ္ထလက်ကောက်ကို သေလုမြောပါးခါထုတ်ပစ်နိုင်ခဲ့သော်လည်း ပဉ္စမလက်ကောက်ကိုမူရိုက်ထုတ်မပစ်နိုင်ကြောင်းသိရှိလိုက်မိသည်။

မရှောင်နိုင်တော့မည့်အတူတူ သေကွင်းကိုအထိမခံဘဲ ညာဘက်ပခုံးဖြင့် ခံပေးလိုက်သည်။ လက်ကောက်သည် ပခုံးကိုဒုတ်ခနဲလာထိသည်။

ထိတော့မည်ဆိုသည်နှင့် ခန္ဓာကိုယ်ကို အနည်းငယ် နောက်လှန်ပေးလိုက်ရာ လျှံယင်းချိုမှာ တလိမ့်ခေါက်ကွေးလဲကျသွားတော့သည်။

အမည်းရောင်သိုင်းသမားသည် လျှံယင်းချိုအား လိမ်ညာလှည့်ဖြားလိုက်ခြင်းသာဖြစ်သည်။

လျှံယင်းချိုလှည့်ထွက်သွားသည်နှင့် လက်ကောက်များကို ချွတ်ကာပစ်ခတ်ခြင်းဖြစ်သည်။

သူ့လက်ကောက်များမှာ သံမဏိကွင်းများဖြစ်၍ လက်နက်ပုန်းသဖွယ် အသုံးဝင်လှပေသည်။

သူသည် လျှံယင်းချိုလဲကျသွားသည်နှင့် လျှံယင်းချိုထံသို့ခုန်ဝင်လာသည်။

လျှံယင်းချို၏ဦးခေါင်းကို ဘယ်ညာလက်သီးဖြင့် ကြောက်မက်ဖွယ်ရာထိုးချလိုက်သည်။

လျှံယင်းချိုသည် သူ့အား ထိုသို့တိုက်ခိုက်မည်ကို မျှော်လင့်မထားသဖြင့် လိမ့်၍လိမ့်၍ရှောင်ထွက်သွားနေရလေ၏။

မြေပြင်၌ ကိုယ်ကိုလှိမ့်ရှောင်ရသည့်ကိစ္စမှာ တကယ်တမ်းအားဖြင့် လွယ်ကူလှသည်မဟုတ်ပေ။

သူတို့တိုက်ခိုက်နေသည့် မြေပြင်အနေအထားမှာမကောင်းလှချေ။

တစ်ဘက်တွင် နံရံသဖွယ် မြင့်မားသည့်တောင်တန်းရှိသကဲ့သို့ တစ်ဘက်တွင်လည်း ချောက်ကမ်းပါးရှိနေသည်။

ထိုနှစ်ခု၏ကြား၌ လူသွားလမ်းဟုဆိုရုံသာဆိုနိုင်သော တောလမ်းရှိသည်။



လျှံယင်းချို တဖြည်းဖြည်းလိမ့်ရှောင်သွားရာ ထိုချောက်ကမ်းပါးအစပ်သို့ရောက်ရှိသွားသည်။ လျှံယင်းချိုမှာ ထိုအန္တရာယ်ကို မသိရှိချေ။

ချောက်ကမ်းပါးထဲကျလုကျခင်အချိန်မှ အောက်မှပင့်တိုက်သည့်လေကိုခံစားမိလျက် ချောက်ကမ်းပါးအစွန်းသို့ ရောက်ရှိလာကြောင်း ရိပ်မိလေသည်။ သူဆက်၍ မရှောင်နိုင်တော့ပေ။

ဆက်ရှောင်လျှင်လည်း ချောက်ထဲလိမ့်ကျရုံသာရှိပေတော့မည်။

ထို့ကြောင့် သူ့အားအုပ်မိုးလျက် ထိုးသွင်းလိုက်သည့် ဘယ်ညာလက်သီးကို တစ်လုံးစီ လျှပ်တစ်ပြက်ဖမ်းဆုပ်လိုက်လေသည်။

အမည်းရောင်သိုင်းသမားသည် သူ၏လက်သီးနှစ်လုံး ဖမ်းအဆုပ်ခံလိုက်ရသောအခါ အနည်းငယ်လန့်သွားသည်။

ထို့ကြောင့် သူ၏လက်သီးကို ကပျာကယာပြန်နုတ်သည်။

သို့သော် နုတ်၍မရတော့ပေ။

လျှံယင်းချိုက အားစိုက်ကုတ်တွယ်ထားသည်။

လျှံယင်းချို၏အနေအထားမှာ မကောင်းပေ။ အိပ်လျက်အနေအထားဖြစ်နေ၍ တစ်ပန်းရှုံးသလိုဖြစ်နေသည်။

အမည်းရောင်သိုင်းသမားသည် စိတ်ကူးပြောင်းသွားပြီး လျှံယင်းချို၏ရင်ဝကို ဒူးဖြင့်တိုက်ချရန်ကြံလိုက်သည်။

ထိုအခါ လျှံယင်းချိုသည် ရန်သူ၏လက်သီးနှစ်လုံးကို တွန်းလွှတ်ပစ်ကာ ချောက်ကမ်းပါးနှင့်လွတ်ရာ လူသွားလမ်းဆီသို့ ကိုယ်

ကိုလိုမ့်ရှောင်ထွက်သွားပြီး ခုန်ထလိုက်လေသည်။

ထို့နောက် ကိုယ်နေကိုယ်ထားပျက်နေသော အမည်းရောင်သိုင်းသမား၏နံစောင်းသို့ လက်သီးတစ်လုံး၊ ကျောပြင်ဆီသို့ လက်သီးတစ်လုံး ဆက်တိုက်ပစ်လွှတ်လိုက်လေသည်။

အမည်းရောင်သိုင်းသမားသည် ထိုလက်သီးချက်များကို လွတ်အောင်ရှောင်တိမ်းပါသေးသည်။

သို့သော် ကိုယ်နေဟန်ထား ဟန်ချက်ပျက်နေခြင်းကြောင့် ရှောင်တိမ်း၍မလွတ်ဘဲဖြစ်သွားသည်။

"အွတ်"

အမည်းရောင်သိုင်းသမား ဒူးထောက်ကျသွားသည်။

လျှံယင်းချုံသည် ပွဲဆက်ကြာအောင်မလုပ်လိုတော့ပေ။

ထို့ကြောင့် ခြေထောက်ဖြင့်လွဲကန်လိုက်ရာ အမည်းရောင်သိုင်းသမားမှာ အော်ပင်မအော်နိုင်တော့ဘဲ ချောက်ကမ်းပါးထဲသို့ တစ်ရှိန်ထိုး ထိုးကျသွားလေတော့သည်။

လျှံယင်းချုံသည် ချောက်ကမ်းပါးအစွန်းမှအောက်သို့ငုံ့ကြည့်မိသည်။

"အင်း- ဒီချောက်ထဲကျသွားတဲ့လူအဖို့ကတော့ ဘယ်လိုမှ အသက်ရှင်နိုင်မှာမဟုတ်ဘူး"

ချောက်ထဲမှပင့်တိုက်လာသောလေသည် လျှံယင်းချုံ၏ဆံပင်များကို ဖွာဆန်ကျဲသွားစေလေသည်။

❁❁❁

## မိုးနဂါးတားလိုချင်သူ

ကြောက်လန့်တကြားပြေးလာသော မင်းသမီးလေးသည် ကံကောင်းထောက်မစွာဖြင့် မိုးနဂါးတောင်၏တောင်ဘက် တောင်ခြေသို့ပြေးလာမိသည်။

အကယ်၍ မြောက်ဘက်သို့သာပြေးသွားမိလျှင် တောမကျွမ်းသည့်မင်းသမီးလေးသည် နက်ရှိုင်းသည့်တောထဲသို့ရောက်ပြီး သားရဲတိရစ္ဆာန်တို့၏အစာဖြစ်သွားနိုင်ပေသည်။

သို့သော် သူမ ကံမကောင်းသည့်အချက်မှာ ကိုးဝက်ပါဂိုဏ်းချုပ်နှင့်ပက်ပင်းတိုးမိသည့်အချက်ပေတည်း။

မင်းသမီးလေးသည် အဆိပ်ငွေ့လုံးကလေးကို အသုံးပြုရန် သတိမရသဖြင့် ကိုးဝက်ပါဂိုဏ်းချုပ်ကိုမြင်သည်နှင့် ပြန်လှည့်ပြေးလေသည်။

"ဟား- ဟား- ဟား- ဒီလိုပြေးလို့ ရစတမ်းလား"

မင်းသမီးလေးမှာ ပြေး၍မလွတ်ပါ။ ကိုးဝက်ပါဂိုဏ်းချုပ်

သည် ထိပ်တန်းသိုင်းသမားဖြစ်၍ မင်းသမီးလေးနောက်သို့ ပေါ့ပါးစွာခုန်ပြီး အကြောကိုထိုးပိတ်လိုက်လေသည်။

"ရှင်- ရှင်- ဘာလုပ်တာလဲ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ၊ လွှတ်ပါ"

မင်းသမီးလေးသည် လှုပ်ရှားနိုင်စွမ်းမရှိသော်လည်း ပါးစပ်ကတော့ ပြောနိုင်စွမ်းရှိပေသေးသည်။

"မင်းသမီးလေး ခင်ဗျားကိုဖမ်းချင်တဲ့လူတွေ တစ်ပုံကြီးရှိတယ်၊ ကျုပ်ကသူများထက်ကံကောင်းတော့ ခင်ဗျားကို လွယ်လွယ်ဖမ်းနိုင်တယ်၊ မန်ချူးအာဏာပိုင်တွေဆီသွားပြီး ခင်ဗျားကို ထိုးအပ်လိုက်ရင် ကျုပ်တောင်းသလောက် ရွှေငွေရတနာတွေရနိုင်တယ်ဗျ"

"ရှင်- ရှင်ဟာ ဟန်တရုတ်မဟုတ်ဘူးလား"

"ဟန်တော့ဟန်တရုတ်ပါဘဲ၊ ဘာဖြစ်လို့လဲ"

"ကိုယ့်အမျိုးသားချင်း သစ္စာဖောက်တာတော့ မကောင်းပါဘူး၊ အမျိုးကိုစောင့်ရှောက်သင့်တယ်"

ကိုးဝက်ပါဂိုဏ်းချုပ်က နှုတ်ခမ်းကိုမဲ့လိုက်လေသည်။

"ဟဲ- ခင်ဗျား ကျုပ်ကိုဆက်ပြီးတရားဟောနေမှာစိုးရတယ်"

သူသည် စကားဆုံးသည်နှင့် စကားမပြောနိုင်သည့်အကြောကိုပါထိုးပိတ်ကာ မင်းသမီးလေးအားချီပိုးဖမ်းဆီးသွားလေတော့၏။

❀❀❀



လျှံယင်းချုံသည် မိုးနဂါးတောင်ခြေရှိ မြို့ငယ်တစ်မြို့ဖြစ်သော စီမင်းသို့ရောက်ရှိလာသည်။

သူသည် အမည်းရောင်သိုင်းသမားကို သုတ်သင်ပြီးနောက် မင်းသမီးလေးနှင့် ချန်းနီတို့နောက်သို့ တက်သုတ်ရိုက်လိုက်လာခြင်းဖြစ်သည်။

သို့သော် မင်းသမီးလေးနှင့်ချန်းနီတို့၏ အရိပ်အရောင်ကိုမျှ မမြင်တွေ့ရဘဲ ရှိခဲ့ပေသည်။

သူသည် လွန်စွာစိတ်ပျက်သွား၏။

အဓိကဖြစ်သော ဘုရင့်သားတော်လေးကို ခေါ်ယူနိုင်ခြင်းမရှိရသည့်ကြားထဲ မိမိ၏မိတ်ဆွေများကိုသာ တစ်ယောက်ပြီး တစ်ယောက်ပြောင်း၍ပြန်ရှာနေရသဖြင့် အချိန်များစွာကုန်သွားခဲ့ရ၍ဖြစ်ပေသည်။

စီမင်းမြို့၌ စားသောက်ဆိုင်သုံးဆိုင်မျှရှိရာ လျှံယင်းချုံသည် အကြီးဆုံးသောစားသောက်ဆိုင်ထဲဝင်ခဲ့၏။

ဝမ်းဖြည့်ရန်တစ်ကြောင်းနှင့် မင်းသမီးလေးနှင့် ချန်းနီတို့၏ သတင်းသဲလွန်စကိုရရှိရန်တစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။

သူဝင်ထိုင်သည့်အချိန်တွင် စားသောက်သူနည်းပါးလှသဖြင့် လျှံယင်းချုံစိတ်ပျက်ရပြန်သည်။

"ဆရာ ဘာစားမလဲဆရာ"

ဆိုင်လုလင်လေးက လျှံယင်းချုံအနီးကပ်လာပြီး သွက်လက်စွာမေးမြန်းလေသည်။

"အရက်တစ်ကရားလောက် ပေးစမ်းကွာ၊ ဘာဟင်းလျာတွေ

ရနိုင်မလဲ"

ဆိုင်လုလင်က သူ့ဆိုင်တွင် ရနိုင်သည့်ဟင်းလျာများစာရင်းကိုရွတ်ပြသည်။

လျှံယင်းချိုကလည်း သူစားလိုသမျှကိုမှာကြားလိုက်သည်။

"ဟေ့- အရက်ကရားကိုတော့ အရင်ဆုံးလာချပေးကွာ"

ဆိုင်လုလင်ကလည်း အရက်ကရားကို ချက်ချင်းလာချပေးသည်။

လျှံယင်းချိုသည် အရက်ကိုခွက်ထဲထည့်၍ မော့သောက်လိုက်သည်။ ထိုစဉ် သူ့မျက်လုံးများသည် ဆိုင်အဝင်ဝသို့ရောက်ရှိသွားလေသည်။

လျှံယင်းချို၏လက်ထဲမှ အရက်ခွက်လွတ်ကျသွားသည်။

သူသည် ချက်ချင်းခုန်ထလိုက်သည်။

ဆိုင်ထဲဝင်လာသူကား စီးတိန်ကုဖြစ်သည်။

စီးတိန်ကုသည် ချန်းနီကိုအကြောပိတ်ကာဖမ်းဆီးလာသည်။

စီးတိန်ကုကလည်း လျှံယင်းချိုကိုမြင်ပြီးလန့်သွားသည်။

သို့သော် သူသည် ဥာဏ်ကောင်းသူဖြစ်သည့်အတိုင်း ချန်းနီ၏အကြောကိုဖမ်းကိုင်ကာ ခြိမ်းခြောက်လိုက်လေသည်။

"လျှံယင်းချို မင်းရှေ့မတိုးနဲ့။ ဒီမှာတွေ့လား- မင်းရဲ့မိတ်ဆွေသေသွားမယ်"

ကျားရဲတစ်ကောင်ကဲ့သို့ တိုက်ခိုက်ရန်ဟန်ပြင်နေသော လျှံယင်းချိုမှာ ကြိုးနှင့်တုတ်ဆွဲခံလိုက်ရသကဲ့သို့ရပ်တန့်သွားလေသည်။

"စီးတိန်ကု ခင်ဗျားဟာ ကျုပ်ကိုတစ်လျှောက်လုံး လိုက်ဒုက္ခပေးနေတော့တာပဲ၊ ခင်ဗျားနဲ့ကျုပ်ဟာ ဘာရန်ငြိုးရန်စမှ မရှိဘဲ"

လျှံယင်းချိုက လေပျော့ကလေးဖြင့်ပြောနေသည်။

စီးတိန်ကုသည် ချန်းနီကိုအသေခံပြီး သူ့အား မတိုက်ခိုက်ဝံ့ကြောင်း သေချာစွာသိလိုက်သောအခါ အောင်နိုင်သူကဲ့သို့ တဟားဟား အော်ဟစ်ရယ်လေတော့သည်။

"ရန်ငြိုးရန်စရှိမှတိုက်ခိုက်ရမယ်လို့ ဘယ်သူကအမိန့်ချထားသလဲ၊ မင်းလိုစိတ်မျိုးသာ လူတိုင်းရှိမယ်ဆိုရင် အတိုက်အခိုက် သိုင်းပညာတွေ စစ်ထိုးစစ်တက်အတတ်ပညာတွေတောင် ပေါ်လာစရာမရှိဘူးကွ"

လျှံယင်းချိုက ပခုံးတွန့်ပြလိုက်သည်။ သူ့ထိုင်ခုံ၌ ပြန်ထိုင်ချလိုက်လေသည်။

"အေး- အဲဒီလိုလိုမှာပါ၊ ပြဿနာတစ်ခုကို အမြဲတမ်း တိုက်ခိုက်ပြီးမှဖြေရှင်းရမယ်လို့ ဘယ်သူကမှ သတ်မှတ်ပေးမထားပါဘူး"

"ရပါတယ်၊ ခင်ဗျား ဘာပြောချင်လို့လဲ"

"မင်းသမီးလေးဘယ်မှာလဲ"

လျှံယင်းချိုက မချိုပြုံးပြုံးလိုက်လေသည်။

"အဲဒီမေးခွန်းကို ကျုပ်ကခင်ဗျားကိုပြန်မေးရမှာပါ"

စီးတိန်ကု၏မျက်လုံး၌ ဒေါသရောင်များတောက်လာသည်။

"မင်း ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ မေးတာကိုဖြေစမ်းပါ"

"ခင်ဗျား တကယ်ခက်တာပဲ၊ မင်းသမီးလေးနဲ့ချန်းနီဟာ တူတူပြေးသွားကြတာဗျ၊ ကျုပ်ကို ခင်ဗျားတပည့်တွေတားဆီးနေ

တော့ ကျုပ်ဘယ်လိုလုပ် သူတို့နောက်လိုက်နိုင်တော့မှာပဲ"

စီးတိန့်ကုသည် ထိုအခါကျမှ သူတပည့်များကိုသတိရသွားတော့သည်။

"ငါ့တပည့်တွေကို မင်းသတ်ပစ်ခဲ့ပြီလား"

"ချောက်ထဲကျသွားတာပဲဗျာ၊ သေသလား ရှင်သလားတော့ မသိဘူး"

"ထားတော့- ဒီကောင်တွေ သိပ်အရေးမကြီးဘူး၊ ချန်းနီရဲ့ အသက် မသေစေချင်ဘူးဆိုရင်တော့ မင်းသမီးလေးကိုရှာပြီး ငါ့ဆီခေါ်လာခဲ့"

လျှံယင်းချွံသည် စီးတိန့်ကုအား စိတ်ပျက်စွာကြည့်လိုက်၏။ မင်းသမီး၏အသက်သည် ချန်းနီ၏အသက်ထက်ပို၍ အရေးကြီးကြောင်း စီးတိန့်ကု မသိရှာပါလားဟု တွေးလိုက်မိသောကြောင့်ဖြစ်ပါသည်။

"မင်းသမီးလေး ဘယ်ရောက်နေမှန်း မသိတာဗျာ၊ မိုးနဂါးတောင်ပေါ်မှာ မင်းသမီးလေးပျောက်သွားတာခင်ဗျားအသိပဲ"

လျှံယင်းချွံက အမှန်အတိုင်းပင်ပြောပြလိုက်သည်။

စီးတိန့်ကုက ခေါင်းခါယမ်းလိုက်လေသည်။

"ဒါတွေ ငါမသိဘူး၊ ငါပြောချင်တာကတော့ ချန်းနီ မသေစေချင်ရင် မင်းသမီးလေးနဲ့လာလဲ၊ ဒါပဲ"

စီတိန့်ကုသည် ချန်းနီကိုထမ်း၍ ပြန်ထွက်သွားရန်ဟန်ပြင်လိုက်သည်။

လျှံယင်းချွံက ကပျာကယာထ၍တားလိုက်ရလေသည်။



"နေပါဦး- နေပါဦး၊ ခဏလောက်နေပါဦး"

စီးတိန့်ကုက ပြန်လှည့်လာသည်။

"ငါပြောစရာရှိတာတော့ ပြောပြီးပြီ၊ မင်းက ဘာပြောချင်သေးလို့လဲ"

"ကျုပ်ကိုအနိုင်မကျင့်ပါနဲ့ဗျာ၊ မင်းသမီးလေးကို ကျုပ်လိုက်ရှာနေခဲ့တာပါ၊ ခုထက်ထိမတွေ့သေးပါဘူး၊ ကျုပ်အမှန်ကိုပြောပြနေတာပါ"

"ဒါ ငါ့အလုပ်မဟုတ်ဘူး"

စီးတိန့်ကု ထွက်သွားရန်ဟန်ပြင်ပြန်၏။ လျှံယင်းချွံသည် ဆိုင်ဝသို့ခုန်ထွက်ပြီး စီးတိန့်ကုအား ပိတ်ဆို့ရပ်တန့်လိုက်လေသည်။

စီးတိန့်ကုက ဝင်းဝင်းတောက်သောမျက်လုံးဖြင့်ကြည့်ကာ-

"ဘာလဲ- မင်းက ငါ့ကိုတိုက်မလို့လား၊ ဒီမှာတွေ့လား၊ မင်းမလှုပ်ခင် ငါက သူ့ကိုအရင်သတ်ပစ်နိုင်တယ်"

လျှံယင်းချွံက ခေါင်းခါယမ်းလိုက်သည်။

"မတိုက်ပါဘူးဗျာ၊ မင်းသမီးလေး ဘယ်မှာရှိမှန်းမသိတော့ မင်းသမီးကိုမရှာနိုင်ဘူးဗျာ၊ ဒါပေမယ့် ချန်းနီနဲ့လဲလှယ်နိုင်တဲ့ပစ္စည်းတစ်ခုကိုတော့ ကျုပ်လိုက်ပြနိုင်ပါလိမ့်မယ်၊ အဲဒီပစ္စည်းကို ခင်ဗျားစိတ်ဝင်စား မစားဆိုတာ ကျုပ်သိချင်ပါတယ်"

"ဘာပစ္စည်းလဲကွ"

စီးတိန့်ကုက စိတ်ဝင်စားစွာပြန်လည်မေးလိုက်သည်။

လျှံယင်းချွံသည် မိုးနဂါးဓားအကြောင်း စီးတိန့်ကုအား အသိပေးသင့်ပါ၏လောဟုတွေးမိပြန်သဖြင့် ခေတ္တမျှနှုတ်ဆိတ်သွား၏။

"ပြောပါကွ၊ မင်းပစ္စည်းတန်ဖိုးရှိတယ်ဆိုရင်လဲ ငါက ချန်းနီကို မင်းလက်ထဲပြန်အပ်မှာ၊ မင်းပြောတဲ့ပစ္စည်းကဘာပစ္စည်းလဲ"

လျှံယင်းချုံက တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသည်။

"ဓား- ဓားတစ်လက်ပါ"

စီးတိန့်ကု၏မျက်လုံးများ ချက်ချင်း အရောင်တောက်ပလာလေသည်။

"ငါသိပြီ- မိုးနဂါးဓားမဟုတ်လား၊ ပြောစမ်း၊ ပြောစမ်း၊ အဲဒီဓားဘယ်မှာလဲ"

"မိုးနဂါးဓားတော့ ဟုတ်ပါတယ်"

"ဘာမဟုတ်တာရှိသေးလို့လဲကွ"

"ဓားကိုတော့ သေသေချာချာမတွေ့ရသေးပါဘူးဗျာ၊ ဒါပေမယ့် ဓားရှိနိုင်တဲ့သဲလွန်စကိုတော့ တွေ့ထားပါတယ်"

"ဟာ- ရတယ်၊ ရပါတယ်၊ အဲဒီနေရာကို မင်းလိုက်ပြရမယ်၊ ချန်းနီကို ငါလွှတ်ပေးမယ်"

"ဒါဖြင့် ချန်းနီကိုလွှတ်လိုက်လေဗျာ"

"မင်းနဲ့ချန်းနီထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်အကြောင်း ခင်ဗျားသိပါတယ်၊ ကျုပ်က ကတိစကားတစ်ခွန်းကို ဘယ်တုန်းကမှလွယ်လွယ်မပေးခဲ့ပါဘူး၊ သူ့ကိုသာ အရင်လွှတ်ပေးပါ၊ ကျုပ်နေရာလိုက်ပြပါ့မယ်"

"ဒီလိုတော့မရဘူး၊ မင်းရဲ့ လက်နှစ်ဖက်မလှုပ်နိုင်အောင် အကြောပိတ်မယ်၊ ပိတ်ပြီးရင် ချန်းနီကိုလွှတ်ပေးမယ်၊ မင်းသဘောတူမလား"



လျှံယင်းချုံသည် ချန်းနီ၏သိုင်းပညာကိုသိရှိသဖြင့် သူ့ကိုယ်စား မင်းသမီးလေးကို ရှာဖွေနိုင်စွမ်းရှိမည်ဟု ယုံကြည်ထားလေသည်။

"ကောင်းပြီပိတ်ပါ"

လျှံယင်းချုံက ထိုမျှသာပြောသည်။

စီးတိန့်ကုကျေနပ်သွားပြီး လျှံယင်းချုံ၏လက်နှစ်ဖက် မလှုပ်နိုင်စေမည့်အကြောများကို ထိုးပိတ်လိုက်လေသည်။

ထို့နောက် သူ့ကတိအတိုင်း ချန်းနီ၏အကြောများကိုဖြေပေးလိုက်သည်။

ချန်းနီသည် ထိုအခါကျမှ စကားပြောနိုင် လှုပ်ရှားလာနိုင်လေတော့သည်။

"အစ်ကို- ဘာဖြစ်လို့ ဒီလိုမျိုး အလဲအလှယ်လုပ်ရတာလဲ အစ်ကိုရယ်"

ချန်းနီက လျှံယင်းချုံအား ဝမ်းပန်းတနည်းလှမ်းပြောလိုက်လေသည်။

လျှံယင်းချုံက မချိပြုံးပြုံးလိုက်လေသည်။

"အစ်ကို့အတွက် ကိစ္စမရှိပါဘူးကွယ်၊ အခု ညီမလုပ်စရာတာဝန်တွေရှိနေတယ်၊ မင်းသမီးလေးကို မတွေ့တွေ့အောင်လိုက်ရှာပါ၊ မင်းသမီးလေးကိုတွေ့ရင် စုကျူးမြို့ဘက်ကို အမြန်ဆုံးသွားပါ၊ ဟိုမှာ ဘာလုပ်သင့်တယ်ဆိုတာ ညီမသိပြီးပြီ၊ အစ်ကို ထပ်မပြောလိုတော့ဘူး၊ အစ်ကို့ကို ဘာမှစောဒကတက်မနေပါနဲ့တော့၊ အစ်ကိုပြောတာတွေ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ညီမအနေနဲ့

သိပြီးသွားပါ"

ချန်းနီသည် လျှံယင်းချုံအား ရီဝေစွာကြည့်လိုက်သည်။

"ညီမ သွားတော့လေ"

လျှံယင်းချုံက ခပ်ထန်ထန်အမိန့်ပေးသောအခါမှ ချန်းနီသည် လျှံယင်းချုံအားဂါရဝပြုကာ ပြေးထွက်သွားလေတော့သည်။

"ကဲ- ငါ့ကတိအတိုင်း ချန်းနီကိုလွှတ်ပေးပြီးပြီ၊ မင်းကတိအတိုင်း မိုးနဂါးဘေးရှိရာကိုလိုက်ပြပေတော့"

"ကျုပ်တို့ မိုးနဂါးတောင်ပေါ်ကိုပြန်တက်ကြမယ်"

လျှံယင်းချုံသည် စီးတိန်နဲ့ကုရှေ့မှ ဦးဆောင်ထွက်သွားလေတော့သည်။

❋❋❋

## လောကသားတို့၏တိုက်ပွဲ

ကိုးဝက်ပါဂိုဏ်းချုပ်သည် မင်းသမီးလေးအား အကြော ပြန်ဖွင့်ပေးလိုက်သည်။

အကြောင်းမဲ့ဖွင့်ပေးခြင်းတော့ မဟုတ်ပါပေ။

ဘုရင့်သားတော် မင်းသားလေးအကြောင်း စစ်မေးလိုသဖြင့် အကြောဖွင့်ပေးခြင်းသာဖြစ်သည်။

မန်ချူးအာဏာပိုင်များထံ မင်းသမီးလေးကိုအပ်ရမည့်တန်ဖိုးထက် ဘုရင့်သားတော် မင်းသားလေးအား အပ်ရမည့်တန်ဖိုးက ပို၍ကြီးမားမည်ကို ကိုးဝက်ပါဂိုဏ်းချုပ် ပြန်လည်သတိရလာမိသောကြောင့် မင်းသမီးကလေးကို အကြောပြန်ဖွင့်ပေးလိုက်ခြင်းဖြစ်လေသည်။

"မင်းသမီးလေး ကျုပ်မေးတာကို မှန်မှန်ကန်ကန်ဖြေရင် မင်းသမီးလေးကို ပြန်လွှတ်ပေးပါ့မယ်"

မင်းသမီးလေးသည် တစ်ကိုယ်ကောင်းအကျိုးကို ကြည့်လို

သော ကိုးဝက်ပါဂိုဏ်းချုပ်အား လွန်စွာခွဲရှာလေသည်။

သို့သော် ဘုရင့်သားတော်လေးရှိခဲ့သည့်နေရာကို မပြသပါက သူမအား မန်ချူးအာဏာပိုင်များထံ စောစီးစွာသွားရောက် အပ်နှံမည်ဖြစ်၍ အချိန်ဆွဲသောအနေဖြင့် မင်းသားလေးရှိသည့်နေရာကို ပြသပါမည်ဟု ကတိပြုလိုက်လေသည်။

မိုးနဂါးတောင်ခရီးမှာ လွန်စွာပင်ပန်းလှသည်။

သို့သော် မင်းသမီးလေးမှာ အတော်အတန်ကျင့်သားရနေပြီဖြစ်၍ မညည်းညူလိုက်ပါသွားနိုင်ခဲ့သည်။

မင်းသမီးလေးသည် လျှို့ယင်းချုံ အမှတ်အသားပြုခဲ့သည့် သစ်ပင်ကြီးကို အတော်ကြိုးစား၍ရှာဖွေရသည်။

တွေ့လိုက်ရလျှင် လွန်စွာဝမ်းသာသွားသည်။

သစ်ပင်ကြီးနှင့် မျက်နှာချင်းဆိုင် ကျောက်နံရံဆီသို့သွားပြီး နံရံကို လက်ဖြင့်ပုတ်လိုက်သည်။

"ဒါ မင်းသားလေးရှိတဲ့ဂူပဲ၊ မင်းသားလေးရှိ မရှိတော့ ကျွန်မ မသိဘူး"

ကိုးဝက်ပါဂိုဏ်းချုပ်က မျက်မှောင်ကုပ်၍မေးလေသည်။

"ဘာလဲ- ဒါကလျှို့ဝှက်ဂူလား၊ လျှို့ဝှက်တံခါးရှိရမှာပေါ့၊ ဘယ်မှာလဲ"

"အဲဒီ ကျောက်နံရံပေါ်မှာရှာကြည့်ပါ၊ သူများတွေလဲ ဒီနံရံပေါ်မှာရှာပြီးဖွင့်ကြတာပဲ"

ကိုးဝက်ပါဂိုဏ်းချုပ်သည် ကျောက်ဂူနံရံကို တစ်လက်မမကျန်ရှာဖွေလေသည်။



မင်းသမီးလေးပြောသည့်အတိုင်း ကြေးပြားဝိုင်းခနဲ့ ခလုတ်ကလေးတစ်ခုကိုတွေ့ရလေသည်။

"ထောက်"

ခလုတ်နှိပ်လိုက်သောအခါ လျှို့ဝှက်တံခါးသည် တကျွိကျွိဖြင့်ပွင့်သွားလေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်သည် မင်းသမီးလေး၏စကားများကို ခြွင်းချက်မရှိ ယုံကြည်သွားလေသည်။

ဘုရင့်သားတော်လေးကိုတွေ့လျှင် ဘုရင့်သားတော်လေးကိုလည်းဖမ်း၊ မင်းသမီးလေးကိုလည်းဖမ်းကာ နှစ်ယောက်စလုံးကို မန်ချူးအာဏာပိုင်များထံအပ်၍ ကျောက်မျက်ရတနာများကို အစုလိုက်အပုံလိုက်တောင်းဆိုမည်ဟု စိတ်ကူးယဉ်လိုက်လေ၏။

သို့သော် ဂူအတွင်း၌ မည်သည့်အရိပ်အရောင်မျှ မတွေ့ရတော့ချေ။

မင်းသမီးလေးကား ကျိတ်၍ပြုံးနေလေသည်။

သူမ ခေါ်လာကတည်းက လူမရှိတော့သည့်ဂူသို့ ခေါ်လာခြင်းပေပဲ။ လူတစ်ယောက်မျှမရှိခြင်းသည် သူမအဖို့ ထူးဆန်းသည်မဟုတ်ပေ။

ထိုစဉ်မှာပင် မင်းသမီးလေးမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားဟုမခွဲခြားနိုင်သော အဖြစ်တစ်ရပ်နှင့် ပက်ပင်းတိုးရလေတော့သည်။

ဂူပြင်မှ စကားသံများလိုလိုကြားရသဖြင့် ကိုးဝက်ပါဂိုဏ်းချုပ်သည် မင်းသမီးလေးကိုဖမ်းဆွဲကာ ဂူနံရံ၌ကပ်နေလိုက်၏။

အပြင်မှစကားပြောသံများကို သူတို့ကြားလိုက်ရသည်။

"ဟင်- ဂူတံခါးပွင့်လို့ပါလား၊ တစ်ယောက်ယောက် လာဖွင့်တယ်နဲ့တူတယ်"

ထိုအသံရှင်ကား လျှံယင်းချုံပေတည်း။

"ဟင်- ဒါ ဒါဖြင့် ငါလိုချင်တဲ့ပစ္စည်း မရနိုင်တော့ဘူးပေါ့၊ ဒီပစ္စည်းကို လက်ဦးတဲ့လူ ရှိသွားပြီပေါ့"

ထိုအသံကား စီးတိန်ကုဏ်အသံပေတည်း။

မင်းသမီးလေးသည် လျှံယင်းချုံ၏အသံကိုသာကျက်မိ၏၊

စီးတိန်ကုက လျှံယင်းချုံကိုဖမ်းခေါ်လာသည်ကိုလည်း မသိရှိပေ။ ထို့ကြောင့် လျှံယင်းချုံအသံကြားသည်နှင့် လွန်စွာအားတက်သွားလေသည်။

သို့သော် သူမ၏အားတက်မှုမှာကြာရှည်မခံပါ။

ဂူထဲသို့ လျှံယင်းချုံတို့ဝင်လာသည်နှင့် လျှံယင်းချုံသည် စီးတိန်ကု၏အကျဉ်းသားဖြစ်နေသည်ကို တွေ့လိုက်ရတော့သည်။

ကိုးဝက်ပါဂိုဏ်းချုပ်၏ဆွဲထားမှုကိုခံနေရသော မင်းသမီးလေးမှာ လျှံယင်းချုံထံပြေးသွားလိုသော်လည်း ပြေးသွားနိုင်စွမ်းမရှိဘဲဖြစ်နေသည်။

"အစ်ကိုလျှံယင်းချုံ"

မင်းသမီးလေးကလှမ်းအော်လိုက်ရာ စီးတိန်ကုနှင့်လျှံယင်းချုံတို့သည် ကိုးဝက်ပါဂိုဏ်းချုပ်နှင့် မင်းသမီးလေးတို့ကို တွေ့သွားကြလေတော့သည်။

"ညီမ ဘယ်လိုဖြစ်လာတာလဲ"



"အစ်ကိုကကော ဘယ်လိုဖြစ်လာတာလဲ"

လျှံယင်းချုံနှင့်မင်းသမီးကလေးတို့သည် တစ်ယောက် တစ်ယောက် အပြန်ပြန်အလှန်လှန်မေးမိကြလေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်က တဟားဟားရယ်ပြီး မင်းသမီးလေးကို နောက်သို့ဆွဲယူလိုက်သည်။

"မင်းသမီးလေး ခင်ဗျားအသာနေစမ်းပါ၊ ဒီကိစ္စကို ကျုပ်ကြည့်ရှင်းလိုက်ပါ့မယ်"

ကိုးဝက်ပါဂိုဏ်းချုပ်သည် စီးတိန်ကုအား သူကဲ့သို့ပင် ဘုရင့်သားတော်လေးကို လာရှာသူဟုအထင်မှားသွားသည်။

စီးတိန်ကုကလည်း ကိုးဝက်ပါဂိုဏ်းချုပ်အား သူကဲ့သို့ပင် မိုးနဂါးဓားလာရှာသူဟုအထင်မှား၏။ စီးတိန်ကုသည် လျှံယင်းချုံ၏အကြောများကိုထိုးပိတ်လိုက်ရာ လျှံယင်းချုံမှာ ဝုန်းခနဲလဲကျသွားတော့သည်။

"ဟား- ဟား- ဟား- ကျားနဲ့ဆင်လယ်ပြင်မှာတွေ့ကြပြီဟေ့၊ မင်းမှာရှိသမျှပညာတွေ ထုတ်ပြစမ်း"

စီးတိန်ကုက အထက်စီးမှပြောရာ ကိုးဝက်ပါဂိုဏ်းချုပ်သည်လည်း ရှေ့သို့ခုန်ထွက်လာလေသည်။

"လာလေ- စမ်းကြည့်ကြသေးတာပေါ့"

ကိုးဝက်ပါဂိုဏ်းချုပ်က စကားဆုံးသည်နှင့် လျှပ်တစ်ပြက်ခုန်တိုက်လေတော့သည်။

စီးတိန်ကုသည် ရယ်ရယ်မောမောနှင့်ပင် ကိုးဝက်ပါဂိုဏ်းချုပ်၏တိုက်ခိုက်မှုကို တွန်းလှန်သည်။

သူတို့နှစ်ဦးသည် လက်ညီသူများဖြစ်၍ တစ်ဦးကိုတစ်ဦးအ
သာစီးဖြင့် မတိုက်ခိုက်နိုင်ကြချေ။

အမှားအယွင်းမရှိအောင်သာ ဂရုစိုက်တိုက်ခိုက်နေကြလေ
သည်။

သူတို့အကြိတ်အနယ် တိုက်ခိုက်နေချိန်တွင် မင်းသမီးလေး
သည် လျှံယင်းချံအနီးသို့ တဖြည်းဖြည်းတိုးကပ်သွားသည်။

ထိုအဖြစ်ကို စီးတိန့်ကုရော ကိုးဝက်ပါဂိုဏ်းချုပ်ပါ သတိမပြု
မိကြပေ။

အသက်လုတိုက်ခိုက်နေကြရသဖြင့် သတိမပြုနိုင်ခြင်း ဖြစ်
လေသည်။

လျှံယင်းချံနှင့် မင်းသမီးလေးထံသို့ အာရုံရောက်လာသူသည်
တစ်ဘက်ရန်သူ၏ထိုးနှက်ချက်ကို ခံရပေတော့မည်။

"အစ်ကို- အစ်ကို"

မင်းသမီးလေးက တီးတိုးခေါ်လိုက်သည်။

လျှံယင်းချံက-

"ညီမ ဘယ်လိုဖြစ်လာတာလဲ"

မင်းသမီးလေးက သူမ၏ဖြစ်စဉ်ကို အကျဉ်းချုပ်ပြောပြလိုက်
လေသည်။

"ဩော်- ဒီလိုလား၊ အခု ဘာမှလုပ်မနေနဲ့တော့၊ ညီမကိုရှာ
ဖို့ ချန်းနီကို အစ်ကိုတာဝန်ပေးထားတယ်၊ အခု ညီမ ထွက်ပြေးပေ
တော့၊ စီမင်းမြို့ကိုရောက်အောင်ပြေး၊ အဲဒီကျမှ မီးစင်ကြည့်ကပေ
တော့"



"အို- ဘယ်ဖြစ်မလဲ၊ အစ်ကိုပါ အတူတူလိုက်ခဲ့ပေါ့"

"အစ်ကို ဘယ်လိုလုပ်လိုက်နိုင်မှာလဲ၊ စကားပြောနိုင်ခွင့်ရ
နေတာကိုပဲ ကျေးဇူးတင်နေရသေးတယ်၊ ညီမကလဲ သိုင်းပညာမ
တတ်တော့ စီးတိန့်ကုပိတ်ထားတဲ့အကြောကို ညီမဖွင့်နိုင်မှာမဟုတ်
ဘူး"

"အစ်ကို နည်းလမ်းကိုပြောလေ၊ ညီမဖွင့်ပေးမယ်"

လျှံယင်းချံ စိတ်မရှည်ချင်တော့ပါ။

"အကြောပိတ် အကြောဖွင့်ပညာကို သာမန်လူတွေ ဘယ်
တတ်ပါ့မလဲ၊ ဒီလိုသာ လွယ်လွယ်လုပ်နိုင်ရင် လူတိုင်း သိုင်းသမား
တွေဖြစ်ကုန်မှာပေါ့"

"ဒီလိုဆိုရင် ဘယ်လိုလုပ်မလဲဟင်"

"အစ်ကိုပြောသလို စီမင်းမြို့ကိုသာပြေးပါ၊ သူတို့ဂရုမစိုက်နိုင်
ခင်ပြေးမှ လွတ်မှာနော်၊ အစ်ကို့ကို သူတို့ရှုတ်တရက်မသတ်ပါဘူး၊
အစ်ကိုက သူတို့ကို မိုးနဂါးဓားနဲ့မက်လုံးပေးထားတာကိုး၊ အစ်ကို
လွတ်လာရင် စီမင်းကိုပဲပြေးလာခဲ့မယ်၊ ကဲ- အချိန်ဖြုန်းမနေနဲ့ ပြေး
ပေတော့"

မင်းသမီးလေးမှာ မတတ်သာတော့သဖြင့် ထရပ်လိုက်ရှာ
လေသည်။

"ညီမပြေးရင် လူသွားလမ်းလိုနေရာကမပြေးနဲ့၊ ခက်ခဲတဲ့
တောလမ်းကပြေး၊ ဒါမှ ဒီကောင်တွေရုတ်တရက်ရှာမတွေ့ဘဲနေမှာ"

မင်းသမီးလေးကခေါင်းညိတ်ပြီး ဂူပြင်သို့ပြေးထွက်သွားလေ
တော့သည်။

ထိုအဖြစ်အပျက်ကို ကိုးဝက်ပါဂိုဏ်းချုပ်နှင့် စီးတိန့်ကုတို့မ သိလိုက်ကြပေ။ တစ်ဦးနှင့်တစ်ဦး သဲကြီးမဲကြီးတိုက်ခိုက်နေကြလေသည်။

လျှံယင်းချုံသည် လဲကျနေရာမှ စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့၏တိုက်ကွက်များကို မှတ်သားနေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်သည် စီးတိန့်ကုအကြောင်း ကောင်းစွာသိထားသည်။

ထိုလူကို တစ်ချက်အလစ်ပေးလိုက်သည်နှင့် သူ့အား အဆိပ်လက်နက်ပုန်း သို့မဟုတ် အဆိပ်ငွေ့လုံးဖြင့် လုပ်ကြံတိုက်ခိုက်နိုင်ကြောင်းသဘောပေါက်ထားသည်။

ထို့ကြောင့် တစ်ချက်မျှအနားမပေးဘဲ တရစပ်တိုက်ခိုက်နေခြင်းဖြစ်ပေသည်။

သူတို့သည် သိုင်းကွက်ပေါင်းကိုးဆယ့်ခုနစ်ကွက်ရောက်သည့်တိုင် တစ်ဦးကိုတစ်ဦးအနိုင်မယူနိုင်ဘဲရှိနေလေသည်။

"အင်း- ခုချိန်မှာတော့ သူတင်ကိုယ်တင် အကြိတ်အနယ်ပဲရှေ့ရည်တိုက်ပြီး အားမွေးမယ့်အချိန်မျိုးကျရင် သူက ငါ့ကို အဆိပ်နဲ့ဒုက္ခပေးနိုင်တယ်၊ ခုကတည်းက အတွင်းအားချင်းပြိုင်လိုက်ရင် သူ့အဆိပ်ကို ကြိုတင်ကာကွယ်တားဆီးသလိုဖြစ်လိမ့်မယ်"

ကိုးဝက်ပါဂိုဏ်းချုပ်သည် တိုက်ခိုက်နေရင်းမှထိုသို့စဉ်းစားလိုက်သည်။ ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် နောက်ထပ် သိုင်းကွက်ပေါင်း ငါးဆယ်တိတိအကြိတ်အနယ်တိုက်ခိုက်ကြသည်

နှစ်ဦးစလုံး၌ သိုင်းကွက်အထူးအဆန်းများမရှိကြတော့သဖြ



သုံးပြီးသားသိုင်းကွက်များကို ပြန်လည်သုံးစွဲလာကြရလေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်သည် ထိုအချိန်အခါကိုစောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူသည် သူ့လက်ဝါးသို့ ရှိရှိသမျှအတွင်းအားများကိုပို့လွှတ်ပြီး စီးတိန့်ကု၏မျက်နှာကိုရိုက်ချလိုက်သည်။

စီးတိန့်ကုကလည်း အလန့်တကြားပြန်ခုခံရသည်။ ထိုအခါ လက်ဖဝါးလေးဖက်ပူးသွားကြပြီး တစ်ဦးနှင့်တစ်ဦး အတွင်းအားချင်း ယှဉ်ပြိုင်ရသည့်အဆင့်သို့ ရောက်သွားလေတော့သည်။

လျှံယင်းချုံသည် ထိုတိုက်ပွဲကို အလွန်တရာစိတ်ဝင်စားစွာ ကြည့်နေမိသည်။

"အင်း- စီးတိန့်ကုဟာ မန်ချူးအရာရှိလောကမှာ ကျော်ကြားသလို သိုင်းလောကမှာလဲကျော်ကြားတာ ဒါကြောင့်ပဲကိုး၊ ကိုးဝက်ပါဂိုဏ်းချုပ်ကတော့ သိုင်းလောကမှာကျော်ကြားပြီးသားပဲ၊ ဘာပဲဖြစ်ဖြစ် သူတို့ပညာဟာ ငါ့ထက်အဆင့်မြင့်တာတော့အမှန်ပဲ"

ဤပုံစံအတိုင်းသာ အတွင်းအားချင်း ယှဉ်ပြိုင်သွားကြလျှင် နှစ်ဦးစလုံး လေဖြတ်သွားနိုင်သည်။

တစ်ဦးဦး ချည့်နဲ့သွားနိုင်သည်။ တစ်ဦးဦး သေဆုံးသွားနိုင်ပေသည်။

ထိုအချိန်မှာပင်-

မုတ်ဆိတ်ရှည်နှင့် အဘိုးအိုတစ်ယောက်သည် စီးတိန့်ကုနှင့် ကိုးဝက်ပါဂိုဏ်းချုပ်တို့ အကြိတ်အနယ်တိုက်ခိုက်နေသည့်ဂူထဲသို့ လျှပ်တစ်ပြက်ရောက်ရှိလာလေတော့သည်။

ထိုအဘိုးအိုကိုမြင်သည်နှင့် လျှံယင်းချုံ ဖြုံသွားတော့သည်။

ထိုသူကား လျှံယင်းချုံနှင့်ဖုကျားကျေးရွာတစ်ရွာလုံးကို ဒုက္ခပေးခဲ့သည့် အဆိပ်ဝိဇ္ဇာပင်ဖြစ်ပေတော့သတည်း။

❁❁❁

## လက်လျှော့သွားကြခြင်း

အဆိပ်ဝိဇ္ဇာသည် လဲကျနေသည့်လျှံယင်းချုံကို မမြင်ပေ။

အတွင်းအားချင်းယှဉ်ပြိုင်နေသည့် စီးတိန့်ကုနှင့် ကိုးဝက်ပါဂိုဏ်းချုပ်တို့ကိုသာမြင်သည်။

"ဟာ- ဒီနှစ်ကောင်သေတော့မှာပဲ"

အဆိပ်ဝိဇ္ဇာသည် အောက်လမ်းဂိုဏ်းသားဖြစ်၏။ ရက်စက်ဆိုးသွမ်းသည့်အပြုအမူမှန်သမျှ အကုန်ထွက်သည်။

အထက်လမ်းဂိုဏ်းသားများကို မုန်းတီးသော်လည်း အောက်လမ်းဂိုဏ်းသားအချင်းချင်းမူ ရိုင်းပင်းမှုရှိပေသည်။

သူသည် စီးတိန့်ကုထက်လည်းကောင်း၊ ကိုးဝက်ပါဂိုဏ်းချုပ်ထက်လည်းကောင်း အတွင်းအားကြီးမားသူဖြစ်သည်။ အတွင်းအားယှဉ်ပြိုင်သူများအနီးသို့သွားပြီး ပူးကပ်နေသောလက်ဖဝါးလေးခုကိုတွန်းထုတ်ဖြိုခွဲပစ်လိုက်၏။

"ဝုန်း"

စီးတိန့်ကုရော ကိုးဝက်ပါဂိုဏ်းချုပ်ပါ ဒယီးဒယိုင်ဖြင့်နောက်

ဆုတ်သွားကြသည်။ လူချင်းကွဲသွားသော်လည်း သူတို့သည် တစ်ဦးကိုတစ်ဦး စောင့်၍ကြည့်နေကြလေ၏။

"မင်းတို့က ဘယ်လိုဖြစ်နေကြတာလဲကွ၊ ဟေ"

စီးတိန်ကုသည် အဆိပ်ဝိဇ္ဇာကိုမကြည်မသာကြည့်လိုက်၏။

သူဖြိုရမည့် ထိပ်ခေါင်တင်သိုင်းစာရင်းတွင် အဆိပ်ဝိဇ္ဇာပါနေသည်မဟုတ်ပါလော။

စီးတိန်ကုရော ကိုးဝက်ပါ ဂိုဏ်းချုပ်ပါ သူတို့ရန်ဖြစ်ရသည့် အကြောင်းရင်းများကို ရှင်းမပြလိုကြချေ။

စီးတိန်ကုက မိုးနဂါးဓားလိုချင်သူဖြစ်သည်။

မိုးနဂါးဓားအကြောင်း အဆိပ်ဝိဇ္ဇာသိသွားပါက သူ့ထံမှ အနိုင်အထက်ယူမည်ကိုစိုးရိမ်သည်။

အဆိပ်ဝိဇ္ဇာ၏ပညာကို သူ မယှဉ်နိုင်သေးကြောင်း သူ့ကိုယ်သူသိထားသည်။

ကိုးဝက်ပါဂိုဏ်းချုပ်ကလည်း ထိုနည်းလည်းကောင်းပင်။

ဘုရင့်သားတော်လေးကို သူကိုယ်တိုင်ဖမ်းပြီးမန်ချူးများထံသွားအပ်မည်ကိုစိုးရိမ်သည်။

အကြောင်းကိုယ်စီကြောင့် စီးတိန်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့ နှုတ်ပိတ်နေကြလေသည်။

အဆိပ်ဝိဇ္ဇာ ဤနေရာသို့လိုက်လာခြင်းမှာ စီမင်း၌ စီးတိန်ကုနှင့်လျှံယင်းချုံတို့ အပေးအယူလုပ်သည့်ကိစ္စကို စားပွဲထိုးလုလင်မှတစ်ဆင့် သတင်းရရှိ၍ဖြစ်သည်။

ထိုအချက်ကို စီးတိန်ကု မသိရှိပေ။



အဆိပ်ဝိဇ္ဇာသည် အခန်းထဲလှည့်ပတ်ရှာဖွေသောအခါ တစ်နေရာ၌လဲကျနေသော လျှံယင်းချုံကို တွေ့ရသဖြင့် အကြောဖွင့်ပေးလိုက်သည်။

"ဟား- ဟား- ဟား- ငါတို့တွေ ဖုကျားရှာဝိုင်းလိုက်ရတာ၊ အချိန်ကုန်တယ်၊ လူသော်ပန်းတယ်၊ ဖမ်းချင်တဲ့လူကိုမမိဘူး၊ အခုတော့ ကြည့်စမ်း- မမျှော်လင့်ဘဲနဲ့ မင်းကိုလာမိနေပြီ"

လျှံယင်းချုံသည် စိတ်ပျက်လက်ပျက်ထရပ်မိလေသည်။

ဆီပူအိုးထဲမှ မီးဖိုထဲခုန်ချသလိုဖြစ်နေသည့်သူ့ဘဝကို လှောင်ရယ် ရယ်ရလေလားဟုပင်တွေးလိုက်မိသည်။

"ကျုပ်ကိုမိလို့ ခင်ဗျားအတွက်ဘာအကျိုးရှိနိုင်မှာလဲ၊ ကျုပ်ကသာမန်လူတစ်ယောက်ပဲဗျ"

လျှံယင်းချုံက ခပ်ဆတ်ဆတ်ပင်ပြောလိုက်သည်။

အဆိပ်ဝိဇ္ဇာက-

"ဟေ့ကောင်- လောလောဆယ် ငါသိချင်တာတစ်ခုပဲရှိတယ်၊ မိုးနဂါးဓားဘယ်မှာလဲ"

လျှံယင်းချုံက စီးတိန်ကုကိုလှမ်းကြည့်၏။

စီးတိန်ကုက သူလည်း ဘာမျှမတတ်နိုင်တော့ကြောင်း ပခုံးကိုတွန့်ပြလေသည်။

လျှံယင်းချုံကရှင်းပြသည်။

"မိုးနဂါးဓား တကယ်ရှိမရှိတော့ ကျုပ်မသိဘူး၊ မိုးနဂါးဓားသဲလွန်စကိုပြမယ်လို့ဝန်ခံပြီး စီးတိန်ကုကို ကျုပ်ကခေါ်လာတာပါ၊ ဆရာကြီးအနေနဲ့ မိုးနဂါးဓားချက်ချင်းလက်ထဲရောက်မယ်လို့ တွက်

နေရင်တော့ မှားလိမ့်မယ်"

အဆိပ်ဝိဇ္ဇာက ကောက်ကျစ်စွာပြုံးလိုက်လေသည်။

"မင်းမှ တကယ်မသိတဲ့ကိစ္စ၊ ငါက အတင်းအကျပ်မေးလို့ ဖြစ်ပါ့မလား၊ မင်းသိတဲ့သဲလွန်စကိုပဲပြောပါ၊ ငါကျေနပ်ပါတယ်"

"ကောင်းပြီ- အဲဒီသဲလွန်စကိုပြမယ်။ ကံကောင်းရင်လဲ မိုးနဂါးဓားကို ခင်ဗျားတို့ရမယ်၊ ကံဆိုးရင်တော့ မရဘူးပေါ့၊ ရရ မရရ ကျုပ်ကိုတော့ပြန်လွှတ်ပေးရမယ်"

"လွှတ်ပေးပါ့မယ်ကွာ၊ ငါကတိပေးပါတယ်"

"ကဲ- ဒါဖြင့်လာကြ"

လျှံယင်းချုံသည် အားလုံးကိုခေါ်လိုက်သည်။

ဂူ၏ဒုတိယအခန်းဖွင့်သည့်ခလုတ်ကို နှိပ်ချလိုက်သည်။

"ကျွီ. . ကျွီ. . ကျွီ. . "

လျှို့ဝှက်တံခါးသည် တဖြည်းဖြည်းပွင့်သွားသည်။

အဆိပ်ဝိဇ္ဇာ၊ စီးတိန်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် တအံ့တဩကြည့်မိကြလေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်က လျှံယင်းချုံအား တီးတိုးကပ်၍မေးလိုက်သည်။

"ဒီနေရာမှာ ဘုရင့်သားတော်လေးနေသွားတယ်ဆိုတာ ဟုတ်သလား"

"အရင်ကတော့ ဟုတ်ပါတယ်၊ အခု ဘယ်ကိုရောက်သွားမှန်း မသိတော့ပါဘူး"

လျှံယင်းချုံသည် စကားဆုံးသည်နှင့်လက်နက်စင်များရှိရာသို့



ဦးတည်လျှောက်သွားသည်။

မိုးနဂါးဓားအိမ်ဟုယူဆရသောဓားအိမ်ကို အဆိပ်ဝိဇ္ဇာ၏ လက်ထဲသို့ထည့်ပေးလိုက်လေသည်။

"ဒါဟာ မိုးနဂါးဓားရဲ့သဲလွန်စပဲ၊ ဆရာကြီးပဲ စစ်ဆေးကြည့်ပါတော့"

အဆိပ်ဝိဇ္ဇာသည် ဓားအိမ်ပေါ်မှအရုပ်များကို ကြည့်သည်။ ဓားအိမ်ကို လက်ဖြင့်ဆကြည့်လိုက်သည်။

ဓားအိမ်သည် စီးပိုးပိုးလေးလေးပင်ပင်ဖြစ်နေသည်။ သာမန်ဓားအိမ်များထက် လေးပင်ပေသည်။

"အင်း- လက်ရာကလဲထူးခြားတယ်၊ မိုးနဂါးဓားရဲ့ဓားအိမ်ဖြစ်ဖို့ကတော့ အကြောင်းများပါတယ်၊ ဓားအိမ်ရှိရင် ဓားလဲဒီအခန်းထဲမှာပဲရှိရမယ်"

ကိုးဝက်ပါဂိုဏ်းချုပ်သည် မိုးနဂါးဓားရှိနိုင်သည်ဟုသိရသောအခါ မျက်လုံးများဝင်းလက်တောက်ပလာသည်။

အဆိပ်ဝိဇ္ဇာသည် ဓားအိမ်ကိုကိုင်ရင်း အခန်းတစ်ခုလုံးကို လှည့်ပတ်စစ်ဆေးနေသည်။ လက်နက်စင်ပေါ်မှ အခြားဓားကိုလည်း စစ်ဆေးသည်။

ထူးခြားသည့်ဓားဟူ၍ တစ်လက်မျှမတွေ့ရပေ။

"အင်း- ထူးတော့ထူးခြားတာပဲ၊ မင်းဒီအခန်းထဲရောက်ပြီး ဒီဓားအိမ်ပဲ တွေ့သလားကွာ"

အဆိပ်ဝိဇ္ဇာက လျှံယင်းချုံအားမေးသည်။

လျှံယင်းချုံက-

"ဒီဓားအိမ်ပဲတွေ့တယ်၊ ဓားတွေ့ရင်ကျုပ်ယူထားလိုက်ပြီပေါ့"

အဆိပ်ဝိဇ္ဇာသည် ဓားအိမ်ကိုခေါက်ကြည့်လိုက်သည်။

လေးငါးဆယ်ချက်ခေါက်လိုက်သောအခါ လက်တစ်ညှိုးခန့်ရှိ သားရေချပ်ကလေးထွက်လာသည်။

"ဟာ. ."

အားလုံး အံ့ဩသွားသည်။ ထိုသို့စိတ်ကူးရသောအဆိပ်ဝိဇ္ဇာကိုလည်း အထင်ကြီးသွားကြသည်။

အဆိပ်ဝိဇ္ဇာက သေးငယ်သောသားရေချပ်ကလေးကို လျင်မြန်စွာ ကောက်ယူကြည့်လိုက်လေသည်။

သားရေချပ်ပေါ်တွင် သေးငယ်သောငါးဂဏန်းကလေးတွေ့ရလေသည်။

"ဒါက ဘာအဓိပ္ပါယ်လဲ"

အဆိပ်ဝိဇ္ဇာလည်း ထိုငါးဂဏန်း၏အဓိပ္ပါယ်ကို မဖော်တတ်ပေ။ လျှံယင်းချိုက စဉ်းစဉ်းစားစားပြောသည်။

"ဒါဟာ မိုးနဂါးဓားရှိတဲ့နေရာကို ရည်ညွှန်းတဲ့အမှတ်အသားလက္ခဏာပဲဖြစ်မယ်၊ သေသေချာချာစဉ်းစားရင် အဓိပ္ပါယ်ပေါ်လာမှာပါ"

ထိုတခဏ်အချိန်၌ လူလေးယောက်စလုံး၌ တစ်ယောက်ကိုတစ်ယောက် ကောက်ကျစ်မည့်စိတ်မျိုး မထားရှိကြတော့ပေ။

ငါးဂဏန်းနှင့်ပတ်သက်၍ အကြီးအကျယ်စဉ်းစားနေကြလေတော့သည်။

သူတို့ထဲ၌ သိုင်းလောကအတွေ့အကြုံ အများဆုံးဖြစ်သော

အဆိပ်ဝိဇ္ဇာက အားလုံးကိုရှင်းပြသည်။

"ဒီအခန်းထဲမှာ ငါးဂဏန်းအမှတ်အသားကို လိုက်ရှာကြ၊ ငါးဂဏန်းတွေ့ရင် မိုးနဂါးဓားကိုလွယ်လွယ်တွေ့ပြီလို့သာမှတ်၊ မတွေ့ရင်တော့ တော်တော့်ကို ခက်ခက်ခဲခဲရှာရမှာသေချာတယ်"

လျှံယင်းချို၊ စီးတိန့်ကုနှင့်ကိုးဝက်ပါကိုဏ်းချုပ်တို့သည် ငါးဂဏန်းအမှတ်အသားကို ပိုက်စိပ်တိုက်ရှာကြပြန်လေသည်။

အဆိပ်ဝိဇ္ဇာကိုယ်တိုင်လည်း အငြိမ်မနေပေ။ တစ်လက်မချင်းပိုက်စိပ်တိုက်၍ ရှာဖွေသည်။

ဤအခန်းထဲ၌ ငါးအမှတ်အသားသည် အမှန်တကယ်ရှိနေသည်။ အခန်းကြမ်းပြင်၏အလယ်ဗဟိုကိုစက်ဝိုင်းပြုလျက် သုည ငါးလုံးဝိုင်းပတ်ထားသည်။

သုညဖြစ်နေခြင်း၊ မှေးမှိန်နေခြင်း၊ ရှာဖွေသူများ၏စိတ်ထဲ၌ ငါးဂဏန်းအမှတ်အသားကိုစိတ်စွဲနေခြင်းတို့ကြောင့် ထိုအဝိုင်းလေးငါးလုံးကို ငါးဂဏန်းအမှတ်အသားပင်ဖြစ်သည်ဟု သတိမပြုမိကြတော့ချေ။

သူတို့အားလုံး တစ်နေကုန်ရှာဖွေကြသည်။

မည်သူမျှ မတွေ့ကြချေ။

လျှံယင်းချိုက-

"ကဲ- ကျုပ်သိသမျှပြောပြခဲ့ပြီးပြီ၊ ခင်ဗျားတို့ကိုလဲ ဝိုင်းကူညီပေးပြီးပြီ၊ ကျုပ်က မိုးနဂါးဓားကိုမလိုချင်ဘူး၊ ကျုပ်ကိုသွားခွင့်ပြုပါ"

ထိုအခါ အဆိပ်ဝိဇ္ဇာက တဟားဟားရယ်မောလေတော့၏။

"ဟား . . ဟား . . ဟား မင်း ငါ့ဆီကလွတ်ဖို့ ဒီလောက်လွယ်မယ်ထင်သလားကွ"

လျှံယင်းချုံ ဒေါသထွက်သွားသည်။

"ဘာပြောတယ်"

သို့သော် သူဆက်၍မပြောတော့ပါ။

အကြောင်းမှာ ဤဂူထဲ၌ ရှိနေသူအားလုံးသည် သူ၏ရန်သူများချည်းသာဖြစ်နေသောကြောင့်တည်း။

စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့ကမူ မည်သို့မျှ ဝင်မပြောကြချေ။

အဆိပ်ဝိဇ္ဇာက-

"မင်း မှန်မှန်ပြော၊ မိုးနဂါးဓားကို မင်းရထားပြီးပြီမဟုတ်လား"

"ကျုပ် ရမထားဘူး၊ ဒါအမှန်အတိုင်းပဲ"

"ငါမယုံဘူး"

"ခင်ဗျားယုံတာမယုံတာ ကျုပ်အလုပ်မဟုတ်ဘူး၊ ဒီအကြောင်းကို ကျုပ်အစကတည်းက စီးတိန့်ကုကိုရှင်းပြထားပြီးပြီ"

"မိုးနဂါးဓား ငါတို့လက်ထဲမအပ်လို့ကတော့ မင်းသေပြီသာမှတ်"

လျှံယင်းချုံဆက်မပြောတော့ချေ။

အဆိပ်ဝိဇ္ဇာသည် အတန်ကြာစောင့်ဆိုင်းပြီး-

"ကောင်းပြီ- မင်းကို ဒီဂူထဲမှာပဲထားခဲ့ရမှာပဲ"

အဆိပ်ဝိဇ္ဇာသည် စကားဆုံးသည်နှင့် လျှံယင်းချုံ၏အကြောများကိုထိုးပိတ်ပစ်လိုက်သည်။



"ကဲ- ငါတို့သွားကြစို့"

စီးတိန့်ကုက လျှံယင်းချုံအား မေးဆတ်ပြလိုက်လေသည်။

"ဆရာကြီး- သူ့ကို ဒီအတိုင်းပဲထားခဲ့တော့မှာလား"

"ဒီအတိုင်းပဲထားခဲ့မယ်၊ ဒီအကောင်က မင်းတို့ချောက်ကျအောင် တမင်ဒီကိုခေါ်လာတာဖြစ်မယ်"

အဆိပ်ဝိဇ္ဇာ၊ စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် ဂူအပြင်သို့ထွက်လာသည်။ အတွင်းဂူနံရံကို ပိတ်သည်။

အပြင်ဂူတံခါးကို ပိတ်သည်။

အဆိပ်ဝိဇ္ဇာက-

"ကဲ- သူ့ကိုအကြောပိတ်ထားတယ်၊ ဂူလဲပိတ်ပြီးပြီ၊ ဒါ သူသချိုင်းပဲ၊ ဒီကောင်ဟာ ငါ့ကိုဖုကျားကျေးရွာမှာ **တစ်ခါခုက္ခပေးပြီး**ပြီ၊ အခုတော့ မပေးနိုင်တော့ဘူး၊ မင်းတို့လဲ **သွားစရာရှိတာသွား**ကြတော့၊ ငါလဲ စုကျူးမြို့ကိုသွားစရာရှိသေး**တယ်**"

စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် လျှံယင်းချုံသေမည့်ကိစ္စကို စိတ်ရှုပ်ခံ၍မစဉ်းစားကြပါ။

သူတို့ကိစ္စထဲ အဆိပ်ဝိဇ္ဇာဝင်လာပြီး ဩဇာပေးနေသည်ကိုသာ စိတ်မသက်မသာဖြစ်နေကြသည်။

အဆိပ်ဝိဇ္ဇာက စတင်လမ်းခွဲသောအခါ နှစ်ယောက်စလုံး ဝမ်းသာအားရဖြစ်သွားပြီး ဂါရဝပြုလျက် ပြေးထွက်သွားကြလေတော့သည်။

❀❀❀

မိုးနဂါးတာ

လျှံယင်းချုံသည် ဂူ၏အတွင်းခန်းထဲ၌လဲကျနေခဲ့သည်။

သူသည် သူ့အသက်သေဆုံးရမည့်ကိစ္စကို လုံးဝမတွေးချေ။ သေရမည်ကိုလည်း မကြောက်ချေ။

သူကြောက်သည်မှာ သူတို့တစ်မျိုးသားလုံး မန်ချူးတို့လက်အောက်ကျရောက်မည့်အဖြစ်သာတည်း။

ယခု သူသည် အဆိပ်ဝိဇ္ဇာ၏ကောင်းမှုကြောင့် အချည်းနှီး သေဆုံးရမည်ကဲ့သို့ဖြစ်နေသည်။

"ဟင်- ငါဘာဖြစ်လို့သေရမှာလဲ၊ အကြောပိတ်တာကို အတွင်းအားကျင့်စဉ်နဲ့ ပြန်ဖွင့်လို့ရတဲ့အခါတွေ ရှိသေးတာပဲ"

လျှံယင်းချုံကား တကယ့်အာဇာနည်ဖြစ်သည်။

တကယ့်သူရဲကောင်းဖြစ်သည်။

သူကဲ့သို့ သူရဲကောင်းမျိုးမှာ များသောအားဖြင့် ဒဏ္ဍာရီထဲတွင်သာရှိတတ်သည်။



သူသည် လဲကျနေရာမှ အတွင်းအားကျင့်စဉ်ကို ပြန်လည်နှလုံးသွင်းသည်။

သွေးကြောများ လည်ပတ်စီးဆင်းနိုင်ရန် ကြိုးစားသည်။

သူ အကြိမ်ကြိမ်ကြိုးစားသည့်တိုင် သွေးကြောများ မလည်ပတ်နိုင်ဘဲရှိသည်။

ဤအခြေအနေမျိုးတွင် တော်ရုံသာဖွဲ့ရှိသူ လက်လျှော့သွားမည်ဖြစ်သည်။ လျှံယင်းချုံတစ်ယောက်သာ သာမန်လူများထက်သာသူဖြစ်သည်။

သူသည် သာမန်လူမဟုတ်ချေ။

ဇွဲမလျှော့၊ လက်မလျှော့ချေ။

အတွင်းအားကျင့်စဉ်ကိုသာ ထပ်တလဲလဲမရပ်မနား လေ့ကျင့်လေတော့သည်။

ထိုအခါ ပိတ်ဆို့နေသောသွေးကြောလေကြောတို့သည် အနည်းငယ်မျှစီထူးခြားလာသည်။

အနည်းငယ်မျှသော ထူးခြားချက်သည်ပင် လျှံယင်းချုံအတွက် အားဆေးတစ်ခွက်ပင်ဖြစ်လေ တော့သည်။

"ငါမသေနိုင်သေးဘူး၊ ငါကြိုးစားလို့ သွေးကြောတွေလှုပ်ရှားစပြုလာပြီ၊ ဒါကို အရှိန်မသေအောင်ကြိုးစားရမယ်၊ သွေးကြောပွင့်သွားရင် ဒီဂူထဲကငါလွတ်နိုင်တာပဲ၊ ဒီဂူဟာ အတွင်းအပြင်ခလုတ်ရှိတဲ့ဂူပဲ"

သူသည် ထပ်ကာထပ်ကာကြိုးစားသည်။

သူကြိုးစားမှုသည် တစ်စထက်တစ်စအောင်မြင်လာသည်။

နောက်ဆုံး၌ အဆိပ်ပိဋကပိတ်ထားသည့်သွေးကြောများသည် အကုန်ပြန်ပွင့်သွားလေတော့သည်။

"ဟင်း. . "

လျှံယင်းချို ပထမဦးဆုံး အတွေးမျက်လုံးထဲ၌မြင်လိုက်မိသူမှာ သူ့ဖခင်၊ မိခင်နှင့်နှမလေးတို့သာဖြစ်သည်။

"ဖေဖေ မေမေနဲ့ ညီမလေးတို့ ကျွန်တော်မသေတော့ပါဘူး ဖေဖေ့အသက် မေမေ့အသက်နဲ့ ညီမလေးတို့အသက်စွန့်ရကျိုးနပ်အောင် မန်ချူးတွေကို ကျွန်တော်တို့မြေပေါ်က နှင်ထုတ်ပစ်နိုင်ပါတော့မယ်"

လျှံယင်းချိုသည် အတွင်းအားကျင့်စဉ်ကို **ပြန်လည်**လေ့ကျင့်ပြန်သည်။ လူကောင်းပကတိ သွေးလေလှုပ်ရှား**နိုင်သောအခါ**မှ ထရပ်သည်။

လျှံယင်းချိုလူကောင်းပကတိပြန်ဖြစ်ချိန်တွင် အချိန်သည် တစ်ညတာလုံးလုံးကုန်ဆုံးသွားခဲ့သည်။ သူသည် တစ်ညနေလုံး တစ်ညလုံး ထပ်တလဲလဲကြိုးစားခဲ့သဖြင့်သာ သွေးကြောများပြန်ပွင့်ခဲ့ရခြင်းဖြစ်ပေသည်။

လျှံယင်းချို ကျေနပ်စွာပြုံးလိုက်သည်။

သူသည် မည်သည့်အခါကမျှ စောစီးစွာသေရန် စိတ်မကူးခဲ့ချေ။

သေမင်းသည် စိတ်ဓာတ်ကြံ့ခိုင်သူများအား ခက်ခက်ခဲခဲ မခေါ်ကြောင်းတွေး၍ ပြုံးမိခြင်းသာဖြစ်ပေသည်။

"ငါမသေတော့ဘူး။ ဒီတစ်ခါ မိုးနဂါးတောင်ခြေဆင်းသွားပြီး



ရင် ပြန်တက်လာဖို့လဲ အချိန်မရှိတော့ဘူး၊ ဒီတော့ တစ်ကြိမ်ထဲ ပြီးပြတ်သွားအောင် ငါးဂဏန်းအမှတ်အသားကိုရှာမယ်၊ ပြီးမှ ဘုရင့်သားတော်လေးနောက်လိုက်တော့မယ်"

လျှံယင်းချိုသည် လိုဏ်ဂူတံခါးများကိုဖွင့်သည်။ ဂူပြင်တောထဲသို့ထွက်၍ သစ်သီးသစ်ဥများကိုရှာဖွေပြီး ဂူထဲသို့ပြန်သယ်လာခဲ့သည်။

သူသည် အတွင်းဂူထဲဝင်လျက် သစ်သီး၊ သစ်ဥများကို စိမ်ပြေနပြေစားကာ ငါးဂဏန်းအမှတ်အသားအကြောင်း တွေးတောစဉ်းစားနေသည်။

"အင်း- အဆိပ်ပိဋကဆိုတဲ့အဘိုးကြီးဟာ အတွေ့အကြုံတော့ရှိတယ်၊ ဓားအိမ်ထဲမှာ **သဲလွန်စတစ်ခုခုရှိတယ်လို့ သူပဲတွေးမိတယ်**"

ထိုအချိန်၌ **နေသည် တဖြည်းဖြည်းမြင့်လျက်**ရှိနေလေပြီ။

လိုဏ်ဂူ၏အထ**က်၌ အလင်းရောင်ဝင်**ပေါက်တစ်ခုရှိရာ ထိုဝင်ပေါက်မှအလင်းတန်း**သည်လည်း နေရောင်** မြင့်တက်လာသည်နှင့်အမျှ နေရာပြောင်းလာသည်။

နေမွန်းတည့်ချိန်တွင် ထိုအလင်းတန်းသည်အခန်း၏အလယ်ဗဟိုတည့်တည့်သို့ထိုးကျလျက်ရှိနေလေတော့သည်။

ထိုနေရာမှ သုညငါးလုံးသည် ထိုအလင်းတန်းအောက်၌ ထင်ရှားစွာ ညွှန်ပြခဲ့နေရတော့သည်။

လျှံယင်းချိုသည် ပထမ၌ ထိုအလင်းတန်းကိုမကြည့်မိချေ။ **အတွေးလွန်ပြီး** ငူငူကြီးထိုင်နေမိသည်။

တစ်ကြိမ်တွင် ကံကောင်းထောက်မစွာ သူ့မျက်လုံးများသည်

ထိုအလင်းတန်းရှိရာသို့ ရောက်သွားသည်။

"တစ်. . နှစ်. . သုံး. . လေး. . ငါး. . ဒါ. . . ဒါ"

လှိုင်ယင်းချို ခုန်ထလိုက်လေသည်။

သူ လွန်စွာကံကောင်းပေသည်။ အလင်းတန်း အနည်းငယ် စောင်းသွားလျှင် သူသည် မှိန်ပျနေသောသုညငါးလုံးကို တွေ့နိုင်တော့မည်မဟုတ်ချေ။

"ဒါဟာ ငါးဂဏန်းအမှတ်အသားပဲ"

စိတ်လှုပ်ရှားလွန်းသဖြင့် လှိုင်ယင်းချိုသည် တုန်တုန်ယင်ယင်ဖြစ်လာသည်။

ထိုအမှတ်အသားရှိရာ အခန်း၏အလယ်ဗဟိုသို့ လေးဘက်ထောက်လျက်တိုးကပ်လာရသည်။

"သုညငါးလုံး၊ ဒါဟာငါးဂဏန်းပဲ"

သုညငါးလုံး၏အလယ်တည့်တည့်တွင် လက်မ၏လက်သည်းခွံပမာဏမျှရှိသော ကြေးပြားဝိုင်းကလေးရှိသည်။

လှိုင်ယင်းချို အသေအချာကြည့်၍ သိရခြင်းဖြစ်သည်။

သာမန်ကြည့်လျှင် ညီညစ်သောအရောင်များကြား၌ထိုကြေးပြားဝိုင်းကို လုံးဝတွေ့နိုင်မည်မဟုတ်ချေ။

အဆိပ်ဝိဇ္ဇာရှိစဉ်က သူတို့အမိကထားရာသည့်နေရာများမှာ ကြမ်းပြင်မဟုတ်ချေ။

အခန်းပတ်လည်နံရံတစ်လျှောက်သာဖြစ်ပေသည်။

လှိုင်ယင်းချိုသည် တုန်ယင်သောလက်များဖြင့် ထိုကြေးပြားဝိုင်းကလေးကို နှိပ်ချလိုက်သည်။



ထိုကြေးပြားဝိုင်းကလေးသည် တဖြည်းဖြည်းနိမ့်ဝင်သွားလေသည်။

လှိုင်ယင်းချိုတုန်လှုပ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် သူ့ခန္ဓာကိုယ်သည် ရုတ်တရက်ကြမ်းပြင်ထဲသို့ကျွံနစ်သွားသလို ခံစားလိုက်ရသောကြောင့်ပေတည်း။

ဖြစ်ရပ်မှန်ကား ဤသို့တည်း။

လှိုင်ယင်းချိုသည် လေးဘက်ထောက်လျက် ထိုကြေးပြားဝိုင်းကိုနှိပ်လိုက်ခြင်းဖြစ်ရာ ထိုကြေးကိုဗဟိုပြုထားသော ငါးပေပတ်လည်ကြမ်းပြင်သည် မြေအောက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားခြင်း ပေတည်း။

ဤဂူထဲ၌ မြေအောက်ဥမင်ခန်းရှိနေသည်ကို လှိုင်ယင်းချို သဘောပေါက်မှ သူ၏ထိတ်လန့်မှု ပြေပျောက်သွားတော့သည်။

"ဘုရားသိကြားမလို့ ဒီအခန်းကို ငါတစ်ယောက်တည်းတွေ့ခွင့်ရတော့မယ်"

မကြာမီ နိမ့်ဆင်းသွားသောအဝိုင်းပြားသည် ရပ်တန့်သွားလေတော့သည်။

"ဟာ. . "

လှိုင်ယင်းချိုမှာ အာမေဋိတ်သံမပြုဘဲမနေနိုင်အောင်ဖြစ်သွားရတော့သည်။

အဘယ့်ကြောင့်ဆိုသော် မြေအောက်ခန်း၏ထောင့်တစ်နေရာတွင် ကျောက်စိမ်းစားပွဲတစ်ခုရှိနေပြီး ငှက်ခါးတောင်ပံရောင် ညိုမည်းနေသည့်ဓားတစ်စင်းသည် ကျောက်ကလပ်ပေါ်တင်ထားလျက်

တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

"ဒါ- ဒါ- မိုးနဂါးဓားပဲ၊ ငါ- ငါ- ကံကောင်းတဲ့လူဖြစ်ပြီ၊ အနှစ်နှစ်အလလက သိုင်းသမားတွေရှာမရတဲ့ဓားကို ငါရပြီ"

လျှံယင်းချဲ၏သိုင်းအမည်မှာ မိုးနဂါးဓားပင်ဖြစ်သည်။

မိုးနဂါးဓားဟု အချို့သိုင်းသမားက သူ့အား အမည်**တပ်ခေါ်**ခဲ့ကြသော်လည်း သူ၌ မိုးနဂါးဓားအစစ်ရှိခဲ့သည်မဟုတ်ပေ။

ယခုတော့ သူသည် အမှန်တကယ်ပင် မိုးနဂါးဓားသခင်**အစစ်**ဖြစ်ရပေတော့မည်။

လျှံယင်းချဲသည် မိုးနဂါးဓားကို မမျှော်လင့်ဘဲပက်ပင်းတွေ့လိုက်ရသည့်အခါတွင်မူ သူသည်မတုန်လှုပ်ဘဲ မနေနိုင်အောင်ဖြစ်သွားရရှာတော့သည်။

ကျောက်စိမ်းစားပွဲဘေးသို့ရောက်သောအခါမှ လျှံယင်းချဲသည် သူ့ကိုယ်သူပြန်လည်ထိန်းသိမ်းနိုင်စွမ်းရှိလာလေသည်။

"လျှံယင်းချဲ မင်းဘာတွေတုန်လှုပ်နေတာလဲ၊ မင်းသတိထားစမ်း၊ **ဒီလောက်**တန်ဖိုးကြီးတဲ့ဓားကို သူတို့ ဒီလိုလွယ်လွယ်ကလေး တင်ထားပါ့မလား၊ သတိထား- သတိထား"

သူသည် မိုးနဂါးဓားကိုလှမ်းယူမလိုလုပ်ပြီးမှ လက်ကိုရုပ်လိုက်သည်။

ကျောက်စိမ်းစားပွဲပတ်လည်ကို လိုက်လံစစ်ဆေးသည်။

ထောင်ချောက်ဖြစ်နိုင်သည့်အရိပ်လက္ခဏာ တစ်ခုမျှမတွေ့ရသောအခါမှ သူသည် မိုးနဂါးဓားရှိရာသို့လက်လှမ်းသည်။

သူသည် သတိကြီးစွာဖြင့် မိုးနဂါးဓားကိုလှမ်းယူလိုက်သည်။



ထိုအခါ မိုးနဂါးဓားတင်ထားသည့်ကျောက်ကလပ်သည် မသိမသာကလေးမြင့်တက်လာသည်ကို လျှံယင်းချဲတွေ့လိုက်ရလေ၏။

လျှံယင်းချဲ ခေါင်းနပန်းကြီးသွားသည်။

"ဒါ- ဒါ- ထောင်ချောက်ဖြစ်လိမ့်မယ်"

သူသည် ဓားကိုရင်ခွင်၌ပိုက်လျက် **ခန္ဓာကိုယ်**ကို ကြမ်းပြင်ပေါ်သို့ တစ်မုဟုတ်ချင်းလှဲချလိုက်လေ**သည်။**

"ဝုန်း. . ဝုန်း. . ဝုန်း. . "

ပေါက်ကွဲမှုကြီးသည် ပြင်းထန်လှ**သည်။**

မိုးနဂါးဓား၏ ယခင်ပိုင်ရှင်သည် သူ့ဓားကို **မည်သူမျှ** အသက်**ရှင်လျက်**ရယူခွင့်မရှိအောင် ကြိုတင်ပြင်ဆင်ထားခဲ့ပုံရလေသည်။

ဂူထဲမှ ကျောက်တုံးကျောက်ခဲကြီးများသည် တဝုန်းဝုန်း တဒိုင်းဒိုင်း ပြိုကျလာလေသည်။

မီးခိုးများဖုန်မှုန့်များကြောင့် ဂူထဲ၌မည်းမှောင်သွားလေတော့သည်။

❀❀❀

စုကျူးမြို့သို့

ကွေ့ကျန်ချူးသည် ဘုရင့်သားတော်လေး၏သက်တော်စောင့်များနှင့် အခြားကိုယ်ရံတော်ဆယ့်ခြောက်ယောက်ကို တသီးတခြား ထွက်ခွါစေခဲ့သည်။

သူ့အကြောင်းပြချက်မှာ မန်ချူးနယ်ထဲဖြတ်သန်းသွားရာ၌ ဤမျှလူစုလူဝေးကြီးဖြင့်မသွားသင့်ဟူသည့် အကြောင်းပြချက်ပင် ဖြစ်ပေသည်။

ဘုရင့်သားတော်လေးမှာ သွေးကြောင်သူ မဟုတ်သဖြင့် သူ့နောက်လိုက်များအား ကွေ့ကျန်ချူးအကြံပေးသည့်အတိုင်း တသီးတခြားထွက်ခွါသွားစေခဲ့ပေသည်။

သူကမူ ကွေ့ကျန်ချူး ဝေဝေတို့နှင့်အတူ သာမန်ဆင်းရဲသားဟန်တရုတ်တစ်ဦးကဲ့သို့ ရုပ်ဖျက်လိုက်ပါလာခဲ့လေသည်။

ခရီးလမ်းတစ်လျှောက်၌ မန်ချူးတို့က ဆင်းရဲသားဟန်တရုတ်များကို နှိပ်စက်ကလူပြုနေပုံ၊ ဟန်တရုတ်များ ဆင်းရဲငတ်ပြတ်နေပုံတို့



ကိုတွေ့မြင်ရသောအခါ ဘုရင့်သားတော်လေးသည် များစွာစိတ်ဆင်းရဲဖြစ်သွားခဲ့ရပေသည်။

ကွေ့ကျန်ချူးသည် ယုတ်မာကောက်ကျစ်သော အောက်လမ်းဂိုဏ်းသမားတစ်ဦး မဟုတ်ပေ။

ရင်သွေးဖြစ်သူ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသဖြင့်သာ ဘုရင့်သားတော်လေးအား လိမ်ညာခေါ်ငင်ရခြင်းဖြစ်သည်။

ဘုရင့်သားတော်လေး၏ တိုင်းသူပြည်သားများအပေါ် ထားသောစေတနာစိတ်ထားတို့ကို တွေ့မြင်လိုက်ရသောအခါ လွန်စွာလေးစားကြည်ညိုသွားလေသည်။

ဘုရင့်သားတော်လေးအား အမှန်တကယ် ရိုသေလေးစားစွာဆက်ဆံလေသည်။

တရုတ်ပြည်တောင်ပိုင်းမကူးမီ တောမြို့ကလေးတစ်မြို့သို့ ဆိုက်ရောက်သည့်အခါ မင်းသမီးလေးအား လိုက်ပါစောင့်ရှောက်ခဲ့ဖူးသည့်လုံရှောက်ယို့သည် ဘုရင့်သားတော်လေးအား ရုတ်တရက်သတိပြုမိသွားသည်။

မင်းသားလေး၏ရုပ်ရည်မှာ သာမန်လူများနှင့်မတူသည့် ရုပ်ရှိလှသဖြင့် အနည်းငယ်မျှဂရုစိုက်မိရုံမျှဖြင့် အထူးဂရုစိုက်ရမည့် အခြေအနေသို့ ဆိုက်ရောက်သွားကြရပေသည်။

လုံရှောက်ယို့သည် ကွေ့ကျန်ချူးတို့အုပ်စုနောက်မှ မသိမသာ ခြေရာခံလိုက်လာလေသည်။

သူတို့တည်းခိုသည့်ဆိုင်ကိုမှတ်သားပြီး ထွက်ခွါသွားသည်။

ညဘက်ရောက်သည့်အခါ လုံရှောက်ယို့သည် ထိုတည်းခိုခန်း

၏ခေါင်မိုးပေါ်သို့ ရောက်ရှိလာသည်။

မင်းသားကလေးမှာလည်း အိပ်မပျော်သေးချေ။ တည်းခိုခန်း ဝရန်တာမှထွက်ကာ အပြင်သို့ငေးကြည့်နေ၏။

လရောင်သည် မှိန်ပျပျလင်းနေသည်။ တစ်လောကလုံး အိပ်မောကျသယောင် ငြိမ်သက်နေသည်။

မင်းသားလေး၏စိတ်ထဲတွင် သူ့နိုင်ငံကို ပြန်လည်ကယ်တင်နိုင်ပါမည်လားဟု ငေးမောတွေးတောနေမိလေသည်။ ထိုစဉ်မှာပင် ခေါင်မိုးပေါ်မှခြေသံကို သူကြားလိုက်ရသည်။

မင်းသားလေးကလည်း သတိရှိသည်။

"ဗိုလ်မှူး. . ."

မင်းသားလေး၏အသံပြုမှုကြောင့် ကွေ့ကျန်ချူးသည် ဝရန်တာသို့ ရိပ်ခနဲခုန်ထွက်လာသည်။

"ဘာထူးလို့လဲအရှင့်သား"

မင်းသားလေးက ခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြလိုက်လေသည်။ ကွေ့ကျန်ချူးသည် မင်းသားလေး၏လုံခြုံရေးကို အထူးဂရုစိုက်သူဖြစ်၍ ချက်ချင်းပင်တံစက်မြိတ်ကိုခိုတွဲကာ ခေါင်မိုးပေါ် ခုန်တက်လိုက်သည်။

ခေါင်မိုးပေါ်၌ လုံရှောက်ယို့နှင့်ပက်ပင်းတိုးလေတော့သည်။

လုံရှောက်ယို့မှာ ရှောင်တိမ်းရန်အချိန်မရတော့သဖြင့် ကွေ့ကျန်ချူး၏တိုက်ခိုက်ချက်ကို ပြန်လှန်ခုခံရတော့သည်။

**လုံရှောက်ယို့**သည် ကွေ့ကျန်ချူးအား သိုင်းကွက်နှစ်ဆယ်မျှ **အထိသာခုခံနိုင်**သည်။



နောက်ပိုင်းတွင် ကွေ့ကျန်ချူး၏လက်ဝါးရိုက်ချက်များမထိစေရန်သာ ကြိုးစားရှောင်တိမ်းရတော့သည်။

"မင်း ဘယ်ကကောင်လဲ၊ ပြောစမ်း"

ကွေ့ကျန်ချူးက အံကြိတ်၍မေးလိုက်သည်။

လုံရှောက်ယို့က မဖြေချေ။ ကြိုးစား၍သာပြန်လှန်ခုခံနေသည်။ **သိုင်း**ကွက်ငါးဆယ်ကျော်လာသောအခါ လုံရှောက်ယို့သည် **သူ့ခန္ဓာကိုယ်**ကို ကြမ်းပြင်ပေါ်မှလိုမ့်ချလိုက်သည်။

"ဝုန်း. ."

လုံရှောက်ယို့၏ ခန္ဓာကိုယ်သည် လိမ့်၍ဆင်းသွားပြီး အောက်သို့ကျသွားသည်။ ကွေ့ကျန်ချူးကလည်း ချက်ချင်းခုန်ဆင်းသည်။

သို့သော် လုံရှောက်ယို့၏ကျောပြင်ကိုသာ မြင်တွေ့လိုက်ရတော့သည်။ လုံရှောက်ယို့ ရှောင်ပြေးသွားတော့သည်။

လုံရှောက်ယို့မှာ ကွေ့ကျန်ချူး၏လက်ဝါးရိုက်ချက်နှစ်ချက်မျှ ထိထားသဖြင့် အားကုန်ထုတ်၍ပြေးလွှားနိုင်သည်မဟုတ်ပေ။

**အကယ်၍** ကွေ့ကျန်ချူးကသာ သူ့နောက်သို့ဆက်လိုက်လာလျှင် **မုချမိသွားနိုင်**သည်။

**သူသည်** ကွမ်းတစ်ယာညက်ခန့်အကြာပြေးလွှားပြီးမှ နောက်သို့လှည့်ကြည့်သည်။ မည်သူမျှလိုက်မလာကြောင်း တွေ့သောအခါမှ စိတ်လျှော့ပြီးအပြေးရပ်လိုက်သည်။

"ဝုန်း. . ."

သူလည်း အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

လုံရှောက်ယို့ကံကောင်းသည်မှာ မိုးနဂါးတောင်မှ ထွက်ပြေး

လာသောမင်းသမီးလေးနှင့် တိုက်တိုက်ဆိုင်ဆိုင်သွားတွေ့ခြင်း ဖြစ်လေသည်။

မင်းသမီးလေးသည် ခပ်လုမ်းလုမ်း၌ လူတစ်ယောက်လဲကျသွားသည်ကိုတွေ့လိုက်ရသဖြင့် ကူညီရန်ပြေးလာခဲ့ခြင်းဖြစ်သည်။

လုံရှောက်ယို့မှန်း သိ၍မဟုတ်ချေ။

အနားရောက်မှသာ လုံရှောက်ယို့မှန်း သိခြင်းဖြစ်လေသည်။

သူမသည် လုံရှောက်ယို့အားတွေ့လိုက်ရသဖြင့် အားတက်သွားသည်။

သို့ရာတွင် လုံရှောက်ယို့မှာဒဏ်ရာရနေသဖြင့် သူမသာ မကယ်လျှင်သေဖွယ်ရာရှိကြောင်း သူမသိသည်။

လုံရှောက်ယို့ပြေးလာသည့်နေရာမှာ မြို့စွန်ဖြစ်နေသဖြင့် မင်းသမီးလေးက သူ့အား ကူညီရန်လွယ်ကူသွားလေသည်။

မင်းသမီးလေးသည် ဘုရားကျောင်းပျက်တစ်ခုဆီသို့ လုံရှောက်ယို့အား းဆွဲခေါ်လာခဲ့လေသည်။ တတ်သမျှမှတ်သမျှပြုစုသော်လည်း လုံရှောက်ယို့မှာ တစ်ညလုံးသတိမရပေ။

နံနက်လင်းသောအခါမှ သတိရလာလေသည်။

မင်းသမီးလေးအားတွေ့လိုက်ရသောအခါ လုံရှောက်ယို့သည် ရုတ်တရက် စကားမပြောနိုင်ဘဲဖြစ်သွားသည်။

အတန်ကြာမှ-

"ကျေးဇူးတင်ပါတယ်သခင်မလေး၊ ကျွန်တော့်မိဘပေးတဲ့အသက်မရှိတော့ပါဘူး၊ မင်းသမီးလေးကယ်တဲ့ အသက်ပဲရှိပါတော့တယ်"



"အို- ဒီလိုတော့မပြောပါနဲ့၊ ကျွန်မကိုစကယ်တဲ့လူက ရှင်ပါ၊ ရှင်သာမကယ်ရင် ကျွန်မဘဝဟာ တွေးဝံ့စရာမရှိတော့ပါဘူး၊ ရှင့်ကျေးဇူးက အရင်ရှိတာပါ၊ ကျွန်မကယ်တယ်ဆိုတာက ရှင့်ကျေးဇူးကိုပြန်ဆပ်တဲ့သဘောမျိုးပဲ ရှိပါတယ်၊ ရှင့်ဒဏ်ရာကဘယ်လိုဒဏ်ရာမျိုးလဲဟင်"

"အတွင်းဒဏ်ရာလို့ခေါ်ပါတယ်၊ အဲဒီလူရဲ့သိုင်းပညာက သိပ်ကောင်းတယ်၊ ကျွန်တော် သူ့ကိုဘယ်လိုမှမယှဉ်နိုင်ပါဘူး"

"ကျွန်မက သိုင်းလောကသားမဟုတ်တော့ ဒီဒဏ်ရာတွေကို မကုတတ်ဘူး၊ ဘာဆေးမျိုးလိုတယ်ဆိုတာတော့ရှင်သိမှာပေါ့"

"လောလောဆယ်မှာတော့ ဒဏ်ကြေဆေးရဖို့ အရေးကြီးပါတယ်"

"ကျွန်မ ရှာပေးမယ်၊ ရှင်သာ ဒီမှာအေးအေးဆေးဆေးအနားယူပါ၊ ဘုရားကျောင်းပျက်ဆိုတော့ တော်ရုံတန်ရုံလူလဲ ဝင်မလာနိုင်ပါဘူး"

လုံရှောက်ယို့က မင်းသမီးလေးအား မသွားရန်ပြောကြားသေးသည်။ မင်းသမီးလေးက အတားမခံဘဲထွက်သွားလေသည်။

သူမသည် အကြံတစ်ချက်ရလိုက်ပြီး ထိုမြို့၏ဈေးတည်နေရာကိုစုံစမ်းသည်။ ပရဆေးဆိုင်သို့သွားသည်။

ဆိုင်ထဲ၌ အဘိုးအိုတစ်ယောက်ငိုက်မျဉ်းနေသည်။

"အဘိုး- အဘိုး"

အဘိုးအိုလန့်ပြီးနိုးလာသည်။

"ဘာလဲမိန်းကလေး"

"ကျွန်မ ဆေးလိုချင်လို့ပါ"

"ဘာဆေးလဲ"

"ဒဏ်ကြေဆေးလို့ပြောတာပဲ"

ထိုအချိန်မှာပင် လူတစ်ယောက်ဝင်လာသည်။

ထိုလူမှာ စီးတိန့်ကုဖြစ်သည်။

သူသည် အဆိပ်ဝိဇ္ဇာနှင့်လမ်းခွဲခဲ့ပြီးနောက် ဘုရင့်သားတော်လေးအကြောင်း လမ်းတစ်လျှောက်လုံးစုံစမ်းလာခဲ့လေ၏။

မင်းသမီးလေးကို လမ်းခုလတ်၌တွေ့လိုက်ရသဖြင့် နောက်ယောင်ခံလိုက်လာခြင်းဖြစ်သည်။

ပရဆေးဆိုင်ထဲဝင်သွားမှန်းသိသောအခါ မင်းသမီးလေးနှင့်ပတ်သက်**သူတစ်စုံတစ်ဦးသည်** ဆေးဝါးတစ်ခုခု လိုအပ်နေပြီဖြစ်ကြောင်း **သိမ်မိလိုက်လေသည်။**

**စီးတိန့်ကုသည် ဆေးပညာ၊** အဆိပ်ပညာနှင့်ပတ်သက်၍ နံ့စပ်သူ**ဖြစ်ရာ မြို့**ကြီးမြို့ငယ်များမှသမားတော်များ၊ ပရဆေးဆိုင်ရှင်များသည် **စီးတိန့်**ကုကိုသိရှိကြလေသည်။

မင်းသမီးလေးသည် သူ့နောက်မှဝင်လာသူကို စီးတိန့်ကုမှန်းမသိပေ။

လှည့်၍ပင် မကြည့်မိချေ။

စီးတိန့်ကုက ဒဏ်ကြေဆေးရောင်းချရန်ဟန်ပြင်နေသည့်ဆိုင်ရှင်အဘိုးအိုအား လည်ပင်းကိုဓားတင်သည့်ဟန် လုပ်ပြလိုက်သည်။

ဆိုင်ရှင်အဘိုးအိုက သူကိုင်ထားသည့်ဒဏ်ကြေဆေးပုလင်းကို မူလနေရာ၌ပြန်ထားပြီး အဆိပ်ဆေးပုလင်းထဲမှဆေးလုံးတစ်လုံးကိုထုတ်ယူကာ မင်းသမီးလေးအား ပေးလေသည်။



မင်းသမီးလေးသည် အဘိုးအိုအားငွေတုံးတစ်တုံးပေးပြီးထွက်ခွါသွားလေသည်။

စီးတိန့်ကုကိုပင် တိုက်မိမလိုဖြစ်သွားသေးသည်။ စီးတိန့်ကုက မျက်နှာကိုကွယ်ထားလိုက်သဖြင့် မင်းသမီးလေးသည် စီးတိန့်ကုက သူမ၏နောက်သို့နောက်ယောင်ခံလိုက်လာကြောင်း မရိပ်မိတော့ချေ။

စီးတိန့်ကုက ပရဆေးဆိုင်ပိုင်ရှင်အား ငွေတုံးတစ်တုံးထပ်မံပေးပြီး တီးတိုးပြောလိုက်သည်။

အဘိုးအိုက ခေါင်းတညိတ်ညိတ်လုပ်ပြီး ငွေတုံးကို အင်္ကျီအိတ်ထဲသို့ထည့်လိုက်လေတော့သည်။

မင်းသမီးလေးကား ဘုရားကျောင်းပျက်ဆီသို့ တက်သုတ်နှင်လေသည်။

"ကျွန်မ ဒဏ်ဆေးဆေးရလာခဲ့ပြီ"

"ဘယ်လိုရလာတာလဲ"

မင်းသမီးလေးက အကျိုးအကြောင်းပြောပြရာ လုံ့ရှောက်ယိ့က ခေါင်းညိတ်ကာပြောသည်။

"သိုင်းသမားတွေ လက်ကိုင်သုံးတဲ့ဒဏ်ကြေဆေးလောက် အစွမ်းမထက်ပေမယ့် ခဏာယာယီတော့မဆိုးပါဘူး၊ ပေးပါ၊ ကျွန်တော်သောက်ပါ့မယ်"

"ကိစ္စမရှိဘူး၊ ကျွန်မတိုက်ပါ့မယ်၊ ရှင် နေသာသလိုနေပါ"

မင်းသမီးလေးက ဆေးလုံးကို လုံ့ရှောက်ယိ့၏ပါးစပ်ထဲသို့

ထည့်လိုက်လေသည်။

ထိုဆေးလုံးသည် ချက်ခင်းအစွမ်းမပြသေးပေ။ အချိန်အနည်းငယ်ကြာသောအခါမှ အစွမ်းပြလာလေသည်။

ဝေါ့ခနဲ ဝေါ့ခနဲထိုးအန်လာသော လုံရှောက်ယို့ကို ကြည့်ပြီး မင်းသမီးလေး ထိတ်လန့်လာလေသည်။

"လုံရှောက်ယို့ ဘာဖြစ်တာလဲ"

"သခင်မလေး ကျွန်တော့်တို့တစ်ပတ်ရိုက်ခံရပြီ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်သောက်လိုက်တာ ဒဏ်ကြေဆေးလုံးမဟုတ်ဘူး၊ အဆိပ်ဆေးလုံးပဲ"

"ဟင်. . . "

မင်းသမီးလေးမှာ ကြက်သေသေသွားသည်။

လုံရှောက်ယို့ခမျာလည်း ချက်ချင်းလိုလို မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။

မင်းသမီးလေးသည် ပရဆေးဆိုင်မှအဘိုးအို၏ အပြုအမူများကို မျက်စိထဲ၌ပြန်လည်မြင်ယောင်လာသည်။

ပထမဆေးပုလင်းထဲမှဆေးကိုယူမလိုလုပ်ပြီးမှ ထိုဆေးပုလင်းကိုပြန်ထားပုံ၊ ဒုတိယဆေးပုလင်းထဲမှဆေးကို ယူပေးပုံတို့ကို ကွက်ကွက်ကွင်းကွင်း ပြန်လည်မြင်ယောင်လာလေ၏။

မင်းသမီးလေး ဒေါသထွက်သွားသည်။

"ဟုတ်တယ်၊ ကျွန်မတို့တစ်ပတ်ရိုက်ခံရတာပဲ၊ ရှင် ခဏသည်းခံပြီးစောင့်ပါ၊ ကျွန်မအပေါ် ကောက်ကျစ်လိုက်တဲ့အဘိုးအိုကို ကျွန်မ



သွားဆုံးမမယ်"

သူမသည် လုံရှောက်ယို့အားမကြည့်ဘဲ ထွက်လာခဲ့လေ၏

မသွားဘဲ ထိုင်ပြုစုလို့လည်း လုံရှောက်ယို့သက်သာလာမည်မဟုတ်ပေ။ အဆိပ်ဖြေဆေး အစစ်နှင့် ဒဏ်ကြေဆေး အစစ်ရမှသာ လုံရှောက်ယို့ အသက်ရှင်နိုင်ပေမည်။

မင်းသမီးလေးသည် ပရဆေးဆိုင်ရှိရာသို့ အမြန်ဆုံးပြေး သွားလေတော့သည်။ ပရဆေးဆိုင်ရှေ့သို့ရောက်သောအခါ ဆိုင်ရှင်အဘိုးအိုကို ပထမတစ်ကြိမ်ကလို အိပ်ငိုက်နေသည်ကိုတွေ့ရပြန်လေ၏။

"ဘဘ"

မင်းသမီးလေးက ဒေါသဖြင့်အော်လိုက်သည်။ အဘိုးအိုမှာ တုန်ခနဲဖြစ်သွားကာ လန့်နိုးလာလေသည်။

"ဘာအလိုရှိလို့လဲ သမီး"

"ဘာအလိုရှိရမှာလဲ၊ ကျွန်မကို ဒဏ်ကြေဆေးအစား ဘာဖြစ်လို့ အဆိပ်ဆေးလုံးပေးလိုက်ရတာလဲ၊ ဘဘဟာ အသက်ကယ်တဲ့ဆေးဝါးပစ္စည်းရောင်းတဲ့လူပါ၊ လူတစ်ဖက်သား ဒုက္ခရောက်အောင် မလုပ်သင့်ပါဘူး"

ဆိုင်ရှင်အဘိုးအို မျက်စိမျက်နှာပျက်သွားသည်။

ချက်ချင်းလိုလို တောင်းပန်နိမ့်ချသောအသံဖြင့်ပြော၏။

"ဘဘကိုခွင့်လွှတ်ပါ မိန်းကလေးရယ်၊ ဘဘတို့ဟာ နီးရာဓားကိုကြောက်ရတဲ့လူပါ၊ စီးတိန့်ကုဆိုတဲ့လူဟာ သူကိုယ်တိုင်ဒုက္ခပေးနိုင်ရုံတင်မကဘူး၊ မန်ချူးတွေအပေါ်မှာလဲ ဩဇာအာဏာရှိပါတယ်၊ စောစောကမိန်းကလေးလာဝယ်တဲ့အချိန်မှာ အဆိပ်ဆေးလုံး ပေး

လိုက်ရမယ်လို့ သူကလက်ဟန်ခြေဟန်နဲ့အမိန့်ပေးလို့ ဘဘက ပေးလိုက်ရတာပါ"

မင်းသမီးလေးသည် စီးတိန်ကုဏ်၏မျက်နှာကို ပြန်လည်မြင်ယောင်လာသည်။

"ရက်စက်ပါပေ့ဘဘရယ်"

မင်းသမီးလေး၏ညည်းညူမှုကြောင့် စိတ်ရင်းကောင်းသောအဘိုးအိုမှာ မနေတတ်မထိုင်တတ်ဖြစ်သွားရသည်။

"မိန်းကလေး"

အဘိုးအိုက တုန်ယင်စွာခေါ်လိုက်သည်။

"အခုလိုဖြစ်သွားတဲ့အတွက် ဘဘစိတ်မကောင်းပါဘူး၊ ဒါတောင် သူကမေးသေးတယ်၊ ဘဘပေးလိုက်တဲ့ အဆိပ်ဆေးလုံးဟာ ဘယ်အချိန်လောက်ကြာရင် အဆိပ်တက်မလဲတဲ့၊ ဘဘကညာပြောလိုက်တယ်၊ ထမင်းအိုးတစ်လုံးချက်လောက်ကြာမှ အဆိပ်တက်လိမ့်မယ်လို့"

မင်းသမီးလေးက အံ့ဩသွားသည်။

"ဘဘ ဘာဖြစ်လို့ညာပြောလိုက်ရတာလဲ"

"နားထောင်ဦးလေမိန်းကလေးရဲ့၊ လူနာအဆိပ်တက်ရင် ဒီဆိုင်ကို မိန်းကလေးချက်ချင်းပြန်လာမယ်ဆိုတာ သူကြိုတင်သိထားတယ်၊ သူက အဆိပ်ပညာမှာတစ်ဖက်ကမ်းခတ်တဲ့လူပဲ၊ မိန်းကလေးပြန်လာမယ့်အချိန်ကို သူလာစောင့်ပြီး မိန်းကလေးကို တစ်မျိုးတစ်ဖုံဒုက္ခပေးဦးမှာပေါ့၊ အခု ဘဘကလိမ်ပြောလိုက်တော့ သူအချိန် တွက်တာရွဲ့သွားတယ်၊ ခုထက်ထိ သူ ရောက်မလာသေးဘူး၊ ရော့- ရော့၊ အဆိပ်ဖြေဆေး၊ သူရောက်မလာခင် မိန်းကလေးပြေးပေတော့၊ မိန်းကလေးက သူနဲ့မှရန်ငြိုးရန်စသွားရှိခဲ့တာကိုး"



မင်းသမီးလေးသည် အဆိပ်ဖြေဆေးလုံးကို ကမန်းကတန်းယူ၍ ပြေးရန်ဟန်ပြင်လိုက်သည်။

သို့သော် ချက်ချင်းလိုလိုပင် သူမသည်ဒဏ်ကြေဆေးကို သတိရလိုက်သည်။

"ဘဘ ကျွန်မ ပထမလာဝယ်တာကဒဏ်ကြေဆေးပါ၊ သနားသဖြင့် ဒဏ်ကြေဆေးအစစ်အမှန်ကိုရောင်းပေးပါနော်"

ဆိုင်ရှင်အဘိုးအိုသည် ပျာယီးပျာယာဖြင့် ဒဏ်ကြေဆေးလုံးကိုထုတ်ယူပေးလိုက်လေသည်။

မင်းသမီးကလေးသည် အဘိုးအိုအား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။ ထို့နောက် ထိုနေရာမှပြေးထွက်သွားလေတော့သည်။

သူမနောက်မှ စီးတိန်ကုလိုက်လာလေမည်လားဟူ၍လည်း ပတ်ဝန်းကျင်ကိုအကဲခတ်ရသေးသည်။

နန်းတွင်းသူ မင်းသမီးလေးကား သိုင်းလောကသားတစ်ဦးနှယ် ပြေးလွှား ဗျာများနေရှာလေပြီ။

❀❀❀

## ကိုယ်ကျိုးရှာသူ

စုကျူးမြို့ကြီး၏ဂေဟာထဲသို့ မုတ်ဆိတ်ရှည်အဘိုးအို တစ်ယောက်ဝင်ရောက်လာလေသည်။

ထိုအဘိုးအိုကို မည်သည့်အစောင့်ကမျှ တားဆီးခြင်းမရှိပါချေ။ အကြောင်းသိသူများက အရိုအသေပင်ပေးကြသည်။

ဂါရဝပြုကြသည်။

အကြောင်းမသိသူများကမူ အရိုအသေမပေးကြပေ။

သို့သော် မြို့စားကြီး၏အရေးပေးမှုကို ခံထားရသူဖြစ်ကြောင်း သိနေသဖြင့် တားဆီးခြင်းမပြုချေ။

ထိုသူကား အဆိပ်ဝိဇ္ဇာပေတည်း။

အဆိပ်ဝိဇ္ဇာသည် လောကကြီးထဲ၌သူတစ်ယောက်တည်းရှိနေဟန်ဖြင့် မြို့စားဂေဟာသို့တစ်လုမ်းချင်းဝင်လာသည်။

မြို့စားကြီးက ဧည့်ခန်းထဲ၌လက်ခံတွေ့ဆုံသည်။ အဆိပ်ဝိဇ္ဇာကဂါရဝပြုသောအခါ မြို့စားကြီးကလည်းပြန်လည်ဂါရဝပြုသည်။



မြို့စားကြီးညွှန်ပြသည့်ထိုင်ခုံတွင် အဆိပ်ဝိဇ္ဇာဝင်ထိုင်သည်။

မြို့စားကြီးက-

"ဆရာကြီး လျှိုယင်းချုံရဲ့အခြေအနေဘယ်လိုရှိသလဲ၊ အကြံပေးအရာရှိဟုန်ဆီက ကြားရတဲ့သတင်းကတော့ သိပ်မကောင်းပါလား"

အဆိပ်ဝိဇ္ဇာက တဟားဟားရယ်သည်။

"ဘာသတင်းများလဲမြို့စားကြီးရဲ့"

"ဖုကျားကျေးရွာကို မန်ချူးတပ်တွေနဲ့ဆရာကြီးကိုယ်တိုင် ဝိုင်းထားလျက်နဲ့ လျှိုယင်းချုံနဲ့ချန်းနီဆိုတဲ့မိန်းကလေးတို့ လွတ်မြောက်သွားတဲ့သတင်းလေ"

"ဒါက ဖုကျားကျေးရွာရဲ့သတင်းပဲ၊ အကြံပေးအရာရှိဟုန် သိမထားတဲ့သတင်းလဲ ရှိသေးတာပဲမြို့စားကြီးရဲ့"

"ဧကန္တ- ဆရာကြီးမှာ သတင်းထူးနေပြီနဲ့တူတယ်"

စုကျူးမြို့စားကြီးကားအလွန်လျင်၏။ အပင့်အမြှောက်ကြိုက်သူကို ပင့်မြှောက်ပေါင်းသည်။

မြို့စားတစ်ယောက်၏ပင့်မြှောက်မှုကို အဘယ်သူ ခံနိုင်မည်နည်း။

အဆိပ်ဝိဇ္ဇာက သူ့မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့်သပ်ရင်းရယ်နေသည်။

အတန်ကြာမှ-

"လျှိုယင်းချုံသေသွားပြီ မြို့စားကြီးရဲ့"

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့၊ ကျုပ်နဲ့တွေ့တာလဲ ခပ်ဆန်းဆန်းပဲ၊ စီးတိန်္နကုနဲ့လျှံယင်းချုံတို့က စားသောက်ဆိုင်တစ်ဆိုင်မှာ သွားတွေ့ကြတာကိုးဗျ၊ စီးတိန်္နကုလက်ထဲမှာ လျှံယင်းချုံရဲ့မိတ်ဆွေ မိန်းကလေးရှိနေတယ်လေ၊ စီးတိန်္နကုက အဲဒီမိန်းကလေးကိုလွှတ်ပေးရင် လျှံယင်းချုံက မိုးနဂါးဓားရှိရာကိုလိုက်ပြမယ်လို့ သဘောတူကြတာကိုး၊ ကျုပ် အဲဒီဆိုင်ကိုရောက်တော့ သူတို့မရှိတော့ဘူး၊ ဆိုင်စားပွဲထိုးကလေးက ကျုပ်ကိုသတင်းပေးလို့ ကျုပ်လဲ ကပျာကယာလိုက်သွားရတယ်"

စုကျူးမြို့စားကြီး စိတ်ဝင်စားလာသည်။

"တွေ့သလား- ဓားကိုတွေ့သလား"

အဆိပ်ဝိဇ္ဇာက ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ကလာတွေ့ရမှာလဲဗျာ၊ မိုးနဂါးဓားရဲ့ဓားအိမ်လို့ ထင်ရတဲ့ဓားအိမ်တစ်ချောင်းတော့တွေ့သဗျ၊ ကျုပ်စိတ်ထင်တော့ တစ်ယောက်ယောက်ဟာ ဓားချည်းသက်သက်ယူသွားတယ်ထင်တာပဲ"

စုကျူးမြို့စားကြီးက စဉ်းစဉ်းစားစားပြောသည်။

"မိုးနဂါးဓားသာ တကယ်အပြင်ရောက်လာရင် သိုင်းလောကထဲမှာ တစ်နေ့ပေါ်လာမှာပဲ၊ မိုးနဂါးဓားကို ဘယ်သူမှဝှက်ကိုင်လို့မရပါဘူး"

စုကျူးမြို့စားကြီးသည် အတန်ကြာငိုင်တွေစဉ်းစားနေသည်။

"တစ်ခုတော့ရှိတယ်၊ မိုးနဂါးဓားရှိတဲ့နေရာကို ဗိုလ်မှူးကြီးကြူးပဲ သိနိုင်တယ်"

"သူ့ကို မတွေ့နိုင်တော့ဘူးဆို"



"ဟုတ်တယ်၊ သူ့ကိုမတွေ့နိုင်တော့ဘူး၊ သူသေသွားပြီ"

"သေချာရဲ့လား"

"သေချာပါတယ်၊ ရွှေလက်မောင်းသိုင်းသမားကိုယ်တိုင်ပြောတာပဲ"

"ဒါနဲ့များဗျာ"

"ဒီလိုရှိသေးတယ်လေ၊ ဗိုလ်မှူးကြီးကြူးမသေခင် ဗိုလ်မှူးကြီးကြူးဘေးနားမှာ လူငယ်တစ်ယောက်ရှိနေသတဲ့ဗျ"

"အဲဒါဘာဖြစ်သလဲ"

"မိုးနဂါးဓားရဲ့လျှို့ဝှက်ချက်ကို ဗိုလ်မှူးကြီးကြူးက အဲဒီလူငယ်ကိုပြောချင်ပြောပြသွားမှာပေါ့"

အဆိပ်ဝိဇ္ဇာသည် သူ၏မုတ်ဆိတ်ကြီးကို ပွတ်သပ်စဉ်းစားနေသည်။

အတန်ကြာမှ စဉ်းစားပြီး-

"ဒါဖြစ်နိုင်တယ်၊ သေကာနီးလူတွေဟာ အရေးကြီးတဲ့လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြောဆိုတတ်တယ်၊ ကောင်းပြီ- အဲဒီလူငယ်ကို ရွှေလက်မောင်းသိုင်းသမားသိရဲ့လား၊ သိသတဲ့လား"

"သိပါတယ်၊ သေချာပါတယ်"

"မြို့စားကြီး သိုင်းလောကအကြောင်းမြို့စားကြီးအသိပဲနော်၊ ရွှေလက်မောင်းသိုင်းသမားဆိုတာကလဲ 'ဘက်ပြောင်း' လာတဲ့လူပဲ၊ ကျုပ်ဆိုရင်တော့ ယုံသင့်မှယုံမယ်"

မြို့စားကြီးက ရယ်လိုက်သည်။

"ကျုပ်ကသိပ်ပါးနပ်တာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့်

ကိစ္စတစ်ခုစုံစမ်းနိုင်းပြီဆိုရင် ဘယ်တော့မှ တစ်ယောက်တည်းကို ယုံယုံကြည်ကြည်စေလွှတ်လိုက်တာမျိုးမရှိဖူးပါဘူး၊ အဲဒီလူရဲ့နောက်မှာ နောက်တစ်ယောက်၊ နောက်တစ်ယောက်ရဲ့နောက်မှာ နောက်တစ်ယောက် အထပ်ထပ်စုံစမ်းနိုင်းတတ်ပါတယ်၊ အခုကိစ္စမှာ ရွှေလက်မောင်းသိုင်းသမားတစ်ယောက်တည်းရဲ့ သတင်းပို့ချက်တင် မဟုတ်ပါဘူး၊ တခြားတစ်ယောက်ရဲ့ သတင်းပို့ချက်အရလဲ မှန်ကန်နေပါတယ်၊ ဒါကြောင့် ရွှေလက်မောင်းသိုင်းသမားရဲ့စကားကို လက်ခံထားတာပါ"

စုကျူးမြို့စားကြီးပြောသည့် တခြားတစ်ယောက်၏သတင်းပို့ချက်ဆိုသည်မှာ သူ၏ညီမဖြစ်သူ ကျင်းဟန်ရီ၏အစီရင်ခံချက်ပင်ဖြစ်သည်။

ယုယိစုအား ရွှေလက်မောင်းသိုင်းသမားက ဒုက္ခပေးရန် ကြံနေစဉ် ကျင်းဟန်ရီရောက်လာပြီးတောင်းပန်သဖြင့် ယုယိစု လွတ်မြောက်သွားခဲ့ရပေသည်။

အဆိပ်ဝိဇ္ဇာက-

"ဏဲ- ဗိုလ်မှူးကြီးကြူနဲ့ မသေခင်တွေ့သွားတယ်ဆိုတဲ့လူငယ်က သိုင်းလောကသားပဲလား၊ ဘယ်သူတဲ့တုံး"

"ယု. . . ယိ. . စု. . တဲ့"

မြို့စားကြီးက တစ်လုံးချင်းပြောလိုက်လေသည်။

"ဒီနာမည်မျိုးမကြားဖူးပါဘူး၊ သိုင်းလောကသားကော ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်၊ သိုင်းလောကသားပါ၊ ဆရာကြီးတာဝန်က

အဲဒီလူငယ်ကိုတွေ့အောင်ရှာပြီး ဗိုလ်မှူးကြီးဘာပြောခဲ့တယ်ဆိုတာ စုံစမ်းဖို့ပါပဲ၊ ကျုပ်စိတ်ထင်တော့ မိုးနဂါးဓားရဲ့လျှို့ဝှက်ချက်ကို ပြောပြခဲ့တယ်လို့ထင်တာပဲ"

အမှန်စင်စစ် ယုယိစုသည် သိုင်းလောကသားမဟုတ်ပေ။

သိုင်းလောကအတွင်းသို့ မျက်စိလည်လမ်းမှားဝင်လာသူသာဖြစ်သည်။

သိုင်းလောကအတွင်းကျင်လည်ခဲ့သည်မှာ ခြောက်ဆယ့်တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော အဆိပ်ဝိဇ္ဇာသည် တော်ရုံတန်ရုံ သိုင်းသမားကိုပင် သိသည်။ ယုယိစုကိုတော့ မသိပေ။

"ကောင်းပါပြီ၊ ကျုပ်စုံစမ်းပေးပါ့မယ်"

အဆိပ်ဝိဇ္ဇာက ဝန်ခံစကားဆိုသည်။

စုကျူးမြို့စားကြီးက ရုတ်တရက်မေးလိုက်သည်။

"ကျုပ်တို့ မိုးနဂါးဓားအကြောင်းစကားကောင်းနေတာနဲ့ ပြောလက်စ စကားပြတ်သွားတယ်၊ လျှံယင်းချုံရဲ့အခြေအနေက ဘယ်လိုလဲ၊ သူဘယ်လိုသေသွားတာလဲ"

အဆိပ်ဝိဇ္ဇာက ဖြစ်ပုံပျက်ပုံအလုံးစုံကို အသေးစိတ်ပြောပြလိုက်သည်။

"အဲဒီဂူက နှစ်ထပ်ဖွင့်ရတယ်၊ ပထမအခန်းနဲ့ဒုတိယအခန်းဆိုပြီး နှစ်ခန်းရှိတယ်၊ ဒုတိယအခန်းထဲမှာ အကြောပိတ်ပြီးထားပစ်ခဲ့တယ်၊ ဒီကောင်မမသေရင် ဘယ်သူသေမှာလဲဗျာ၊ စီးတိန်ကုနဲ့ ကိုးဝက်ပါဂိုဏ်းချုပ်တို့ အသိသက်သေရှိပါတယ်"

စုကျူးမြို့စားကြီးက ခေါင်းညိတ်၏။

"အင်း- ဒါဆို တစ်ရန်ငြိမ်းတာပေါ့၊ ကျုပ်ကြောက်နေတာ အဲဒီမောင်ပဲ၊ တော်တော်ကလေးဖွဲ့သတ္တိရှိတယ်၊ ကဲ- ဆရာကြီးအတွက် ကျုပ်မှာ လက်ဆောင်တွေရောက်နေတယ်၊ လက်ခံသွားစမ်းပါဦး"

စကျူးမြို့စားကြီးက လက်ခုပ်တီးလိုက်သည်။

သက်တော်စောင့်တစ်ယောက် အပြေးရောက်လာသည်။

မြို့စားကြီးက တီးတိုးပြောလိုက်သောအခါ ချက်ချင်းပြေးထွက်သွားသည်။ ချက်ချင်းလိုလိုပင် ပြန်ရောက်လာသည်။

လက်ထဲတွင် ကတ္တီပါအိတ်ကလေးတစ်လုံးပါလာသည်။

မြို့စားကြီးက အိတ်ရှုံ့ကလေးကိုဆွဲဖွင့်ပြီး အိတ်ထဲမှပစ္စည်းများကို လက်ဖဝါးထဲမှောက်ချလိုက်ရာ ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသောရတနာများ ထွက်ပေါ်လာလေသည်။

မြို့စားကြီးသည် ရတနာများကိုမြှောက်ပြကာ အိတ်ရှုံ့ထဲပြန်ထည့်ပြီး အဆိပ်ဝိဇ္ဇာကိုကမ်းပေးလိုက်သည်။

"ကဲ- ကျုပ်သွားတော့မယ်၊ မြို့စားကြီးကို ကျုပ်နှုတ်ဆက်ခဲ့ပါတယ်"

အောက်လမ်းဂိုဏ်းသား၊ အသားထဲကလောက်ကောင်၊ အမျိုးသားသစ္စာဖောက်၊ အတ္တသမားအဆိပ်ဝိဇ္ဇာသည် ကျေနပ်နှစ်သိမ့်သောအပြုံးဖြင့် မြို့စားကြီးကိုဂါရဝပြုကာ ဂေဟာထဲမှထွက်ခွါသွားလေသည်။

❀❀❀



# ၊၄၊

ရယ်စရာအဘိုးအိုနှင့်ဖားကလေးတို့သည် စိတ်ကောင်းရှိသူများဖြစ်ကြသည်။ မတရားသည့်ကိစ္စများကို လက်ပိုက်ကြည့်နေတတ်သူများ မဟုတ်ပေ။

သူတို့သည် ဒေါင်းမသခင်မကျင်းဖုံး လူကောင်းပကတိဖြစ်သွားသောအခါ ထုံထင်းရိပ်အားစည်းရုံးကြသည်။

အဆိပ်ဘုရင်သေဆုံးသွားပြီဖြစ်ကြောင်း သိုင်းလောကသားများမသိရှိကြသော်လည်း အဆိပ်ဘုရင်ငုပ်လျှိုးနေသည်မှာ ကြာမြင့်လှပြီဖြစ်၍ သိုင်းလောကသားများစိတ်အေးနေကြလေပြီ။

လတ်တလောထကြွနေသူမှာ အဆိပ်ဝိဇ္ဇာသာဖြစ်ပေသည်။

ဖုကျားကျေးရွာသတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့လာသဖြင့် လူတိုင်းလိုလို အဆိပ်ဝိဇ္ဇာအားရွံရှာမုန်းတီးလာကြ၏။

ရယ်စရာနှင့် ဖားကလေးတို့က အဆိပ်ဝိဇ္ဇာအားသုတ်သင်ရန် ထုံထင်းရိပ်အားစည်းရုံးကြသည်။

သို့သော် ထုံထင်းရိပ်က လက်မခံပါ။

"အဆိပ်ဝိဇ္ဇာဆိုတာက ကျပ်ဘိုးအေလောက်ရှိတဲ့လူကြီးတွ အဆိပ်ပညာမှာကော အတွေ့အကြုံမှာကော၊ ကောက်ကျစ်မှုမှာပါ ကျပ်ထက်အများကြီးသာတယ်၊ ဒီလိုလူမျိုးကိုသတ်ဖို့ကြံတာဟာ သေ မင်းရဲ့နောက်ကျောကို ဓားနဲ့ထိုးဖို့ကြံတာနဲ့အတူတူပါပဲ"

ရယ်စရာနှင့်ဖားကလေးတို့သည် ပျော်ပျော်ပါးပါးနေတတ် သော်လည်း သေမှာကိုကြောက်ရွံ့သူများ မဟုတ်ပေ။ ထုံထင်းရိပ် ငြင်းဆန်သည့်အခါတွင်မူ ဆက်မပြောတော့ဘဲထွက်လာခဲ့ကြသည်၊

သူတို့နှစ်ဦးရောက်ရှိလာသည့်မြို့မှာ မင်းသမီးလေးရောက် နေသည့်မြို့ပင်ဖြစ်ပြီး ပရဆေးဆိုင်မှ မင်းသမီးလေး ဒုယိယအကြိမ် ပြေးထွက်သွားချိန်တွင် သူတို့လည်းထိုဆေးဆိုင်အနီးသို့ရောက်ရှိလာ ခဲ့ကြပေသည်။

ရယ်စရာသည် တစ်လမ်းလုံး အရွှတ်အနောက်များပြောလာ သည်။ ဖားကလေးကလည်း တဟီးဟီး တဟားဟားရယ်ကာလိုက် လာလေသည်။

"အဘိုး ဟိုမှာပြေးသွားတာကြည့်စမ်း၊ ဧွေ့ရမ်းမင်းသမီးလေး နဲ့တူလိုက်တာ"

ရယ်စရာ မျက်ခုံးများမြင့်တက်သွားသည်။ ပြေးထွက်သွား သည့်မိန်းကလေး၏ကျောပြင်ကို လိုက်ကြည့်သည်။

ချက်ချင်းလိုလိုပင် ရယ်စရာ၏မျက်နှာတည်သွားပြီး ဖား ကလေး၏လည်ကုပ်ကိုဆွဲကာ သစ်ပင်တစ်ပင်နောက်သို့ ခုန်ဝင်လေ သည်။



"အဘိုး- ဘာဖြစ်လို့လဲ"

"ရှူး- တိုးတိုး"

ရယ်စရာကြည့်နေသည့်ဘက်သို့ ဖားကလေးလိုက်ကြည့်လိုက် သောအခါ သူတို့ကဲ့သို့ပင် မင်းသမီးလေးပြေးထွက်သွားရာသို့ မျက် လုံးဒေါက်ထောက်ကာ လိုက်ကြည့်နေသည့် စီးတိန့်ကုအား တွေ့ လိုက်ရလေသည်။

"ဖြိုဟ်ကောင်ပဲ၊ ဒီကောင် မင်းသမီးလေးကိုဒုက္ခပေးတော့ မယ်"

ဖားကလေးက တီးတိုးပြောသည်။

ရယ်စရာက ခေါင်းညိတ်ပြပြီး-

"ကဲ- ငါက အဲဒီကောင့်ကို တားထားလိုက်မယ်၊ မင်းက မင်း သမီးကလေးနောက်ကိုလိုက်သွားလိုက်ပါ၊ လိုတာကူညီပေးလိုက်ပါ"

ဖားကလေးသည် ဘာစကားမျှမပြောတော့ဘဲပြေးထွက်သွား လေတော့သည်။

ရယ်စရာသည် မင်းသမီးလေးနောက်ပြေးလိုက်ရန် ဟန်ပြင် နေသောစီးတိန့်ကုနောက်၌ သွားရပ်လေသည်။

"အဟမ်း- အဟမ်း- "

ရုတ်တရက်ပေါ်လာသော ချောင်းဟန့်သံကြောင့် စီးတိန့်ကု လန့်သွားသည်။

သူသည် မင်းသမီးလေးထံသို့အာရုံရောက်နေသဖြင့် သူ့ နောက်၌လူလာရပ်သည်ကိုပင် သတိမပြုမိဘဲဖြစ်သွားလေသည်။

သူ့အလန့်တကြားလှည့်ကြည့်သည့်အခါတွင်မူ ရယ်စရာအား

တွေ့လိုက်ရသည်။

"ခင်ဗျား- ဘာရှုပ်ဦးမလို့လဲအဘိုးကြီး"

"ဘာမှမရှုပ်ပါဘူး"

"မရှုပ်ရင် ကိုယ့်လမ်းကိုယ်သွားလေ"

"ဘာဆိုင်လဲကွ၊ ငါက ဘယ်သူ့ကိုမှဒုက္ခပေးနေတာမှမဟုတ်တာဘဲ"

"ဘာဖြစ်လို့ ကျုပ်နောက်ကိုလာရပ်နေရတာလဲ"

"မရပ်ရဘူးလား"

စီးတိန့်ကုသည် ဆက်မပြောတော့ဘဲ မင်းသမီးလေးသွားသည့်ဘက်သို့ ခပ်မှန်မှန်လျှောက်သည်။

ရယ်စရာကလည်း စီးတိန့်ကုလျှောက်သလို လိုက်လျှောက်လေသည်။

စီးတိန့်ကုရပ်ရပြန်သည်။ ထိုအခါ ရယ်စရာလည်းရပ်သွားပြန်သည်။

"အဘိုးကြီး- ခင်ဗျားက ကျုပ်ကိုရန်စနေတာလား"

"မစပါဘူး၊ ကျုပ်ဘာသာ ကျုပ်ရပ်တာပါ"

စီးတိန့်ကုကလျှောက်ပြန်သည်။

ရယ်စရာလည်း လိုက်လျှောက်ပြန်သည်။

စီးတိန့်ကုစိတ်မရှည်တော့ပေ။

"ကဲ- ခင်ဗျား လိုက်နှောင့်ယှက်ဦး"

စီးတိန့်ကုက ရယ်စရာအား စတင်တိုက်ခိုက်လေတော့သည်။ ထိုအခါကျမှ လိုချင်သည့်အတွက်ဝင်သွားလေသည်။



ရယ်စရာသည် စီးတိန့်ကုဒေါသထွက်သည်ထက် ထွက်လာအောင် နောက်လိုက်ပြောင်လိုက်ဖြင့် ခုခံကစားနေလေတော့၏။

❀❀❀

ဖားကလေးသည် မင်းသမီးလေးနောက်သို့ အပြေးကလေးလိုက်သွားလေသည်။

"မင်းသမီးလေး- မင်းသမီးလေး-"

ဖားကလေးက နောက်မှတကြော်ကြော်အော်ခေါ်သဖြင့် မင်းသမီးလေးက လှည့်ကြည့်လိုက်သည်။

ဖားကလေးမှန်းသိသောအခါ ရပ်စောင့်သည်။

"မင်းသမီးလေး ကျွန်တော်ကူညီဖို့လိုက်လာတာပါ"

"လာ- လာ"

မင်းသမီးလေးသည် ဖားကလေးကိုခေါ်၍ ဘုရားကျောင်းပျက်ဆီသို့ပြေးလေသည်။

ဖားကလေးလည်း ဘုမသိဘမသိဖြင့်ပြေးလိုက်လာလေ၏။

ဘုရားကျောင်းပျက်ရှေ့သို့ရောက်သော် မင်းသမီးလေး အပြေးရပ်လိုက်ပြီး-

"ဖားကလေး ဒီမှာခဏစောင့်နေ"

သူမသည် ဘုရားကျောင်းပျက်ထဲသို့ပြေးဝင်လေတော့သည်။ လုံရှောက်ယို့သည် သူမထားသည့်နေရာ၌ ရှိမနေတော့ချေ။

"ဟင်- သူ သူထွက်သွားပြီ၊ သူသေတော့မယ်"

မင်းသမီးလေးသည် ဘုရားကျောင်းပျက်နောက်ဘက်သို့ ထွက်၍ ဟိုဟိုသည်သည်လိုက်ကြည့်သည်။

ဘုရားကျောင်းအနောက်ဘက်၌ ထူးခြားသောခြေရာများ တွေ့သည့်အခါ လုံရှောက်ယို့၏ခြေရာများပင်ဖြစ်ရမည်ဟု တွက်ချက်လျက် ပြေးလိုက်လေတော့သည်။

အတန်ကြာလိုက်မိသောအခါ ဒယီးဒယိုင်လျှောက်သွားနေသောလုံရှောက်ယို့အား တွေ့ရလေသည်။

"လုံရှောက်ယို့- လုံရှောက်ယို့- ဖြစ်ရလေလုံရှောက်ယို့ရယ်၊ ဘာဖြစ်လို့ ကျွန်မကိုမစောင့်ဘဲထွက်သွားရတာလဲ"

လုံရှောက်ယို့သည် စိတ်လျှော့လိုက်သဖြင့် အားပြတ်လဲကျသွားသည်။

သူသည် မင်းသမီးလေး၏စိတ်ဓာတ်ကိုသိသည်။ ထို့ကြောင့်ရှိသေလေးစားသည်။ သူ့အသက်သည် ဘာမျှတန်ဖိုးမရှိ၊ မင်းသမီးလေး၏လုပ်ဆောင်ချက်များကသာ တန်ဖိုးရှိသည်။

သူ့ကြောင့် မင်းသမီးလေး၏လုပ်ဆောင်ချက်များနှောင့်နှေးသွားမည်ကို သူစိုးရိမ်သည်။

ထို့ကြောင့် သေလိုကသေစေတော့ဟူသောသဘောဖြင့် မင်းသမီးလေးမတွေ့နိုင်သည့်နေရာသို့ ခက်ခဲစွာထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ယခုသော် မင်းသမီးလေးက သူ့နောက်သို့အမီလိုက်လာခဲ့ချေပြီ။ လုံရှောက်ယို့မှာ ဝမ်းနည်းဝမ်းသာဖြစ်သွားလေသည်။

"သခင်မလေးရယ်- ဘာဖြစ်လို့ ကျွန်တော့်နောက်ကို လိုက်



လာခဲ့ရတာလဲ"

"ပြောရက်လိုက်တာရှင်၊ ကျွန်မကို မန်ချူးတွေဖမ်းသွားတော့ မန်ချူးတွေလက်ထဲကရှုပ်ရှုပ်ခွဲခွဲလိုက်ကူညီခဲ့တာ ဘယ်သူလဲ၊ မိုးနဂါးတောင်ခရီးကို သက်သက်လိုက်ပါကူညီခဲ့တာဘယ်သူလဲ၊ အဲဒီလိုလူမျိုးကို ကျွန်မကလျစ်လျူရှုပေကွာပြုနိုင်ရမှာလား"

မင်းသမီးလေးက မျက်ရည်များဝဲလျက်ပြောလိုက်လေသည်။

သူမ၏လက်ထဲမှ ဆေးလုံးကလေးများကိုလည်း ဖြန့်ပြလိုက်လေသည်။

"ဟောဒီမှာတွေ့လား၊ တစ်လုံးက အဆိပ်ဖြေဆေး၊ တစ်လုံးကဒဏ်ကြေဆေး ကျွန်မ ရအောင်ယူလာခဲ့ပြီ"

လုံရှောက်ယို့သည် မင်းသမီးလေးအား ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်သည်။

သို့ရာတွင် သူ့မျက်လုံးများပြာဝေစပြုလာပြီ။

"သူတို့က ဘာဖြစ်လို့ ဒဏ်ကြေဆေးအစား အဆိပ်ဆေးလုံးပေးလိုက်တာလဲဟင်"

မင်းသမီးလေးက စီးတိန်ကူ ဝင်နှောက်ပုံတို့ကိုရှင်းပြလိုက်သည်။

"ဒီလူဟာ ကျွန်မတို့ကို ခရီးစဉ်တစ်လျှောက်လုံး လိုက်ဒုက္ခပေးတာပဲ၊ ခု ဘုရင့်သားတော်လေးပါမလာတာတောင် ကျွန်မနောက်ကို ဘယ်လိုခြေရာခံလိုက်လာသလဲမသိဘူး"

"သခင်မလေး အဆိပ်ဆေးလုံးကိုလဲသိမ်းထားပါ၊ ဒဏ်ကြေဆေးလုံးကိုလဲ သိမ်းထားပါ"

"ဘာဖြစ်လို့ သိမ်းထားရမှာလဲ၊ ကျွန်မအတွက် မလိုအပ်ပါဘူး၊ ရှင့်အတွက်သာ- "

"ကျွန်တော့်အတွက်လဲ မလိုအပ်တော့ပါဘူး၊ ကျွန်တော်က အချိန်လွန်သွားပြီပဲ"

လုံရှောက်ယို့သည် စကားဆုံးသည်နှင့် မည်းနက်သောသွေးများ ထိုးအန်လေတော့သည်။

"ကဲ တွေ့လား- သွေးမည်းတွေတောင်အန်နေပါပြီ၊ ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးနေ့ဝင်ချိန်ပါပဲ"

"အို- မဟုတ်ဘူး၊ ရှင်မသေရဘူး၊ အဆိပ်ဖြေဆေးသောက်လိုက်စမ်းပါ၊ ချက်ချင်းပြန်ကောင်းသွားမှာပါ"

လုံရှောက်ယို့က ပင်ပန်းကြီးစွာခေါင်းခါယမ်းလိုက်သည်။

"မရတော့ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်သိပါတယ်၊ ဒီဆေးလုံးနှစ်လုံးဟာ တစ်ချိန်ချိန်မှာ မင်းသမီးလေးအတွက် အသုံးဝင်နိုင်ပါတယ်၊ သိမ်းထားပါ၊ မသေခင် သခင်မလေးဆီ အကူအညီတစ်ခုတောင်းချင်ပါတယ်"

မင်းသမီးလေးက မျက်ရည်ဖြိုင်ဖြိုင်ကျလာလေတော့သည်။

"ကျွန်တော်ဟာ တောင်ပိုင်းပင်လယ်ကမ်းခြေက လာခဲ့တာပါ၊ ကျွန်တော့်ညီတစ်ယောက်ပျောက်သွားလို့ လိုက်ရှာရင်း သခင်မလေးနဲ့တွေ့တာပါ၊ တကယ်လို့များ ကျွန်တော့်ညီကိုတွေ့ရင် ကျွန်တော့်အဖြစ်အပျက်ကို ပြော- ပြော- "

မင်းသမီးလေးသည် လုံရှောက်ယို့၏ဘဝကိုသိရသောအခါ ပို၍ရင်နင့်သွားလေသည်။



သူ၏ပျောက်ဆုံးနေသောညီငယ်အား ရှာနေစဉ် သူမအား ကူညီခဲ့ကြောင်းသိလိုက်ရလေပြီ။

"စိတ်ချပါရှင်- ဘာတာဝန်တွေ ဘယ်လိုပဲ ထမ်းဆောင်ထမ်းဆောင် ရှင့်ညီကိုတွေ့အောင်ရှာပြီး ရှင့်အကြောင်းပြောပြလိုက်ပါ့မယ်၊ ရှင့်ညီနာမည်က ဘယ်သူတဲ့လဲ"

"ဖားကလေးပါ"

"ရှင်- "

မင်းသမီးလေးမှာ တစ်ကိုယ်လုံး အေးစက်သွားလေတော့သည်။

သူမ၏အာခေါင်များ ခြောက်ကပ်သွားသည်။ ရုတ်တရက်စကားမပြောနိုင်အောင် ဖြစ်သွားသည်။

ထိုအချိန်၌ လုံရှောက်ယို့မှာ အသက်ထွက်တော့မလိုဖြစ်လာလေသည်။

မင်းသမီးလေးက ကပျာကယာ လုံရှောက်ယို့ကို လှုပ်လိုက်လေသည်။

"လုံရှောက်ယို့- လုံရှောက်ယို့၊ ရှင့် ရှင့်ညီဒီနားရောက်နေပြီ"

လုံရှောက်ယို့၏မျက်လုံးများ ပြန်ပွင့်လာသည်။

"သခင်မလေး ဘာပြောလိုက်တာလဲ"

"ရှင့်ညီဖားကလေး ဒီနားမှာရောက်နေပြီ"

လုံရှောက်ယို့၏မျက်လုံးများ ရုတ်တရက်ဝင်းလက်တောက်ပသွားလေသည်။

မျက်လုံးများ ရုတ်ခြည်းကြည်လင်လာပုံမှာ ထူးခြားလှသဖြင့်

မင်းသမီးလေးမှာ ဝမ်းသာရမည့်အစား ပို၍ပင်ထိတ်လန့်သွားရလေသည်။

"ဖားကလေး လာပြီလား"

"ရောက်နေပြီ၊ ဘုရားကျောင်းရှေ့မှာရောက်နေပြီ၊ ကျွန်မခေါ်ပေးမယ်"

သို့သော် လုံရှောက်ယို့၏မျက်လုံးများသည် ချက်ချင်းပင် အရောင်ပြန်မှိန်သွားလေသည်။

နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်လာသော်လည်း စကားသံ ထွက်မလာတော့ပေ။ တဖြည်းဖြည်း သူ့မျက်လုံးများမှိတ်သွားလေသည်။

"ဖားကလေးရေ"

လုံရှောက်ယို့နှုတ်မှထွက်လာသည့်အသံသည် ကြည်လင်လှသဖြင့် မင်းသမီးလေးအံ့ဩသွားလေသည်။

သို့သော် ချက်ချင်းလိုလိုပင် ဇက်ကျိုးကျကာ အသက်ပျောက်သွားလေတော့၏။

"လုံရှောက်ယို့ လုံရှောက်ယို့ ဖြစ်ရလေရှင်၊ ရှင်တို့ညီအစ်ကိုလွဲမှလွဲတတ်ပလေတယ်ရှင်ရယ်"

မင်းသမီးလေးသည် ရင်ကွဲမတတ်ငိုကြွေးမိလေတော့၏။

❀❀❀

မဟာ

## အသက်ပေးကျညီသု

မင်းသမီးလေးသည် မျက်ရည်များကို သိမ်းဆည်းပြီးနောက် ဖားကလေးအားအကြောင်းကြားရန် ဘုရားကျောင်းပျက်ရှေ့သို့ ပြန်လျှောက်လာခဲ့လေသည်။

ဖားကလေးအား သူ့အစ်ကိုအကြောင်း မည်သို့ပြောရပါမည်နည်းဟု မင်းသမီးလေးကတွေးတောလာသည်။

သို့သော် သူမ၏စိတ်ကူးများ အလကားဖြစ်သွားသည်။

အကြောင်းမှာ ဘုရားကျောင်းရှေ့၌ ဖားကလေးမရှိတော့သောကြောင့်တည်း။

"ဖားကလေးရေ. . ဖားကလေး"

"ဖားကလေးရေ. . ဖားကလေး"

မင်းသမီးလေးသည် ဖားကလေးကို တကြော်ကြော်အော်ခေါ်သည်။

ဖားကလေးကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

"ဩော်- ဖြစ်ရလေဖားကလေးရယ်၊ မင်းတို့ညီအစ်ကို နှစ်ယောက်ရဲ့ဘဝက တယ်လဲဆိုးရွားပါလားကွယ်၊ အစ်ကို့အလောင်းကိုတောင် မင်းမမြင်နိုင်တော့တဲ့ဘဝပါလားကွယ်"

မင်းသမီးလေးက ရင်နာစွာရေရွတ်မိလေသည်။

သူမသည် လုံရှောက်ယို့အလောင်းဆီသို့ပြန်လျှောက်လာခဲ့လေသည်။ ကျေးဇူးရှိခဲ့ဖူးသော လုံရှောက်ယို့၏အလောင်းကို သည်အတိုင်းပစ်မထားရက်သဖြင့် တွေ့သမျှ သစ်ကိုင်းသစ်ခက်များကို အသုံးပြုကာ တွင်းတစ်တွင်းတူးပြီးမြှုပ်နှံပေးခဲ့လိုက်လေသည်။

မင်းသမီးလေးသည် လုံရှောက်ယို့အား မြေမြှုပ်ပြီးသည်နှင့် စိတ်ပျက်စွာလျှောက်လာခဲ့လေသည်။

မြို့တွင်းသို့ပြန်မဝင်တော့ဘဲ တောင်ကုန်းကိုကျော်ကာတရုတ်ပြည်တောင်ပိုင်းသို့ ခရီးဆက်တော့မည်ဟုရည်ရွယ်လိုက်သည်။

ထိုအချိန်မှာပင် သူမထံသို့ လူတစ်ယောက်ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေသည်။

ထိုသူကား ထုံထင်းရိပ်တည်း။

ထုံထင်းရိပ်သည် စိတ်သစ်လူသစ်ဖြစ်နေပြီဖြစ်၍ မင်းသမီးလေးအားတွေ့သည်နှင့် ဂါရဝပြုလိုက်လေသည်။

"မင်းသမီးလေး ကျုပ်ဘာအကူအညီပေးရမလဲ"

မင်းသမီးလေးက ဝမ်းသာသွားသည်။

"ဖားကလေးကို ရှာပေးပါလားရှင်၊ ဖားကလေးကို ကျွန်မလိုက်ရှာနေတာ"

"ကောင်းပါပြီ- ဒီလိုဆိုရင် မင်းသမီးလေး ဒီကပဲ စောင့်ပါ၊



ဟောဒီတောင်ကုန်းပေါ် တက်ပြီး ဖားကလေးကိုလိုက်ရှာပေးပါမယ်"

ထုံထင်းရိပ်သည် စကားဆုံးသည်နှင့် တောင်ကုန်းထက်သို့တက်သွားလေသည်။

တောင်ကုန်းဟုသာဆိုရသည် တကယ်တော့ အတော်မြင့်မားမတ်စောက်သည့်ကုန်းမြင့်သာဖြစ်သည်။ ထိုထိပ်မှ ချောင်းမြောင်းကြည့်လျှင် အရပ်လေးမျက်နှာကို အပေါ်စီးမှကြည့်မြင်နိုင်သည်။

ထုံထင်းရိပ်တက်လာသည်မှာ နေရာမှန်ပင်ဖြစ်သည်။ ဖားကလေးသည် ထိုတောင်ထိပ်၌ရှိနေသောကြောင့်ပင်တည်း။

ဖားကလေးသည် ဘုရားကျောင်းပျက်ရှေ့၌ မင်းသမီးလေးအလာကိုစောင့်နေစဉ် ဘုရားကျောင်းပျက်ဆီသို့ တည့်တည့်မတ်မတ်ကြီးလာနေသောအဆိပ်ဝိဇ္ဇာအား တွေ့လိုက်ရသဖြင့် မင်းသမီးလေးအတွက် စိတ်ပူသွားသည်။

သူသည် အဆိပ်ဝိဇ္ဇာအား မန်ချူးလက်ကိုင်တုတ်ဖြစ်ကြောင်း သိထား၍ စိုးရိမ်ခြင်းမဟုတ်ပေ။ အဆိပ်ဝိဇ္ဇာသည် အောက်လမ်းဂိုဏ်းသားဖြစ်၍ မင်းသမီးလေးအား ဖမ်းဆီးပြီး မတော်တရော်ပြုလုပ်မည်ကို စိုးရိမ်ခြင်းသာဖြစ်လေသည်။

ထို့ကြောင့် သူသည် မင်းသမီးလေးမလာမီ အဆိပ်ဝိဇ္ဇာရှေ့မှ ယောင်ပြပြေးလွှားပြီး တောင်ကုန်းထိပ်သို့ပြေးတက်သွားလေသည်။

အဆိပ်ဝိဇ္ဇာကလည်း ဖားကလေးနောက် ချက်ချင်းပင်ပြေးလိုက်သွားလေသည်။

တောင်ကုန်းထက် မွှေနှောက်ရှာဖွေနေစဉ် ထုံထင်းရိပ်လည်း တောင်ကုန်းပေါ် အတက် အဆိပ်ဝိဇ္ဇာနှင့်ပက်ပင်းတွေ့လေတော့၏။

အဆိပ်ဝိဇ္ဇာနှင့်ထုံထင်းရိပ်တို့ ဆုံတွေ့သည့်နေရာမနီးမဝေး ချုံပုတ်တစ်ခုအတွင်းဝယ် ဖားကလေးရှိနေသည်။

အကယ်၍ ထုံထင်းရိပ်သာ အနည်းငယ် နောက်ကျပြီးရောက်လာပါက ဖားကလေး၏ရှေ့ရေးမှာ တွေးဝံ့စရာမရှိတော့ပေ။

အဆိပ်ဝိဇ္ဇာသည် မုတ်ဆိတ်ကိုသပ်ပြီး ထုံထင်းရိပ်အား ခြေဆုံးခေါင်းဆုံးကြည့်နေသည်။

အတန်ကြာအကဲခတ်လိုက်ပြီးမှ-

"ထုံထင်းရိပ် မင်းဘာလာလုပ်တာလဲ"

ထုံထင်းရိပ်က မကောင်းတတ်သဖြင့် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"ဆရာကြီးကကော ဘာလုပ်နေပါသလဲခင်ဗျာ"

ထုံထင်းရိပ်၏မေးခွန်းသည် အဆိပ်ဝိဇ္ဇာ၏ဒေါသကိုဆွလိုက်သလိုဖြစ်သွားလေသည်။

"မင်းက ဘာကောင်မို့ ငါ့ကို စစ်လားဆေးလားလုပ်နေရတာလဲ၊ ငါမေးတဲ့မေးခွန်းကို အလျင်ဖြေပါလား"

ထုံထင်းရိပ်သည် အဆိပ်ဝိဇ္ဇာနှင့်ရန်မဖြစ်လို၍။

ထို့ကြောင့် သည်းခံပြီးဖြေလိုက်လေသည်။

"ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို လာရှာတာပါ"

"ဘယ်သူလဲ"

"နာမည်တော့ ပြောလို့မဖြစ်ပါဘူးခင်ဗျာ"

"မင်းမိတ်ဆွေ ဒီတောင်ပေါ်မှာမရှိဘူး၊ မင်းဆင်းတော့"

အဆိပ်အဝိဇ္ဇာက ခပ်တည်တည်ဖြင့်အမိန့်ပေးလိုက်သည်။



ထိုအမိန့်ပေးသံက ထုံထင်းရိပ်၏သည်းခံခြင်းအတိုင်းအတာကို ကုန်ဆုံးသွားစေသည်။

"ကျုပ်က ဘာဖြစ်လို့ဆင်းရမှာလဲ၊ ဒီတောင်က ခင်ဗျားပိုင်တဲ့တောင်မှမဟုတ်တာ"

"အေး- ခြေထောက်နဲ့ ကောင်းကောင်းမွန်မွန်မဆင်းချင်တဲ့ကောင်၊ ခေါင်းနဲ့ဆင်းသွားအောင် ငါလုပ်ပေးလိုက်ရတော့မှာပေါ့"

ထုံထင်းရိပ်သည် မထူးတော့ပြီဖြစ်၍ အဆိပ်ဝိဇ္ဇာကို ပမာမခန့်ဆက်ဆံတော့သည်။

"ခင်ဗျား တော်တော်အပြောကြီးတာပဲကိုး၊ ကျုပ်မှာလဲ ပညာနဲ့ပဲ၊ ခင်ဗျားလုပ်တိုင်း ခံနေမယ်များထင်နေသလား"

အဆိပ်ဝိဇ္ဇာသည် အေးစက်စွာပြုံးလိုက်သည်။ သူ့မျက်လုံးထဲ၌ လူသတ်လိုသောအရိပ်အယောင်များ ယှက်သန်းလာသည်။

"ဟုတ်ပြီ၊ အပြောကြီးတဲ့ကောင်၊ မင်းမှာရှိသမျှပညာတွေထုတ်ပေတော့၊ နိုင်အောင်တိုက်နိုင်ရင်တိုက်၊ ရှုံးလို့ကတော့ မလွယ်ဘူး၊ မင်းရဲ့ခြေလက်လေးခုစလုံးကိုဖြတ်ပြီး ဟောဒီ တောင်ထိပ်မှာပစ်ချထားခဲ့မယ်"

ထုံထင်းရိပ်သည် အဆိပ်ဝိဇ္ဇာအား စတင်တိုက်ခိုက်လေတော့သည်။

အဆိပ်ဝိဇ္ဇာ၊ စီးတိန်ကုနှင့်သူတို့သည် အဆိပ်ပညာနောက်တကောက်ကောက်လိုက်နေသူများဖြစ်၍ တစ်နေ့မဟုတ် တစ်နေ့ ထိပ်တိုက်တွေ့မည်ကို နားလည်သဘောပေါက်ပြီးဖြစ်လေသည်။

သူသည် ဝါစဉ်ငယ်သူဖြစ်၍ အဆိပ်ဝိဇ္ဇာအားတတ်နိုင်သမျှ

ရှောင်သည်။ ယခု မရှောင်နိုင်သည့်အဆုံးတွင်မူ သူသေကိုယ်သေ တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်လေသည်။

သူတို့သည် အကြိတ်အနယ်တိုက်ခိုက်ကြလေသည်။ ပထမ သိုင်းကွက် ငါးဆယ်ခန့်အတွင်းတွင် ထုံထင်းရိပ်သည် အဆိပ်ဝိဇ္ဇာကို အကြိတ်အနယ် ဘတပြန်ကျားတပြန်တိုက်ခိုက်နိုင်ခဲ့သည်။

ထိုမှ နောက်ပိုင်းတွင် ထုံထင်းရိပ်သည် အဆိပ်ဝိဇ္ဇာကို မယှဉ်နိုင်တော့ချေ။

"ဘယ်လိုလဲ အဆိပ်ပညာရှင်ကြီးရဲ့၊ ငါ့ကို ပမာမခန့်ပြောသလောက် မင်းပညာကျတော့နိမ့်ပါးလှချည်လား"

"ကြည့်ဦးလေ- ပွဲပြီးတော့မှပြောချင်ရာပြောပေါ့"

ထုံထင်းရိပ်မှာ တဖြည်းဖြည်းနောက်ဆုတ်ပေးနေရသည်။

သူသည် အကွက်ကောင်းကိုကြည့်နေသည်။

တစ်ကွက်ကွက်တွင် သူသေကိုယ်သေတိုက်ကွက်ကို သုံး၍ အဆိပ်ဝိဇ္ဇာကို သေရွာသို့အတူခေါ်သွားနိုင်မည်ဟု သူယုံကြည်ထားလေသည်။

ဖားကလေးမှာ ချုံထဲမှနေ၍ ထုံထင်းရိပ်အတွက်လွန်စွာစိတ်ပူနေသည်။

သိုင်းပညာ အသင့်အတင့်တတ်ထားသော်လည်း ထိုပညာကလေးဖြင့်အဆိပ်ဝိဇ္ဇာအားမနိုင်နိုင်သဖြင့် သူလည်းအကွက်ကောင်းကို စောင့်နေရပြန်တော့သည်။

ထိုစဉ်မှာပင် အဆိပ်ဝိဇ္ဇာနှင့်ထုံထင်းရိပ်တို့သည် တောင်ထိပ်ချောက်ကမ်းပါးအစွန်းသို့ တဖြည်းဖြည်းရောက်ရှိလာကြသည်။



အဆိပ်ဝိဇ္ဇာသည် ချောက်ကမ်းပါးစွန်းရောက်လာသည်ကို နို့မိသိရှိသည်။ ထုံထင်းရိပ်ကတော့ မရိပ်မိပေ။

အဆိပ်ဝိဇ္ဇာက ကောက်ကျစ်စွာပြုံးလိုက်သည်။

"ဟား- ဟား- ဟား- ဘယ်လိုလဲကွ၊ မင်းဟာက တစ်ဆုတ်တည်းဆုတ်နေတာပါပဲလား၊ တစ်ခါတစ်လေ ငါလဲနောက်ဆုတ်ပါရစေဦး"

ထုံထင်းရိပ်မှာ ဘာမှခွန်းတုံ့မပြန်နိုင်တော့ပါ။ သူ့တစ်ကိုယ်လုံး ချွေးများစိုစိုရွှဲလျက်ရှိနေပါသည်။

"ထုံထင်းရိပ်- ဒီနေ့ဟာ မင်းသေနေ့ကွ၊ သိရဲ့လား၊ ဟောဒီ တောင်ပေါ်မှာ မင်းဒီနေ့သေရမယ့်နေ့ပဲ"

အဆိပ်ဝိဇ္ဇာ၏တိုက်ကွက်များက တဖြည်းဖြည်းပြင်းထန်သည်ထက် ပြင်းထန်လာသည်။

ဖားကလေးသည်လည်း ချွေးပြန်လျက်ရှိ၏။ သူသည် ချုံထဲမှချောင်းမကြည့်နိုင်တော့ဘဲ အပြင်သို့ခေါင်းပြူ၍ ကြည့်လိုက်မိလေတော့သည်။

ထုံထင်းရိပ် တကယ်ဒုက္ခရောက်တော့မည်။

အဘယ့်ကြောင့်ဆိုသော် နောက်ထပ် နှစ်လှမ်းမျှ ဆုတ်လိုက်ရုံဖြင့် ချောက်ထဲသို့ကျတော့မည်မှာ သေချာနေသောကြောင့်ပင်တည်း။ ဖားကလေး မနေသာတော့ပေ။

ချုံထဲမှ တဖြည်းဖြည်းထွက်လာခဲ့လေသည်။

ထိုအချိန်တွင် အဆိပ်ဝိဇ္ဇာက ထုံထင်းရိပ်အားစွန်လက်သည်းကုတ် လက်သည်းသိုင်းဖြင့်ကုတ်ချသည်။

ထုံထင်းရိပ်က ဘယ်လက်ဖြင့်ဖမ်းတားသည်။

အဆိပ်ဝိဇ္ဇာက လက်ဝဲလက်ဖြင့်ကုတ်ချဖြန့်သည်။

ထုံထင်းရိပ်က လက်ယာလက်ဖြင့်ဖမ်းထားပြန်သည်။

ထိုအချိန်ကား အရေးအကြီးဆုံးအချိန်တည်း။ အတွင်းအား ပညာတွင် အဆိပ်ဝိဇ္ဇာက များစွာသာသဖြင့် ထိုလက်သည်းကုတ်များ သွှဦးခွံဆီမရောက်စေရန် ထုံထင်းရိပ်ချွေးပြိုက်ပြိုက်ကျတားဆီးနေ ရသည်။

ထုံထင်းရိပ်ခမျာ အားကုန်ထုတ်ခုခံလိုက်ရသဖြင့် အတွင်း ဒဏ်ရာရကာ ရင်ဝမှသွေးများပျို့တက်လာလေတော့သည်။

အဆိပ်ဝိဇ္ဇာ ခြေတစ်ချက်ကန်လိုက်ရုံဖြင့် ထုံထင်းရိပ်အား ချောက်ထဲကျသွားစေနိုင်သည်။ သူ ကန်လည်းကန်တော့မည့်အချိန် မှာပင် ဖားကလေးသည် ဝုန်းခနဲထွက်လာကာ အဆိပ်ဝိဇ္ဇာ၏ခြေ နှစ်ချောင်းကို ကျုံးဖက်လေသည်။

"ထုံထင်းရိပ် သူ့ရင်ဘတ်ကိုတိုက်၊ နောက်မှာချောက်ရှိတယ်"

ဖားကလေးကအော်လည်းအော်၊ မလွှတ်တမ်းလည်းကျုံးဖက် ထားလေသည်။

ထုံထင်းရိပ်သည် အရေးကြုံ သက်လုံကောင်းသူဖြစ်သည်၊

ရုတ်တရက် မှင်တက်မိသွားသော အဆိပ်ဝိဇ္ဇာ၏လက်များ ကို ဘေးသို့လမ်းကြောင်းပြောင်းလွှဲချပေးလိုက်ပြီး အဆိပ်ဝိဇ္ဇာ၏ ရင်ဝသို့ ဒူးဖြင့်တိုက်လိုက်လေသည်။

"အွန့်"

အဆိပ်ဝိဇ္ဇာငိုက်ကျသွားသည်။



"ပတ်ကန်- ပတ်ကန် ကျွန်တော့်ကိုမငဲ့နဲ့"

အဆိပ်ဝိဇ္ဇာ၏ခြေထောက်များကို ကျုံးဖက်ထားသော ဖား ကလေးက ဝူးဝူးဝါးဝါးအော်ဟစ်သတိပေးပြန်သည်။

ထုံထင်းရိပ်သည် အခြေအနေပေးခိုက် မာန်သွင်းအော်ကာ ပတ်ခြေဖြင့်ကန်လိုက်သည်။

"ဝုန်း"

"အား"

အဆိပ်ဝိဇ္ဇာနှင့်ဖားကလေးတို့မှာ ချောက်ထဲလွင့်စဉ်ကျသွား လေတော့သည်။

ထုံထင်းရိပ်မှာ ချောက်ကမ်းပါးထိပ်၌ ဒူးထောက်ထိုင်ကာ ချောက်ထဲသို့ငိုင်တွေ၍ကြည့်နေသည်။ သူနှင့်ဖားကလေးတို့ ရင်း နှီးသောမိတ်ဆွေများလည်းမဟုတ်ပေ။

သို့စင်လျက် ဖားကလေးသည် သူ့အသက်ကို အသေခံလျက် မိမိအားကူညီသွားခဲ့သည်။

"ဖားကလေး- ဖားကလေး ငါဟာ မင်းပေးတဲ့အသက်နဲ့ပဲ အသက်ရှင်နေရပါပြီကွာ"

ထုံထင်းရိပ်မှာ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များပေါက်ပေါက် ကျလာလေသည်။

ထိုအချိန်မှာပင် မင်းသမီးလေးသည် ထုံထင်းရိပ်၏နောက်သို့ ရောက်ရှိလာလေသည်။

"ထုံထင်းရိပ် ဖားကလေးကိုတွေ့သလား"

ထုံထင်းရိပ်သည် မင်းသမီးလေးဘက်သို့လှည့်လိုက်လေ

သည်။ မျက်ရည်များယိုစီးကျနေသော ထုံထင်းရိပ်ကိုတွေ့ရသော အခါ မင်းသမီးလေးအံ့သြသွားလေသည်။

"ဝေါ်"

ထုံထင်းရိပ် ထိုးအန်လိုက်ရာ နီရဲသောသွေးခဲများ ထွက်လာလေသည်။

"ဩော်- ရှင်ဒဏ်ရာရလိုက်တာကိုး၊ ရှင်ဘယ်သူနဲ့တိုက်ခိုက်လိုက်ရတာလဲ"

"ကျုပ်ဒဏ်ရာရသွားတာတော့အမှန်ပါ၊ ဒါပေမယ့် ဒဏ်ရာကြောင့် မျက်ရည်ကျနေတာတော့မဟုတ်ပါဘူး၊ ဖားကလေး ကျုပ်အသက်ကိုကယ်ရင်း ချောက်ထဲကျသွားလို့ငိုနေတာပါ"

"ဟင်- ဖားကလေးမရှိတော့ဘူးဟုတ်လား၊ သေပြီဟုတ်လား ဖြစ်မှဖြစ်ရလေရှင်"

သည်တစ်ကြိမ် မျက်ရည်ကျရသူကား မင်းသမီးလေးတည်း။

"ကံဆိုးလိုက်တဲ့ညီအစ်ကိုရယ်"

မင်းသမီးလေး၏ရေရွတ်သံကြောင့် ထုံထင်းရိပ်က ပြန်လှန်မေးမြန်းလိုက်လေသည်။

မင်းသမီးလေးက လုံရှောက်ယို့အကြောင်းပြောပြလိုက်ရာ ထုံထင်းရိပ်ခမျာ ဒုတိယအကြိမ်သွေးအန်ရပြန်သည်။

"မင်းသမီးလေးကို ကျုပ်ကူညီချင်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ ကျုပ်ဘာမှမကူညီနိုင်တော့ပါဘူး၊ ကျုပ်ကိုခွင့်လွှတ်ပါ"

မင်းသမီးလေးက ခေါင်းညိတ်လိုက်သည်။

"သွားပါ- သွားပါ၊ ရှင် အတွင်းဒဏ်ရာရထားပြီပဲ၊ ကျွန်မ



မကူညီနိုင်တဲ့အတွက်ဘဲ စိတ်မကောင်းဖြစ်မိပါတယ်"

ထုံထင်းရိပ်သည် ဒယီးဒယိုင်ဖြင့် တောင်ပေါ်မှဆင်းသွားလေတော့သည်။

မင်းသမီးလေးကား ငိုင်တွေလျက်ကျန်ရစ်ရာလေတော့သည်။

❀❀❀

## နေဝင်တောင်ကြား

စုကျူးမြို့စားကြီးသည် ကွေ့ကျန်ချူးတို့၏သတင်းဆက် ပြတ်နေသဖြင့် နေမထိ ထိုင်မသာဖြစ်နေပေသည်။

ကွေ့ကျန်ချူးသည် စိတ်ခတ်မာကျောသူဖြစ်သည်။

သူ၏သားကို အသေခံပြီး ဖွတ်တရွတ်လုပ်နိုင်သော စိတ်ထားမျိုးရှိသူဟု စုကျူးမြို့စားကြီးကယူဆထားသဖြင့် သူသည် ကွေ့ကျန်ချူးကို စိတ်မချပေ။

ထိုစဉ် အစောင့်တစ်ယောက်ကသတင်းလာပို့၏။

"သခင်ကြီး ရွှေလက်မောင်းသိုင်းသမားရောက်နေပါတယ်"

"ဟုတ်လား- အမြန်ဆုံးဝင်လာပါစေလေ"

အစောင့်ထွက်သွားပြီး ချက်ချင်းလိုလိုပင် ရွှေလက်မောင်းသိုင်းသမားရောက်ရှိလာသည်။

ရွှေလက်မောင်းသိုင်းသမားက မြို့စားကြီးကို ဦးညွှတ်အရိုအသေပြုလိုက်လေသည်။



"ဘာတွေများ သတင်းထူးလဲကွယ်"

"မြို့စားကြီးခင်ဗျာ၊ ကွေ့ကျန်ချူးနဲ့ဝေဝေတို့ဟာ ဘုရင့်သားတော်လေးကိုခေါ်လာနေပြီလို့ ကျွန်တော့်အထောက်တော်တစ်ယောက်က သတင်းလာပေးပါတယ်"

"သူတို့ ဘယ်လမ်းကလာကြသလဲ"

"'နေဝင်တောင်ကြားလမ်းဘက်ကို ဦးတည်နေတယ်လို့ သတင်းရထားပါတယ်"

"ဒါဆိုရင် အမြန်ဆုံး အတိုဆုံးလမ်းကဖြတ်လာနေကြတာပဲ၊ မင်းသတင်းကသေချာရဲ့လား"

"သေချာပါတယ်"

"ဘုရင့်သားတော်လေး တစ်ပါးတည်းပါလာသလား၊ တခြားဘယ်သူတွေပါသေးသလဲ"

"ဘုရင့်သားတော်လေးရဲ့သက်တော်စောင့် ယန်မင်းဆိုတဲ့လူရယ်၊ တခြားလူဆယ်ယောက်ပါပါတယ်၊ ဒါပေမယ့် အဲဒီလူတွေက ဘုရင့်သားတော်လေးနဲ့ရောနှောမသွားပါဘူး၊ ကွေ့ကျန်ချူးရဲ့အစီအစဉ်အရ ခွဲသွားကြပါတယ်"

"ကျုပ်တစ်ခုစီစဉ်ချင်တယ်"

"ဘာများလဲမြို့စားကြီး"

"ကျုပ်က ကွေ့ကျန်ချူးကိုသိပ်စိတ်မချဘူး၊ ကွေ့ကျန်ချူးဟာ အချိန်မရွေးစိတ်ပြောင်းနိုင်တဲ့လူဆိုတာ ကျုပ်သိထားတယ်၊ ဒါကြောင့် သူ့ကိုသတိပေးတဲ့ စာတစ်စောင်ရေးပို့ချင်ပါတယ်၊ မင်း သွားပို့ပေးနိုင်မလား"

"ပိုနိုင်ပါတယ်"

မြို့စားကြီးသည် ချက်ချင်းပင် စာတစ်စောင်ရေးသည်။

သူ့အမှတ်အသားတံဆိပ်တုံးရိုက်ပြီး ရွှေလက်မောင်းသိုင်းသမားအား လှမ်းပေးလိုက်သည်။

"သူ့ကိုလဲပြောပြလိုက်၊ ဘုရင့်သားတော်လေး ကျုပ်လက်ထဲမရောက်သမျှ သူ့သားရဲ့အသက်ဟာ စိတ်မချရဘူးလို့"

ရွှေလက်မောင်းသိုင်းသမားသည် စုကျူးမြို့စားကြီး၏စာကို လက်ခံယူလိုက်ပြီး ဂါရဝပြုကာနောက်ဆုတ်သွားလေသည်။

မြို့စားကြီးသည် သူ့ထံလာရောက်သစ္စာခံသူများအနက် အထူးနှုတ်ဆိတ်လှသော ရွှေလက်မောင်းသိုင်းသမားကို သဘောကျနေမိသည်။

ရွှေလက်မောင်းသိုင်းသမားကလည်း သူ့အကြောင်းနှင့်သူ ဖြစ်သည်။

စုကျူးမြို့စားကြီး၏နှမလေးကျင်းဟန်ရီသည် သူ၏အသက်ပေးချစ်မိသူမဟုတ်ပါလား။

မြို့စားကြီးသည် ရွှေလက်မောင်းသိုင်းသမား၏ကျောပြင်ကို ကြည့်၍ ခေါင်းတညိတ်ညိတ်ကျန်ရစ်ခဲ့လေသည်။

❁❁❁



ကွေ့ကျန်ချူးတို့လူစုသည် နေဝင်တောင်ကြားသို့ရောက်ခါနီးသောအခါ မင်းသားလေး၏အစောင့်အရှောက်အုပ်စုထဲမှ သက်တော်စောင့်ယန်မင်းကို ခေါ်ယူလိုက်သည်။

ကျန်လူများကို အခြားနေရာမှထွက်သွားစေသည်။

နေဝင်တောင်ကြားကို ကွေ့ပတ်သွားလျှင် ရက်သတ္တပတ်မျှ ပိုမိုကြာမြင့်သဖြင့် ကွေ့ကျန်ချူးက နေဝင်တောင်ကြားမှ ဖြတ်သန်းရန်သာဆုံးဖြတ်သည်။

ဝေဝေကတော့ ကွေ့ပတ်သွားလိုသည်။

သို့သော် ကွေ့ကျန်ချူး၏ဆန္ဒကိုမလွန်ဆန်နိုင်သဖြင့် နေဝင်တောင်ကြားမှဖြတ်သန်းသည့်ကိစ္စကို လက်ခံလိုက်ရသည်။

သက်တော်စောင့်ယန်မင်းကို သူတို့လူစုနှင့်အတူခေါ်ရန် တိုက်တွန်းသူမှာ ဝေဝေဖြစ်သည်။

နေဝင်တောင်ကြား၌အန္တရာယ်ရှိကြောင်း ကွေ့ကျန်ချူးက ကြိုပြောထားဖူးသဖြင့် ဘုရင့်သားတော်လေးကို ပိုမိုစောင့်ရှောက်နိုင်ရန် ဝေဝေကခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဤသို့ဖြင့် နေဝင်တောင်ကြားကို ဖြတ်မည့်သူများမှာ စုစုပေါင်းလေးဦးဖြစ်သွားတော့သည်။

ထိုအထဲ၌-

သိုင်းပညာမတတ်သူမှာ ဝေဝေနှင့်ဘုရင့်သားတော်လေးတို့သာဖြစ်သည်။

ယန်မင်းမှာ သိုင်းပညာမဆိုးလှသဖြင့် ဘုရင့်သားတော်လေးကို အတော်အသင့်စောင့်ရှောက်နိုင်ပေလိမ့်မည်။

နေဝင်တောင်ကြား ဆိုသည်ကား အဘယ်သို့သော အရပ်ဒေသပါနည်း။

နေဝင်တောင်ကြားသည် သီးခြားကမ္ဘာတစ်ခုဖြစ်ပေသည်။ သိုင်းလောကသား အတော်များများသည် နေဝင်တောင်ကြားနှင့် ပတ်သက်လိုခြင်းမရှိကြပေ။

နေဝင်တောင်ကြား၌ကြီးစိုးသူမှာ ညဇကရာဇ်အမည်ခံသိုင်းသမားတစ်ဦးဖြစ်သည်။

ထိုဇကရာဇ်ဆိုသူ၏မျက်နှာကို မည်သည့်သိုင်းသမားမျှ မမြင်ဘူးသဖြင့်-

ထိုသူ၏သိုင်းပညာအဆင့်ကိုလည်း မည်သူမျှမသိကြပေ။

နေဝင်တောင်ကြားနာမည်ကြီးခဲ့သည်မှာ-

သာဓကနှစ်ခုကြောင့် ဖြစ်သည်။

ပထမသာဓကမှာ-

လွန်စွာနာမည်ကြီးသော အာမခံပို့ဆောင်ရေးဌာနတစ်ခု၏ ပို့ဆောင်ရေးအဖွဲ့ သိုင်းသမားနှစ်ဆယ့်ခုနစ်ယောက်စလုံးကို နေဝင်တောင်ကြား၌သုတ်သင်ပစ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယသာဓကမှာ-

ဓားသုံးလက်လူဆိုးဂိုဏ်းသား ဆယ့်ခြောက်ယောက်စလုံး နေဝင်တောင်ကြား၌ အသတ်ခံလိုက်ရခြင်းဖြစ်၏။

ထိုအချိန်မှစ၍ သိုင်းသမားများစွာသည် နေဝင်တောင်ကြားကို တတ်နိုင်သမျှရှောင်ကြဉ်ကြတော့သည်။

မတတ်သာဘဲဖြတ်သန်းသွားခဲ့သည့် လူတချို့တလေမှာလည်း



အုံ့ဖြုံဖွယ် ဘေးမသီ ရန်မခဖြစ်ခဲ့ခြင်းမှာ သိုင်းလောက၌ ပြောစမှတ်တွင်သည့်ဖြစ်ရပ်များပင်တည်း။

ကွေ့ကျန်ချူးသည် နေဝင်တောင်ကြား၌ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို လူအားလုံးနားလည်အောင်ရှင်းပြပြီး သတိပေးသည်။

"အားလုံး ကိုယ့်ကိုယ်ကိုဂရုစိုက်ကြပါ။ ဒီတောင်ကြားဟာ သိပ်ရှည်လျားလှတယ်တော့ မဟုတ်ပါဘူး၊ တောင်ကြားလမ်းဆုံးရင်တော့ ဘေးရန်ကင်းပြီလို့မှတ်နိုင်ပါတယ်"

သူသည် စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ထွက်လေတော့သည်။

ထိုစဉ် ဦးခေါင်းကို အနက်ရောင်ခေါင်းစွပ်စွပ်ထားသည့်လူတစ်ယောက်သည် သူတို့နှင့် မလှမ်းမကမ်းမှဖြတ်ပြေးသွားသည်။

ကွေ့ကျန်ချူးကို လက်မှအချက်ပြသွားသဖြင့် ကွေ့ကျန်ချူးက သူ့လူများအား ခေတ္တစောင့်ရန်ပြောပြီး ထိုလူနောက်သို့ ပြေးလိုက်သွားလေသည်။

ကွေ့ကျန်ချူး၏စိတ်ထဲတွင် ထိုလူသည် နေဝင်တောင်ကြားမှ ဇကရာဇ်လူတစ်ယောက်ဟုထင်ပြီး ပြေးလိုက်သွားခြင်းဖြစ်သည်။

ထိုလူ့ထံမှ သတင်းတစ်စုံတစ်ရာရရှိနိုင်မည်ဟု သူမျှော်လင့်ခဲ့ပေသည်။

သစ်တောအုပ်အတွင်းရောက်သောအခါ စောင့်ကြိုနေသောလူကိုတွေ့လိုက်ရသည်။

"ခင်ဗျား ဘယ်သူလဲ"

ကွေ့ကျန်ချူး၏စကားမဆုံးမီမှာပင် ထိုလူက သူ့ခေါင်းစွပ်ကို ချွတ်ပစ်လိုက်သည်။

ရွှေလက်မောင်းသိုင်းသမား၏မျက်နှာ ပေါ်လာသည်။

"မင်း ဘာဖြစ်လို့ရုပ်ဖျက်လာရတာလဲ"

"ကျုပ်နဲ့ခင်ဗျား အဆက်အသွယ်ရှိတာကို လူမသိစေချင်လို့ပါ၊ စုကျူးမြို့စားကြီးကြီးက ခင်ဗျားကို စာတစ်စောင်ပေးခိုင်းလိုက်တယ်၊ ရော့. . ."

ကွေ့ကျန်ချူးက စာကိုယူပြီးဆွဲဆုတ်ပစ်လိုက်သည်။

"ဟင်- ခင်ဗျား ဘယ့်နှယ်လုပ်လိုက်တာလဲ"

ရွှေလက်မောင်းသိုင်းသမားက အလန့်တကြားပြောလိုက်လေသည်။

ကွေ့ကျန်ချူးက ထီမထင်ဟန်ဖြင့်ပြောလိုက်သည်။

"ဒီစာအကြောင်း ကျုပ်သိပါတယ်ဗျာ၊ ကျုပ်သား အသက်မသေစေချင်ရင် ဘုရင့်သားတော်လေးကို သူ့ဆီ မြန်မြန်ခေါ်ခဲ့ဖို့ သတိပေးတဲ့စာပဲ ဖြစ်မှာပါ"

ကွေ့ကျန်ချူးစကားမှာ သွေးထွက်အောင်မှန်လှသဖြင့် ရွှေလက်မောင်းသိုင်းသမားမှာ အံ့ဩ၍ပင်သွားသည်။

သူ့စိတ်ထဲ၌ ကျိတ်၍ပြောမိသည်။

"ဩော်- ဒါကြောင့်လဲ စုကျူးမြို့စားကြီးက သူ့ကိုကြောက်နေတာကိုး"

ရွှေလက်မောင်းသိုင်းသမားက ဂါရဝပြုလိုက်ပြီး-

"ကဲ- ကျုပ်တာဝန်ပြီးပြီ၊ ကျန်တာတော့ ခင်ဗျားတာဝန်ပဲ၊ ကျုပ်သွားတော့မယ်"

ကွေ့ကျန်ချူးသည် ရွှေလက်မောင်းသိုင်းသမား၏ကျောပြင်ကို စိန်းစိန်းကြည့်၍ကျန်ရစ်ခဲ့လေသည်။

ထို့နောက် ဘုရင့်သားတော်လေးတို့ စောင့်နေသည့်နေရာသို့ ပြန်လာသည်။

ဝေဝေက-

"ရှင်လိုက်သွားတဲ့လူနဲ့တွေ့လား"

"မတွေ့ပါဘူး၊ ကျုပ်ကို သက်သက်အချိန်လင့်အောင်လုပ်တဲ့ သဘောမျိုးပါ၊ ကဲ- သွားကြစို့"

သူတို့သည် နေဝင်တောင်ကြားသို့ စတင်ဝင်ရောက်လာကြလေသည်။

"ခပ်သုတ်သုတ်သွားကြရင် ကောင်းမယ်"

ကွေ့ကျန်ချူးကဆော်ဩသည်။

ထိုအုပ်စုထဲ၌ ကွေ့ကျန်ချူးသွားသလောက် လျင်လျင်မြန်မြန်သွားနိုင်သူမှာ ဘုရင့်သားတော်လေး၏ သက်တော်စောင့်ယန်မင်းသာဖြစ်သည်။

ဘုရင့်သားတော်လေးနှင့် ဝေဝေမှာ မောပန်းနေကြလေသည်။

ထိုစဉ် သက်တော်စောင့်ယန်မင်းက ကွေ့ကျန်ချူးအား ပြောလိုက်သည်။

"ကျုပ်တို့ ခဏနားကြရအောင်"

ကွေ့ကျန်ချူးက ခါးသီးစွာခေါင်းခါသည်။

"မဖြစ်နိုင်ဘူး၊ မနားနိုင်ဘူး၊ ဒီတောင်ကြားဟာ အင်မတန်အန္တရာယ်ကြီးတယ်ဆိုတာ ကျုပ်ပြောပြီးသားပဲ"

"ကျုပ်တို့ရဲ့အရှင့်သားတော် မောနေတယ်ဗျ၊ နားကိုနားရလိမ့်မယ်"

ဘုရင့်သားတော်လေးက ယန်မင်းအား ဆက်မပြောရန် အချက်ပြလိုက်သည်။

"ယန်မင်း- နေပါစေ၊ ငါလျှောက်နိုင်ပါသေးတယ်"

ကွေ့ကျန်ချူးသည် ယန်မင်းကိုဂရုမစိုက်သော်လည်း ဘုရင့်သားတော်လေးကိုတော့ ဂရုစိုက်ရသေးသည်။

"အရှင့်သား- ဒီနေဝင်တောင်ကြားဟာ အင်မတန်အန္တရာယ်ကြီးတဲ့အတွက် ကျွန်တော်တို့ မနားမနေ ခရီးဆက်နေကြရတာပါ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ဘုရင့်သားတော်လေးက ဘာမျှမပြောပေ။

ဆက်သွားပါဟုသာ လက်ဖြင့်အချက်ပြသည်။

ယန်မင်းသည် သူ့သခင်အား စိတ်မကောင်းစွာခေါင်းခါမိ၏။ သူသည် သခင်ဖြစ်သူမင်းသားလေးကိုဖေးမ၍ ကွေ့ကျန်ချူးနောက်မှဆက်လိုက်ရလေသည်။

နေဝင်တောင်ကြားခရီးကား မဆုံးနိုင်သေးပေ။

မပြေးရုံတမည် ခရီးနှင်နေရဆဲရှိနေသေးသည်။

ဘုရင့်သားတော်လေးသည် သိုင်းပညာမတတ်သော်လည်း ခြေအားတော့ ကျွမ်းကျင်မှုရှိသည်။ ထို့ကြောင့် သူ့နောက်ကျော၌ ဓားတစ်ချောင်း သိုင်းလွယ်ထားလျက်ရှိသည်။



ယန်မင်းသည် သူ့သခင်လေးအတွက် အသက်စွန့်ရန်ဝန်မလေးသူဖြစ်၍ ဘေးပတ်ဝန်းကျင်မှ ရုတ်တရက်ထွက်ပေါ်လာမည့်ရန်သူများကို အဆက်မပြတ်အကဲခတ်ရင်း ဘုရင့်သားတော်နောက်မှကပ်လိုက်လာသည်။

ဝေဝေ့ခမျာတော့ ဖေးမသူမရှိရှာပေ။

မင်းသားလေးသာ တစ်ခါတစ်ရံအားပေးနှစ်သိမ့်ရှာသည်။

သူတို့စိတ်ထဲ၌ ခရီးတစ်ဝက်လောက်ရောက်ပြီဟု အထင်ရှိချိန်၌ ကျောက်တုံးတစ်တုံးပေါ်၌ အရုပ်ကြီးကဲ့သို့ထိုင်နေသည့် လူတစ်ယောက်ကို တွေ့လိုက်ကြရပြန်လေသည်။

"အားလုံးသတိထား"

ကွေ့ကျန်ချူးက တီးတိုးသတိပေးလိုက်သည်။

"ယန်မင်း ဘုရင့်သားတော်လေးနဲ့ ဝေဝေ့ကို စောင့်ရှောက်ပါ၊ ကျုပ်တိုက်ခိုက်နေတဲ့အချိန်မှာ ကျုပ်တို့ကိုဖြတ်ကျော်ပြီးပြေးပါ၊ ရှေ့ခရီးကို ဝေဝေကဦးဆောင်ပါလိမ့်မယ်"

ကွေ့ကျန်ချူးတို့အုပ်စုသည် တဖြည်းဖြည်းကျောက်တုံးပေါ်မှလူနှင့်နီးကပ်လာသည်။

ထိုလူသည် အနက်ရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ ကွေ့ကျန်ချူးတို့နီးလာသည်နှင့် ထိုလူက ရုတ်တရက်ထရပ်လိုက်လေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ကွေ့ကျန်ချူးကဂါရဝပြုလိုက်လေသည်။

"ကျုပ်တို့ခရီးသွားတွေပါ၊ အချိန်က သိပ်အရေးကြီးလွန်းလို့

တောင်ကြားကို မဝင်ချင်ဘဲဝင်ခဲ့ရတာပါ"

"ခင်ဗျားတို့ ဝင်ချင်တိုင်းဝင်လို့ရမလား၊ ကျော်ချင်တိုင်းကျော်လို့ရမလား"

"ကျုပ်မှာ အင်မတန်အရေးကြီးတဲ့ကိစ္စရှိနေလို့ပါဗျာ၊ တောင်းပန်ပါတယ်"

အနက်ရောင်ဝတ်စုံနှင့်လူက တဟားဟားရယ်မောလိုက်လေသည်။

"နေဝင်တောင်ကြားဟာ တသီးတခြားဒေသဖြစ်တယ်၊ ဒီအထဲကလူတွေကလဲ ဒီပြင်လူတွေနဲ့မရောနှောဘူး၊ ဒီပြင်လူတွေ လာရောနှောတာကိုလဲ လက်မခံဘူး"

ကွေ့ကျန်ချူးက ခေါင်းညိတ်ပြီးပြောသည်။

"ဟုတ်ပါတယ်နောင်ကြီး၊ ကျုပ်တို့လဲ ဒီတောင်ကြားမှာစခန်းချမယ့်လူတွေမဟုတ်ပါဘူး၊ ခဏဖြတ်ကျော်မယ့်လူတွေပါ"

ဝတ်စုံနက်နှင့်လူက ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး၊ ညဇကေရာဇ်ရဲ့ခွင့်မပြုချက်မရရင် ဘယ်သူမှ နေဝင်တောင်ကြားက အသက်ရှင်လျက်ဖြတ်သန်းခွင့်မရှိဘူး၊ ရှိစေတော့- ကျုပ်ကို မိုးကြိုးနက်လို့ ဒီတောင်ကြားမှာသတ်မှတ်ခေါ်ဝေါ်ကြတယ်၊ တကယ်လို့ ကျုပ်ကိုနိုင်မယ်ဆိုရင်တော့ ခင်ဗျားတို့ကိုဖြတ်ကျော်ခွင့်ပေးလိုက်မယ်"

ကွေ့ကျန်ချူး စိတ်အေးသွားသည်။

"အင်း- ဒီလူဟာ ညဇကေရာဇ်ရဲ့တပည့်တစ်ဦးဖြစ်မှာသေချာတယ်၊ ညဇကေရာဇ်ရဲ့ တပည့်ဆိုရင် ဘာပဲဖြစ်ဖြစ် ညဇကေရာဇ်



လောက်တော့ သိုင်းပညာကောင်းမှာမဟုတ်ဘူး၊ ညဇကေရာဇ်နဲ့ယှဉ်မှာထက်စာရင် သူ့တပည့်နဲ့ယှဉ်ရတာ ပိုကောင်းတယ်"

သူသည် ယန်မင်းအားအချက်ပြလိုက်သည်။

ထို့နောက် ကျောက်တုံးပေါ်သို့ လွှားခနဲခုန်တက်ကာ မိုးကြိုးနက်ကို တိုက်ခိုက်လေတော့သည်။

ယန်မင်းသည် ဘုရင့်သားတော်လေးနှင့် ဝေဝေတို့ကို ဦးဆောင်ကာ ထိုကျောက်တုံးဘေးမှဖြတ်ကျော်ပြေးလေသည်။

တိုက် ပွဲမှမာန်သွင်းသံ၊ အော်ဟစ်သံများသည် တဖြည်းဖြည်းနောက်၌ကျန်ရစ်ခဲ့လေတော့သည်။

✿✿✿

တောင်ကြားလမ်းမှာ မဆုံးနိုင်သေးပေ။

ရှေ့၌ မည်မျှရှည်လျားမည်ကိုလည်း မသိနိုင်ပေ။

"ယန်မင်း၊ ရှေ့မှာဂူပေါက်တစ်ခုတွေ့တယ်၊ အဲဒီမှာ ခဏနားစမ်း"

ယန်မင်းသည် နေဝင်တောင်ကြား၌ အန္တရာယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဂရုစိုက်သူမဟုတ်ချေ။

ဘုရင့်သားတော်လေး သက်သက်သာသာဖြစ်စေရန်သာ ဂရုစိုက်သူဖြစ်သည်။

သူ့သခင်က နားရန်အမိန့်ပေးသောအခါ ထိုဂူ၌ ဝမ်းပန်းတသာ ဝင်နားလေတော့သည်။

ဝေဝေမှာလည်း ခြေပစ်လက်ပစ်ပင် ထိုင်ချလိုက်သည်။

မင်းသားလေးကမူ ရာဇမာန်ရှိသဖြင့် ဣန္ဒြေရရပင် ဝင်ထိုင်လေသည်။



"အရှင့်သား- ကျွန်တော်မျိုး ဘာဆောင်ရွက်ပေးရဦးမလဲ"

ယန်မင်းက မင်းသားလေးအားလျှောက်ထားသည်။

မင်းသားကလေးက-

"ယန်မင်း- မင်း ဗိုလ်မှူးဆီပြန်စမ်း၊ အခြေအနေကြည့်ရတာ ဗိုလ်မှူးတစ်ယောက်တည်းနဲ့ ဟိုဝတ်စုံနက်ကို အနိုင်ရမယ့်ပုံမရှိဘူး၊ နှစ်ယောက်တစ်ယောက်ပဲဖြစ်ပါစေ၊ ဝင်တိုက်ပြီးဗိုလ်မှူးကိုခေါ်ခဲ့ပါ"

ယန်မင်းသည် မင်းသားလေး၏အမိန့်ကို မည်သည့်အခါမျှ စောဒကတက်ခြင်း၊ မနာခံခြင်း မပြုခဲ့ဘူးပေ။ မင်းသားလေးကို ချစ်ကြောက်ရှိသည်။

"အမိန့်အတိုင်း ကျွန်တော်မျိုးသွားခေါ်ခဲ့ပါမယ်"

ယန်မင်းသည် မင်းသားလေးကို ဦးညွှတ်ဂါရဝပြုပြီး ပြေးထွက်သွားလေတော့သည်။

ကျောက်တုံးကြီးအနီးသို့ရောက်သောအခါ ကွေ့ကျန်ချူ့ခမျာ ဝတ်စုံနက်လူ၏တိုက်ခိုက်မှုကို အလူးအလဲခံနေရကြောင်း ယန်မင်း တွေ့ရှိလိုက်လေသည်။

"ကွေ့ကျန်ချူး- ကျုပ်လာပြီဗျို့"

ယန်မင်းသည် အော်ဟစ်ပြီး မိုးကြိုးနက်အားဝင်ရောက်တိုက်ခိုက်လေတော့သည်။

ကွေ့ကျန်ချူ့သည် ဘုရင့်သားတော်နှင့် ဝေဝေတို့အား ခေါ်၍ထွက်မပြေးသွားကောင်းလားဟု အပြစ်မတင်နိုင်တော့ပေ။

ယန်မင်းသာလာမကယ်လျှင် သူသေဖွယ်ရာသာရှိတော့သည် မဟုတ်ပါလား။

မိုးကြိုးနက်၏ သိုင်းပညာကောင်းသည်ကို သူတွေ့ခဲ့ရပြီးပြီ၊

အကယ်၍ ယန်မင်းနှင့်နှစ်ယောက်ပေါင်း၍ တိုက်ခိုက်လျှင်မှ မိုးကြိုးနက်ကို ကောင်းစွာထိန်းချုပ်နိုင်မည်ဟု ကွေ့ကျန်ချူယုံကြည်လေသည်။

မိုးကြိုးနက်ကား ယန်မင်း၏တိုက်ကွက်ကိုကြည့်၍ ပြုံးလေသည်။

"လာပါ- ခင်ဗျားတို့နှစ်ယောက်ပေါင်းတိုက်ကြပါ၊ ကျုပ်ကိုနိုင်ရင် ခင်ဗျားတို့ အတားအဆီးမရှိထွက်သွားနိုင်တယ်"

ကွေ့ကျန်ချူနှင့်ယန်မင်းတို့သည် ဘယ်ညာခွဲ၍တိုက်ခိုက်ကြလေသည်။

မိုးကြိုးနက်၏ဓားသိုင်းပညာ ဆန်းကြယ်လှသည်ကို ယန်မင်းတွေ့ရသောအခါ ဖြုံသွားသည်။

သူ့ကိုယ်သူ စိတ်မချသလိုလည်းဖြစ်သွားသည်။

များမကြာမီပင် သူတို့နှစ်ယောက်စလုံး မိုးကြိုးနက်၏တိုက်ခိုက်မှုကို ခံနေရတော့သည်။

ကွေ့ကျန်ချူ၏စိတ်ကူးသည်လည်း လေထဲ၌ပင်ပျောက်ပျက်သွားရတော့သည်။

တောင်ကြားနံရံဂူပေါက်ထဲ၌ စောင့်နေသော မင်းသားလေးသည် အချိန်အတော်ကြာမြင့်သည့်တိုင် ယန်မင်းနှင့် ကွေ့ကျန်ချူတို့ ပြန်မလာသဖြင့် ဂူထဲ၌ ခေါက်တုံ့ခေါက်ပြန် စကြိ်န်လျှောက်နေမိတော့သည်။

မင်းသားလေးကား စိတ်ပူနေလေပြီ။



သူ အတန်ကြာလမ်းလျှောက်နေပြီးမှ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

မင်းသားလေးစိတ်သက်သာရာရစေရန် ဝေဝေက လျှောက်သည်။

"အရှင့်သား ဗိုလ်မှူးကွေ့ကျန်ချူနဲ့ယန်မင်းတို့ မကြာခင်ပြန်လာကြမှာပါ၊ စိတ်အေးအေးသာစံနေပါ"

မင်းသားလေးက မချိပြုံးပြုံးလိုက်သည်။

ထို့နောက် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်ပြောသည်။

"မင်းသမီးလေး ဒီမှာခဏစောင့်ပါ၊ ကျုပ်ယန်မင်းနဲ့ ဗိုလ်မှူးကွေ့ကျန်ချူဆီသွားလိုက်ဦးမယ်"

ဝေဝေစိတ်ပူသွားသည်။

"အရှင့်သား ဒီကပဲစောင့်ပါ၊ သူတို့အသေအချာလိုက်လာကြမှာပါ"

"ကိစ္စမရှိပါဘူး၊ ကျုပ်အတွက် ဘာမှမပူနဲ့၊ ကျုပ်မှာ ဓားပါပါတယ်"

"သူတို့က သိုင်းသမားတွေပါ၊ အရှင့်သားက. . ."

"ကျုပ်က သိုင်းမတတ်ပေမယ့် ဓားပညာတော့ တတ်ပါသေးတယ်၊ ကိစ္စမရှိပါဘူး၊ မင်းသမီးလေးသာ ဒီကစောင့်ပါ"

မင်းသားလေးသည် နောက်ကြောင်းပြန်ပြေးသွားသည်။

ဝေဝေမှာ ဂူထဲ၌တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

"ဟာ. . ."

မင်းသားလေးမှာ တိုက်ပွဲကို အဝေးကနေလှမ်းကြည့်လိုက်သည်နှင့် ဟာခနဲဖြစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော်-

ကွေ့ကျန်ချူနှင့်ယန်မင်းတို့ နှစ်ယောက်စလုံး အလူးအလဲ နောက်ဆုတ်နေသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်လေသည်။

"ရှမ်း. . ."

မင်းသားလေးသည် သူ့ဓားကိုရှမ်းခနဲဆွဲထုတ်ကာ တိုက်ပွဲစည်းအတွင်းသို့ပြေးဝင်လာသည်။

မိုးကြိုးနက်ကို တစ်ဟုန်ထိုးဝင်တိုက်သည်။

မိုးကြိုးနက်သည် ပထမ၌ထိတ်လန့်သွားလေသည်။ သို့သော် ချက်ချင်းလိုလိုပင် မင်းသားလေး၏အစွမ်းကိုသိရှိသွားသည်။

မိုးကြိုးနက်က တအံ့တသြပြောလေသည်။

"ဟင်- မင်းက သိုင်းပညာမတတ်ဘဲနဲ့ ဘယ့်နှယ် ငါ့ကိုဝင်တိုက်ရတာလဲ"

ယန်မင်းက အထိတ်တလန့်အော်သည်။

"အရှင့်သား"

မင်းသားလေးက ခက်ထန်စွာအော်လိုက်သည်။

"တော်တိတ် ဘာမှမပြောနဲ့"

ယန်မင်း နှုတ်ပိတ်သွားလေသည်။

မိုးကြိုးနက်မှာ သူတိုက်ခိုက်ရသူသုံးယောက်စလုံးထက် သိုင်းပညာသာနေသဖြင့် စိတ်အေးအေးဖြင့်ပင်တိုက်ခိုက်သည်။

"ကျုပ်သိပ်အံ့သြတယ်၊ ကျုပ်နဲ့တိုက်တဲ့ ပထမဆုံးလူက သိုင်းပညာသိပ်မဆိုးပါဘူး၊ အဲဒီလူကိုလာကူတဲ့ ဒုတိယလူရဲ့သိုင်းပညာက နည်းနည်းညံ့နေတယ်၊ နောက်ဆုံးလာကူတဲ့လူက သိုင်းပညာလုံးဝမတတ်ဘူး၊ ခင်ဗျားတို့ဥစ္စာက ဘယ့်နှယ်ဟာတွေလဲ"



မင်းသားလေးက ခုန်ဆုတ်သွားပြီး ကွေ့ကျန်ချူနှင့်ယန်မင်းတို့ကို လက်ညှိုးထိုးပြသည်။

"သူတို့က ကျုပ်အတွက် အသေခံပြီးတိုက်နေကြတာဗျ၊ ဒီတော့ ကျုပ်က ဘယ်မှာလက်ပိုက်ကြည့်နေနိုင်တော့မှာလဲ၊ ကျုပ်သေချင်သေပါစေတော့ဗျာ၊ ကျုပ် ဒီလောက်တစ်ကိုယ်ကောင်း မဆန်ပါဘူး"

မိုးကြိုးနက်သည် ကွေ့ကျန်ချူတို့၏ဓားများကို ခပ်ကြမ်းကြမ်းတွန်းလှန်ပစ်ရင်းမှ မင်းသားလေး၏မျက်နှာကို သေချာစွာကြည့်သည်။

ဥပဓိရုပ်ကောင်းသည်ဟု စိတ်ထဲကထင်သော်လည်း ဘုရင့်သားတော်ဖြစ်ကြောင်းကိုမူ မသိချေ။

မင်းသားလေး၏ စိတ်ထားမြင့်မြတ်မှုကို တွေ့ရသည့်အခါတွင်မူ မိုးကြိုးနက်သည် လွန်စွာလေးစားသွားသည်။ သူ့ဓားကွက်များကိုရုပ်သိမ်းပြီး နောက်သို့ခုန်ဆုတ်သွားလေသည်။

ကွေ့ကျန်ချူတို့မှာ လွန်စွာအံ့သြသွားသည်။

မိုးကြိုးနက်က-

"ကဲ- ခင်ဗျားတို့ကို ကျုပ်လွှတ်လိုက်ပြီ၊ သွားကြပေတော့"

ယန်မင်းက-

"ခင်ဗျား ဘာ့ကြောင့်စိတ်ပြောင်းသွားရတာလဲ"

မိုးကြိုးနက်က စိတ်မရှည်သံဖြင့်ပြောသည်။

"မင်းတို့က အတော်လျှာရှည်တဲ့ကောင်တွေပဲ၊ ကိုယ်သွားချင်ရာသွားနိုင်တာတောင် ဆက်ပြီး စကားကြောရှည်နေရသေးသလား၊ ငါမင်းတို့ကိုလွှတ်လိုက်တာ သူ့ကြောင့်ကွ- သူ့ကြောင့်"

မိုးကြိုးနက်က မင်းသားလေးအားလက်ညှိုးထိုးပြပြီး နောက်ကြောင်းလှည့်ထွက်သွားလေသည်။

ကွေ့ကျန်ချူးသည် မင်းသားလေးအားဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"အရှင့်သားရဲ့ ကိုယ်ကျိုးမငဲ့တဲ့စိတ်ဓာတ်ကို ဒီလူ လေးစားသွားတာပါ၊ ကျွန်တော်တို့ရဲ့အသက်ကို အရှင့်သား ကယ်လိုက်တာပါ"

မင်းသားလေးသည် ဘာမျှမပြောပေ။ ဝေဝေအား ထားခဲ့သည့်ဂူဆီသို့ လျှောက်သွားလေသည်။

ဂူဆီသို့ရောက်သောအခါ အားလုံးပင် ဟင်ခနဲဖြစ်သွားကြလေသည်။

အဘယ့်ကြောင့်ဆိုသော် စီးတိန့်ကုက ဓားစာခံအဖြစ် ဝေဝေအားဖမ်းဆီးပြီး သူတို့အား စောင့်နေသောကြောင့်တည်း။

ကွေ့ကျန်ချူး၏ထိတ်လန့်မှုမှာ အထွတ်အထိပ်ရောက်သွားသည်။ သူသည် မိုးကြိုးနက်အား အစွမ်းကုန်ယှဉ်ပြိုင်ခဲ့ရသဖြင့်အားအင်ကုန်ခမ်းနွမ်းနယ်လျက်ရှိလေပြီ။

ယခုတစ်ကြိမ် စီးတိန့်ကုနှင့်ယှဉ်ပြိုင်ရပါက မည်သို့မျှအနိုင်ရမည်မဟုတ်တော့ပေ။



ထို့ပြင် စီးတိန့်ကုသည် အဆိပ်ပညာ၌လည်း တစ်ဖက်ကမ်းခတ်သေးသည်။ သူသည် ရိုးရိုးသိုင်းပညာနှင့်မနိုင်ပါက အဆိပ်ကိုသုံးရန် ဝန်လေးသူမဟုတ်ပေ။

"ကဲ- လာကြ"

ကွေ့ကျန်ချူးသည် မင်းသားလေးနှင့် ယန်မင်းတို့၏လက်ကိုဆွဲကာ ရှေ့သို့ဆက်ပြေးလေသည်။

မင်းသားလေးမှာ အတော်ဝေးဝေးထိ ယောင်တိယောင်ကန်းပြေးလိုက်မိသည်။

အတန်ကြာမှ ကွေ့ကျန်ချူး၏ရည်ရွယ်ချက်ကိုရိပ်မိသွားကာ သူ့လက်မှရုန်းထွက်လိုက်သည်။

"ခင်ဗျား ဘယ့်နှယ်လုပ်တာလဲ"

ကွေ့ကျန်ချူးအား မင်းသားလေးက ခပ်ထန်ထန်ပြောလိုက်လေသည်။

"အရှင့်သား ခေတ္တသည်းခံပါ၊ တစ်နေရာရာမှာ နားခိုနိုင်ရင် အရှင့်သား စိတ်ကျေနပ်လောက်အောင် ကျွန်တော်ရှင်းပြပါ့မယ်၊ အခုတော့ ခေတ္တသည်းခံပြီး ကျွန်တော်နဲ့အတူပြေးလိုက်ခဲ့ပါ"

ဘုရင့်သားတော်မင်းသားလေးမှာ ကွေ့ကျန်ချူး၏စကားကိုလက်ခံပြီး ပြေးလိုက်လေတော့သည်။

တောင်ကြားလမ်းကား မဆုံးနိုင်အောင်ရှိနေသေးသည်။

သို့သော် တောင်ကြားလမ်းသည် တဖြည်းဖြည်း ကျယ်ဝန်းသွားပြီး သဘာဝဂူပေါင်း မြောက်မြားစွာကိုလည်းတွေ့လာရသည်။

ယန်မင်းက-

"ဗိုလ်မှူး နေဝင်တောင်ကြားက ရှည်လျားလှချည်လား၊ ဟုတ်ကောဟုတ်ရဲ့လား မသိဘူး"

"ဒါတော့ ကျုပ်လဲမသိဘူးဗျာ၊ ဒီထဲကို ကျုပ်လဲ တစ်ခေါက်မှ မရောက်ဘူးဘဲကိုးဗျ"

ကွေ့ကျန်ချူးသည် ရင်ဝမှပျို့တက်လာသည့်ဝေဒနာကို ကြိတ်မှိတ်ပြီးခံရင်း ရှေ့သို့ဆက်ပြေးသည်။ မကြာမီတောင်ကြားလမ်းသည် ဆုံးသွားလေတော့သည်။

တောင်ကြားအဆုံး၌ မိုးဒဏ်လေဒဏ်ကြောင့် ပျက်စီးနေသောဇရပ်တစ်ဆောင်ကို တွေ့ရသည်။

ကွေ့ကျန်ချူးသည် မင်းသားလေးအား ဇရပ်၌အနားယူစေသည်။

သူကိုယ်တိုင်လည်း နွမ်းနယ်စွာထိုင်ပြီး အနားယူသည်။

ထို့နောက် အတွင်းအားလေ့ကျင့်သည်။

မင်းသားလေးသည် ဘာတစ်ခွန်းမျှဝင်မပြောဘဲ ကွေ့ကျန်ချူးကိုသာ အကဲခတ်နေသည်။

ထမင်းအိုးတစ်လုံးကျက်ခန့်ကြာပြီးသည့်အချိန်တွင်-

ကွေ့ကျန်ချူး၏ အတွင်းအားကျင့်စဉ်လေ့ကျင့်မှု ပြီးဆုံးသွားသည်။ မင်းသားလေးက ချောင်းဟန့်လိုက်သည်။

ကွေ့ကျန်ချူးသည် မင်းသားလေး၏သဘောကို ရိပ်မိထားသည့်အလျောက်-

"အရှင့်သား စောစောကတွေ့လိုက်တဲ့လူဟာ စီးတိန့်ကုဆိုတဲ့ လူဖြစ်ပါတယ်၊ သူဟာ အဆိပ်ပညာမှာ ထိပ်တန်းတတ်မြောက်ထား



သလို သိုင်းပညာမှာလဲ ထိပ်တန်းအဆင့်ရှိတဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ မိုးကြိုးနက်ကို အစွမ်းကုန်ယှဉ်ပြိုင်ခဲ့ရလို့ အားအင်ကုန်ခန်းနေပြီ ဖြစ်နေပါတယ်၊ စီးတိန့်ကုနဲ့ တစ်ခါထပ်ပြိုင်ရင် မုချရှုံးဦးမှာပါပဲ"

ယန်မင်းကလည်း ထောက်ခံသည့်အနေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြနေသည်။

"စီးတိန့်ကု တကယ်လိုလျင်နေတဲ့လူဟာ အရှင့်သားတော်ပဲဖြစ်ပါတယ်၊ သူဟာ မင်းသမီးလေးကို ဓားစာခံလုပ်ထားတာ အရှင့်သားတော်နဲ့လဲလှယ်ဖို့ပဲဖြစ်ပါတယ်၊ ကျွန်တော့်စိတ်ထင်တော့ သူဟာ ကျွန်တော်တို့ပြေးခဲ့တဲ့လမ်းကြောင်းအတိုင်း လိုက်လာနေပြီလို့ ယူဆပါတယ်"

"ဘာပဲဖြစ်ဖြစ် ခင်ဗျား ဒီလိုမလုပ်သင့်ဘူး၊ ကျုပ်ကြောင့် မင်းသမီးလေး ဒုက္ခရောက်မှာကိုတော့မလိုလားဘူး"

"စိတ်မပူပါနဲ့အရှင့်သား၊ စီးတိန့်ကုဟာ ကျွန်တော်တို့နောက် မုချလိုက်လာမှာပါ၊ အဲဒီအခါမှာ မင်းသမီးလေးကို ကြိုးစားပြီး ပြန်ကယ်တင်ပါ့မယ်"

ထိုည၌မင်းသားလေး ကွေ့ကျန်ချူးနှင့်ယန်မင်းတို့သည် ထိုဇရပ်ပျက်၌ပင် အိပ်စက်အနားယူလိုက်ကြသည်။

နံနက်လင်းသောအခါ ခရီးစထွက်ရန် ကွေ့ကျန်ချူးက ဆော်ဩလေသည်။

သူတို့ဇရပ်ပျက်ထဲမှထွက်ရန် ဟန်ပြင်စဉ်မှာပင် အပြင်မှ ရယ်မောသံကြီးကို ကြားလိုက်ရတော့သည်။

"ဟား- ဟား- ဟား- မင်းတို့ ငါ့လက်ထဲကပြေးလို့လွတ်နိုင်ပါ့မလား"

စီးတိန့်ကုသည် ဝေဝေ့ကိုဖမ်းချုပ်လျက် ဇရပ်ရှေ့၌တဟားဟားအော်ဟစ်ရယ်မောနေသည်ကို ဘုရင့်သားတော် မင်းသားလေးတွေ့လိုက်ရတော့သည်။

"ဗိုလ်မှူးပြောတာ တယ်မှန်ပါလား"

ကွေ့ကျန်ချူးက စီးတိန့်ကုကို စိတ်ပျက်စွာကြည့်နေမိလေသည်။

❁❁❁

## လက်လွတ်ဆုံးရှုံးခြင်း

ကွေ့ကျန်ချူးက ဒေါသကိုထိန်းရင်းမေးမြန်းလိုက်သည်။

"ခင်ဗျားအတော်ဒုက္ခပေးတဲ့လူပဲ၊ ဘယ်လိုလုပ် ငါတို့နောက်ကိုလိုက်လာခဲ့ရတာလဲ"

စီးတိန့်ကုက ရယ်လိုက်သည်။

"သတင်းဆိုတာ ဒီလိုပဲရတတ်တာပဲ၊ မင်းဆီက သတင်းမထွက်စေချင်ရင် မင်းမလှုပ်ရှားဘဲနေပေတော့"

စီးတိန့်ကုက သတင်းရရန်မခက်လှပေ။ စုကျူးမြို့စားဂေဟာ၌သူ့တပည့်များရှိထားရာ ရွှေလက်မောင်းသိုင်းသမားနှင့် မြို့စားကြီးတို့တွေ့ဆုံကြသည့်သတင်းကို စီးတိန့်ကုရလိုက်ပေသည်။

ကွေ့ကျန်ချူးက-

"ခင်ဗျား ဘာလိုချင်လို့လဲ"

"ငါလိုချင်တာမင်းသိပါတယ်၊ ဘုရင့်သားတော်လေးကို ငါ့လက်အပ်ပါ၊ ဝေဝေကော ကျန်တဲ့လူတွေပါ ငါလွှတ်ပေးလိုက်မယ်"

ဘုရင့်သားတော်လေးက စီးတိန့်ကုအား စူးရှသောအကြည့်ဖြင့်ကြည့်လျက် အကဲခတ်နေသည်။

ကွေ့ကျန်ချူက ခေါင်းခါယမ်းလိုက်သည်။

"ဘုရင့်သားတော်ကိုတော့ ခင်ဗျားမရနိုင်ဘူး၊ ရချင်းရရင် ကျုပ်ဆီကစားပဲရမယ်"

စီးတိန့်ကုက လှောင်ရယ်ရယ်လိုက်လေသည်။

"မင်းဆီက စားမလာခင် ဟောဒီကမိန်းကလေး သေသွားမှာပေါ့၊ မင်းကိုငါမကြောက်ဘူးဆိုတာလဲ မင်းသိပါတယ်"

ကွေ့ကျန်ချူမှာ အခက်ကြုံသွားသည်။

စီးတိန့်ကုနှင့် သူသည် ထိပ်တန်းအဆင့်၌ တန်းတူရည်တူရှိသူများဖြစ်သည်။

စီးတိန့်ကုသည် ကွေ့ကျန်ချူ အခက်ကြုံသွားပုံကို ကြည့်၍ ရယ်မောသည်။

"ကဲ- ဒီကမိန်းကလေးကိုအသတ်ခံမှာလား၊ ဘုရင့်သားတော်လေးကိုငါ့လက်ထဲအပ်မှာလား၊ မြန်မြန်ပြော၊ အချိန်သိပ်အကုန်မခံနိုင်ဘူး"

ဝေဝေက စီးတိန့်ကု၏လက်မှလုန်းအော်လိုက်သည်။

"ကွေ့ကျန်ချူ ကျွန်မကိုမငဲ့ပါနဲ့ ဘုရင့်သားတော်လေးကိုခေါ်ပြီးလွတ်အောင်ပြေးပါ"

ကွေ့ကျန်ချူသည် ထိုအခါကျမှ သူ မည်သို့လုပ်သင့်သည်ကို သဘောပေါက်သွားတော့သည်။



သူသည် ယန်မင်းဘက်သို့လှည့်ကာတိုးတိုးပြောလိုက်လေ၏။

"ယန်မင်း မင်းသားလေးကို မင်းခေါ်ပြေးပါ၊ ဟိုမိန်းကလေးကို ငါကယ်တင်ခဲ့ပါ့မယ်"

သူသည် စကားဆုံးသည်နှင့် စီးတိန့်ကုဆီသို့ ခုန်ဝင်ကာ တိုက်ခိုက်တော့သည်။

စီးတိန့်ကုသည် ဝေဝေရှေ့မှကာရင်း ရယ်ရယ်မောမောပင် ခုခံကာကွယ်နေလေတော့သည်။

ကွေ့ကျန်ချူမှာ ဝေဝေရှေ့မှကာနေသဖြင့် လွတ်လွတ်လပ်လပ်မတိုက်ရဲတော့ပေ။

ဝေဝေ့ကိုထိမှာစိုးရသဖြင့် သူ့ဓားသွားကိုမကြာခဏပြန်လည်နုတ်သိမ်းနေရသည်။

သူ၌ ဆုံးဖြတ်ချက်ရှိထားသည်။

ယခုတစ်ကြိမ် သူသည် အသေခံရန်ဆုံးဖြတ်လိုက်သည်။

သူ့သားငယ်ကို ဝေဝေစောင့်ရှောက်ကောင်း စောင့်ရှောက်လိမ့်မည်။

အကယ်၍ ဝေဝေမစောင့်ရှောက်လျှင်လည်း အကြောင်းမဟုတ်တော့ပေ။

စုကျူမြို့စားကြီးသည် သူမရှိတော့သည့်နောက် သူ့သားငယ်ကို တန်ဖိုးထားတော့မည်မဟုတ်ပေ။

ကွေ့ကျန်ချူ အံကြိတ်၍တိုက်ခိုက်နေခိုက် ယန်မင်းကဘုရင့်သားတော်လေးကိုလက်ဆွဲ၍ ပြေးရန်ဟန်ပြင်သည်။

"ယန်မင်း- မင်းငါ့လက်ကို ဒီလိုဆွဲကိုင်ရဲသလား"

ယန်မင်းသည် လက်ကိုကပျာကယာလွှတ်လျက် ကြမ်းပြင်၌ ဒူးထောက်ထိုင်ချကာ အကြိမ်ကြိမ်အရိုအသေပေးနေလေသည်။

"အရှင့်သား ကျွန်တော်မျိုးမကိုင်ရဲပါ၊ ခွင့်လွှတ်တော်မူပါ"

ဘုရင့်သားတော်လေးသည် ကွေ့ကျန်ချူးပင်ပန်းနေခြင်း၊ စီးတိန့်ကုကို စိတ်ရှိလက်ရှိ မတိုက်ခိုက်နိုင်ခြင်းတို့ကိုရိပ်မိသိရှိသည်။

ကွေ့ကျန်ချူးကိုထားခဲ့ပါက မကြာမီ သေဆုံးမည်ကို သဘောပေါက်သည်။

"ရပ်ကြစမ်း"

ဘုရင့်သားတော်လေးသည် လူတကာကို အထက်စီးမှ အမြဲတမ်းဆက်ဆံခဲ့ရသည့်အလျောက် သူ့အသံသည် ဩဇာတိက္ကမကြီးလှသည်။

စီးတိန့်ကုနှင့်ကွေ့ကျန်ချူးတို့သည် ဆက်မတိုက်ရဲတော့ဘဲ ချက်ချင်းရပ်ဆိုင်းသွားသည်။

ကွေ့ကျန်ချူး လှည့်ကြည့်လိုက်သောအခါ အလွန်တရာရဲရင့်လှသောမင်းသားလေး၏မျက်နှာကို မြင်လိုက်ရသည်။

ဤမျက်နှာမျိုးကို မိုးကြိုးနက်နှင့်တိုက်ခိုက်စဉ်အခါက မြင်တွေ့ပြီးဖြစ်သဖြင့် မင်းသားလေး ဘာပြောတော့မည်ကို ကွေ့ကျန်ချူး ရိပ်မိလိုက်တော့သည်။

"အရှင့်သား စီးတိန့်ကုဟာ မိုးကြိုးနက်လို စိတ်ကောင်းရှိတဲ့လူမျိုးမဟုတ်ပါဘူး၊ ယန်မင်းနဲ့အတူပြေးပါ၊ အရှင့်သားနောက်ကို



ကျွန်တော်လိုက်ခဲ့ပါ့မယ်"

ဘုရင့်သားတော်လေးက လက်ကာပြလိုက်သည်။

"နေပါစေ- ကျုပ်မပြေးချင်ပါဘူး"

သူသည် စီးတိန့်ကုဘက်သို့လှည့်လိုက်သည်။

"ခင်ဗျားလိုချင်တာ ကျုပ်ကိုပဲမဟုတ်လား"

စီးတိန့်ကုက ခေါင်းညိတ်ပြလိုက်သည်။

မင်းသားလေးက-

"ဒါဆိုရင် သူတို့ကိုလွှတ်လိုက်ပေတော့၊ ကျုပ်အဖမ်းခံမယ်၊ ကျုပ်ကြောင့် သူတို့ဒုက္ခရောက်မှာကို ကျုပ်မကြည့်ရက်ဘူး"

"စိတ်ချပါ- သူတို့က ကျုပ်အတွက်အသုံးဝင်တဲ့လူတွေမဟုတ်ပါဘူး၊ အားလုံးကိုလွှတ်ပေးလိုက်ပါ့မယ်"

စီးတိန့်ကုသည် ဘုရင့်သားတော်လေးအား ရှိုင်းပျစွာမဆက်ဆံဝံ့ပေ။ ရိုသေလေးစားစွာသာပြောသည်။

ကွေ့ကျန်ချူးကတောက်ခေါက်ရင်း-

"အရှင့်သား ဘာဖြစ်လို့အဖမ်းခံရမှာလဲ"

ဘုရင့်သားတော်မင်းသားလေးက ရှည်ရှည်ဝေဝေးပြောမနေတော့ပေ။

စီးတိန့်ကုထံသို့ လျှောက်သွားလေသည်။

စီးတိန့်ကုက မင်းသားလေး၏လက်မောင်းကိုဖမ်းဆွဲပြီး ဝေဝေ့ကိုလွှတ်ပေးလိုက်လေသည်။

"ခင်ဗျားတို့ ကျုပ်နောက်ကိုလိုက်မလာကြနဲ့တော့၊ လိုက်လာ

ခဲ့ရင် ဘုရင့်သားတော်လေးအတွက် အာမခံ မကောင်းဘဲ ဖြစ်သွားလိမ့်မယ်"

စီးတိန့်ကသည် ဘုရင့်သားတော်မင်းသားလေးကိုဆွဲခေါ်ကာ ထွက်ပြေးသွားလေသည်။

ကွေ့ကျန်ချူမှာ တောက်တစ်ချက်ခေါက်ကာ ရေရွတ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ယန်မင်းကား မျက်ရည်များဝေလျက်ရှိနေသည်။

ကွေ့ကျန်ချူသည် ယန်မင်းရှိနေသော်လည်းဂရုမစိုက်တော့ဘဲ ဝေဝေ၏နာမည်ရင်းကိုသာခေါ်လိုက်သည်။

"ဝေဝေ ကျုပ်တို့ ဒီကောင့်နောက်ကိုပြန်လိုက်မယ်၊ လက်ထဲရပြီးသားငါးကိုတော့ လက်လွှတ်မခံနိုင်ဘူး၊ ဒီတစ်ကြိမ် ဘုရင့်သားတော်လေးကိုပြန်ရရင် ခင်ဗျား ဓားစာခံမဖြစ်အောင်သတိထားပါ"

ဝေဝေကလည်း အံကြိတ်၍ပြောလိုက်သည်။

"စိတ်ချပါ၊ ဒီတစ်ခါ အဖမ်းခံရမလိုဖြစ်ရင် ကျွန်မကိုယ့်ကိုယ်ကိုအဆုံးစီရင်လိုက်မယ်၊ ခုတစ်ခါလို ဓားစာခံမဖြစ်ရတော့ပါဘူး"

ယန်မင်းသည် ဝေဝေနှင့်ကွေ့ကျန်ချူတို့၏ခေါ်ဝေါ်ဆက်ဆံပုံကိုကြည့်ကာ တွေဝေသွားလေသည်။

"သူ- သူ- မင်းသမီးလေးမဟုတ်ပါဘူး"

ထိုအခါ ကွေ့ကျန်ချူက ယန်မင်း၏ပခုံးကိုပုတ်လျက်-

"ယန်မင်း- သူဟာ မင်းသမီးဖြစ်တာ မဖြစ်တာ ဟုတ်တာ မဟုတ်တာ အဓိကမကျပါဘူး၊ အခု ကျုပ်တို့အတွက်အဓိကကျတာ



က မင်းသားလေး ကျုပ်တို့လက်ထဲပြန်ရောက်ဖို့ပဲမဟုတ်လား၊ ကဲ-ကျုပ်တို့ အချိန်မလင့်ခင်လိုက်ကြစို့"

ယန်မင်းသည် ဘာမျှစောဒကမတက်တော့ဘဲ ကွေ့ကျန်ချူဝေဝေတို့နှင့်အတူပြေးလိုက်လေတော့သတည်း။

❋❋❋

## ဆန်းကြယ်သော ကံတရား

ဧွေရမ်းမင်းသမီးလေးသည် လုံရှောက်ယို့သေဆုံးသွားရခြင်း၊ ဖားကလေးသေဆုံးသွားရခြင်းနှင့် သူမအားကူညီခဲ့သည့် ထုံထင်းရိပ် ဒဏ်ရာရသွားခြင်းတို့အတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်ကာ တောင်ပိုင်းသို့ အငတ်ငတ်အပြတ်ပြတ်ဖြင့် ခရီးဆက်လာခဲ့ရလေသည်။

အပြန်ခရီးကား မင်းသမီးလေးအတွက် အတော်ဆိုးရွားလှတော့သည်။

မန်ချူးများ၏ဖိနှိပ်ချုပ်ချယ်မှုများနှင့် စစ်ဒဏ်ကျရောက်မှုများက အစားအစာရှားပါးစေခဲ့သည်။

ယောက်ျားသားများ၏အကူအညီမပါသဖြင့် မင်းသမီးလေးမှာ အသက်ဆက်ရုံကလေးမျှပင် တောင်းရမ်းစားသောက်ပြီး ခရီးဆက်လာခဲ့ကြရလေသည်။ ထိုအခြေအနေကပင် တစ်နည်းအားဖြင့် မင်းသမီးလေးအတွက် အကာအကွယ်ဖြစ်သွားသည်။



သူမအား မည်သူကမျှ မင်းသမီးလေးဟုမထင်ကြတော့ပေ။

ရိက္ခာရှာဖွေနေခြင်းမှတစ်ပါး ခရီးဆက်ရာ၌မူ ယခင်ကထက် ပို၍လျင်မြန်သွားသည်။

မင်းသမီးလေးသည် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် လျှောက်လာရင်း သူမအတွက် လှံ့ယင်းချုံတို့မိသားစုသေဆုံးရပုံ၊ ကိုယ်ရံတော်လေးယောက်နှင့် သူရဲကောင်းခုနစ်ယောက်အသက်ပေးခဲ့ရပုံနှင့် စိတ်ရင်းစေတနာကောင်းလှသော တံငါမောင်နှမသေဆုံးရပုံတို့ကို ပြန်လည်မြင်ယောင်လာသည်။

ထိုသူများက မိမိအတွက် သူတို့အသက်များရင်းလျက် ကူညီခဲ့ပါလျက် မိမိက ဘုရင့်သားတော်လေးအား အောင်မြင်စွာမခေါ်နိုင်ခဲ့ခြင်းကို များစွာယူကျုံးမရဖြစ်လျက် မျက်ရည်များတသွင်သွင်စီးကျလာလေတော့သည်။

မင်းသမီးလေး၏နေရာ၌ အခြားမိန်းကလေးတစ်ဦးသာ ရောက်ရှိနေပါက စောစီးစွာစိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားနိုင်ပေသည်။

ယခု မင်းသမီးကလေးမှာမူ အတော်ကြီးအခြေအနေဆိုးမှ သူ့ကိုယ်သူ ယူကျုံးမရသည့်စိတ်ပေါ်လာသည်။

"ကြည့်စမ်း- ငါ့ကိုအကူအညီပေးတဲ့လူတွေလဲ သေကုန်ပြီ၊ ငါကိုယ်တိုင်လဲ ဘာမှမစွမ်းဆောင်နိုင်တော့ဘူး၊ လူ့လောကထဲ ငါ ဆက်နေလို့ ဘာအကျိုးရှိတော့မှာလဲ"

သူမသည် မြစ်ကမ်းတစ်ခုဆီသို့ အိပ်မက်မက်၍လမ်းလျှောက်

နေသူပမာ လျှောက်လာမိလေသည်။

"တိုင်းပြည်အတွက် ဘာအကျိုးမှမပြုနိုင်တော့မယ့်အတူတူ ငါဘာဖြစ်လို့ အသက်ရှင်နေတော့မှာလဲ"

မင်းသမီးလေးသည် ရေထဲသို့ခုန်ချရန်ဟန်ပြင်လိုက်သည်။ ထိုစဉ်-

"သမီးလေး- မလုပ်သင့်တာကိုမလုပ်ပါနဲ့"

အေးချမ်းကြည်လင်လှသောအသံတစ်သံကြောင့် မင်းသမီးလေးသည် ခုန်မချဖြစ်တော့ဘဲ ရုတ်တရက်လှည့်ကြည့်မိလိုက်လေသည်။

"ဟင်- သီလရှင်ကြီးတစ်ပါးပါလား"

မှန်ပါသည်။

သီလရှင်ကြီးသည် မင်းသမီးလေးအား ကရုဏာလွှမ်းသောအကြည့်ဖြင့် ကြည့်နေလေသည်။

"သမီးလေး လူ့အသက်တစ်ချောင်းဆိုတာ ရခဲပါတယ်၊ သမီးလေးရဲ့အသက်ကို ဆရာကြီးအလှူခံပါရစေ၊ သေခြင်းကိုမျက်မှောက်မပြုခင် လူတိုင်းလူတိုင်းဟာ လောကီကောင်းကျိုးတစ်ခု ဒါမှမဟုတ် လောကုတ္တရာကောင်းကျိုးတစ်ခုကို ပြုသွားနိုင်ပါသေးတယ်ကွယ်"

မင်းသမီးလေးမှာ ရေထဲသို့ခုန်မချတော့ပါ။ သီလရှင်ကြီး၏ ခြေဖဝါးကို ဦးတိုက်ရှိခိုးမိတော့သည်။

သီလရှင်ကြီး၏ ခြေစုံနှစ်ဖက်လုံး မျက်ရည်များစွတ်စိုကုန်လေတော့သည်။



"သမီးလေး လူရယ်လို့ဖြစ်လာရင် ဒုက္ခဆိုတာ ကြုံရစမြဲပါပဲ၊ ဒီဒုက္ခတွေ ရင်ဆိုင်ခုခံနိုင်တာကလဲ လူပါပဲ၊ ကဲ- ထ ထ ဆရာကြီးနဲ့ လိုက်ခဲ့ပါ၊ ဆရာကြီးရဲ့ကျောင်းသခ်င်းမှာ ခဏတစ်ဖြုတ်အနားယူပါ၊ တရားဓမ္မဟာ ပူလောင်နေတဲ့ သမီးရဲ့နှလုံးသားကို အေးချမ်းစေပါလိမ့်မယ်"

မင်းသမီးလေးသည် သီလရှင်ကြီးနောက်မှကောက်ကောက်ပါအောင် လိုက်သွားမိလေတော့သတည်း။

ဆရာကြီး၏ကျောင်းသခ်င်းကား လူသူနှင့်ကင်းဝေးလှသည်။ သစ်ပင်ဝါးပင်များကြား ဆောက်လုပ်ထားသော ကျောင်းသခ်င်းကလေးသည် လွန်စွာအေးချမ်းလှသည်။

ထိုသီလရှင်ကျောင်း၌ စုစုပေါင်း သီလရှင်လေးပါးရှိသည်။ အစစအရာရာ ကိုယ့်အားကိုယ်ကိုးလျက် တရားဓမ္မကျင့်ကြံနေကြသည်မှာ လွန်စွာနှစ်ကျွန်းဖွယ်ကောင်းလှသည်။

မင်းသမီးလေး၏ စိတ်သန္တာန်၌ အေးချမ်းမှုများကိန်းဝပ်လာပြီး သီလရှင်ဝတ်လိုသည့်စိတ်များပင် ပေါ်လာလေတော့သည်။

တစ်နေ့တွင် မင်းသမီးလေးက သီလရှင်ကြီးအား လျှောက်ထားသည်။

"ဆရာကြီး သမီး သီလရှင်ဝတ်ချင်ပါတယ်၊ ဆရာကြီးခွင့်ပြုမယ်ဆိုရင်- "

သီလရှင်ကြီးက ကျေနပ်စွာပြုံးလိုက်သည်။

သို့သော် လက်ကာပြသည်။

"သမီး သာသနာ့ဘောင်ဝင်တဲ့ကိစ္စကို လွယ်လွယ်ဆုံးဖြတ်လို့ မရပါဘူး၊ သာသနာ့ဘောင်ဝင်ပြီးရင်လဲ တရားဓမ္မကို ကျားကုတ်ကျားခဲကြိုးစားကျင့်ကြံရပါတယ်၊ ဆရာကြီးပြောလိုတာက သမီး စောင့်ပါဦး၊ တစ်လကိုးသီတင်းကြာလို့ သာသနာ့ဘောင်ထဲ ဝင်ချင်ပြီဆိုရင် ဆရာကြီးက ဝမ်းမြောက်ဝမ်းသာစွာနဲ့သာသနာ့ဘောင်ထဲ သွတ်သွင်းပေးပါ့မယ်"

ဆရာကြီး၏စကားမှာ ကျိုးကြောင်းဆီလျော်လှသဖြင့် မင်းသမီးလေးသည် သာသနာ့ဘောင်ထဲဝင်လိုကြောင်း ထပ်မံလျှောက်ထားခြင်းမပြုတော့ပေ။

တစ်နေ့တွင် သီလရှင်ကြီးက ရွာထဲသို့အလှူခံထွက်ရန်ဖြစ်ပေါ်လာသည်။

သူ၏ကျောင်းသင်္ခမ်းထဲ၌ ရက်သတ္တပတ်မျှ တစ်ယောက်တည်းနေထိုင်ရှာသည့်မင်းသမီးလေးအား သနားမိသဖြင့် ရွာထဲသို့လိုက်ရန် ခေါ်ငင်လိုက်သည်။

စင်စစ် မင်းသမီးလေးက မလိုက်လိုပေ။

သီလရှင်ကြီး၏စကားကိုငြင်းဆန်ရန် အားနာမိသဖြင့်သာ သီလရှင်ကြီးခေါ်ရာသို့ လိုက်သွားမိခဲ့ခြင်းဖြစ်လေသည်။

ထိုသို့လိုက်သွားမိခြင်းကပင် မင်းသမီးလေးအား ကံတရားက မူလလမ်းကြောင်းပေါ်သို့ ပြန်တင်ပေးလိုက်ခြင်းဖြစ်လေတော့သည်။

အဖြစ်ကား ထိုရွာထဲ၌ ကျင်းဟာန်ရီနှင့်တွေ့ဆုံမိခြင်းဖြစ်ပေ



သည်။ မင်းသမီးကလေးသည် ကျင်းဟာန်ရီကို မမှတ်မိပေ။

ကျင်းဟာန်ရီကသာ မင်းသမီးလေးကိုမှတ်မိခြင်းဖြစ်ပေသည်။

"မင်းသမီးလေး- မင်းသမီးလေး"

သီလရှင်ကြီး အံ့ဩသွားသည်။

ကျင်းဟာန်ရီက မင်းသမီး[illegible] [illegible]ကျိုးနွံနွံဆက်ဆံသည်ကိုမြင်တွေ့ရသောအခါ သီလရှင်ကြီးသည် [illegible]ခဲ့သူမိန်းကလေးသည် နယ်နယ်ရရမိန်းကလေးတစ်ဦးမဟုတ်ကြောင်း ရိပ်မိသွားလေသည်။

ကျင်းးဟာန်ရီက ပျာပျာသလဲသတင်းပေးသည်။

"မင်းသမီးလေး လျှံယင်းချုံအကြောင်း ကြားပြီးပြီလား"

မင်းသမီးလေးက ကျင်းဟာန်ရီကိုမှတ်မိသွားသည်။

"ကျွန်မနဲ့ လူချင်းကွဲသွားတာ အတော်ကြာနေပြီ၊ သူအသက်ရှင်လျက်ရှိသေးရဲ့လား"

"ရှိပါသေးတယ်၊ ကျွန်မလဲ ခွန်းလွန်ဂိုဏ်းထဲရောက်နေတော့ အပြင်ကို သိပ်မရောက်တော့ပါဘူး၊ ကျွန်မတွေ့တုန်းကတော့ လျှံယင်းချုံ ကျန်းကျန်းမာမာပါပဲ၊ မင်းသမီးလေးရဲ့သတင်းကို ကျွန်မ ဆီမှာစုံစမ်းလို့ ကျွန်မကလဲ မသိတဲ့အကြောင်းကို ရှင်းပြလိုက်ပါသေးတယ်"

မင်းသမီးလေး၏စိတ်ထဲ မျှော်လင့်ချက်ရောင်ခြည်များသမ်းလာပြန်သည်။

"ကျွန်- ကျွန်မ- အစ်ကိုလျှံယင်းချုံကို ပြန်ပြီးရှာချင်တယ်၊

ဒါပေမယ့် ကျွန်မမှာ-"

ကျင်းဟန်ရီသည် သီလရှင်ကြီးကိုလှမ်းကြည့်ပြီး သဘောပေါက်သွားသည်။

"မင်းသမီးလေး အကူအညီလိုရင်တော့ ကျွန်မ တစ်ရက်တန်သည် နှစ်ရက်တန်သည် လိုက်ပြီးအချိန်ပေးနိုင်ပါတယ်"

မင်းသမီးလေးသည် သီလ**ရှင်ကြီးအား ရှက်ရွံ့စွာ**ကြည့်လိုက်မိလေသည်။

သီလရှင်ကြီးမှာ လောကဓံတရား**၏ အထုအထောင်း**မျိုးစုံကိုကြုံဆုံခဲ့ပြီးဖြစ်သဖြင့် မင်းသမီးလေးအား ကြင်**နာစွာကြည့်ပြီး** ကြို့တင်ခွင့်ပြုစကားဆိုလေသည်။

"သမီး- သမီးဟာ နယ်နယ်ရရမဟုတ်**ဘူးဆိုတာ** ဆရာကြီးသိလိုက်ပါပြီ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ၊ **သမီးစိတ်ချမ်းသာမယ့်**အလုပ်မှန်ရင် ဆရာကြီးခွင့်ပြုပါတယ်၊ တကယ်လို့ ဒုက္ခတွေ**နဲ့များ**ထပ်ကြုံလို့ ဆရာကြီးဆီရောက်လာရင် ဆရာကြီးဟာ မေတ္တာတရား**နဲ့**ကြိုနေမယ်ဆိုတာ အခုကတည်းကကြိုပြောလိုက်ပါတယ်ကွယ်၊ သမီးလေးသွားလိုရာသွားပါတော့၊ ဆရာကြီးခွင့်ပြုပါတယ်"

မင်းသမီးလေးသည် သူမ၏အသက်သခင်ကျေးဇူးရှင်ဖြစ်သော သီလရှင်ကြီးအား မြေပေါ်၌ထိုင်ကာရှိခိုးကန်တော့လေ၏။

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ"

သီလရှင်ကြီးက ဆုမွန်များပေးနေသည်။

မင်းသမီးလေးသည် မျက်ရည်များဝေ့လျက် ကျင်းဟန်ရီနှင့်



လိုက်ပါသွားလေတော့သည်။

ကျင်းဟန်ရီသည် ခွန်းလွန်တောင်ရောက်နေသဖြင့် တိုင်းပြည်**အရေး**ကိစ္စများနှင့် အတော်ကလေးကင်းပြတ်လျက်ရှိသည်။

"အခု ဘယ်သွားကြမလဲ"

မင်းသမီးလေးက မေးလိုက်သည်။

"ကျွန်မတို့ လျံ့ယင်းချုံဆီသွားကြမယ်လေ"

"ဟင်- "

မင်းသမီးလေးမှာ ဝမ်းလ**ည်းဝမ်းသာ** အံ့လည်းအံ့ဩသွားလေသည်။

"စောစောတုန်းကတော့ **အစ်ကိုလျံ့ယင်းချုံ** ဘယ်မှာရှိတယ်ဆိုတာ ရှင်မသိတဲ့ပုံစံမျိုးပါလား"

ကျင်းဟန်ရီက ပြုံးလိုက်**သည်။**

"သီလရှင်ကြီးတစ်ပါး ရှေ့မှာ ယောကျ်ားတစ်ယောက် အကြောင်းပြောလို့ သင့်လျော်ပါ့မလားမင်းသမီးလေးရယ်"

"ဩော်- ဟုတ်သားပဲ"

"သူ ရွှေနဂါးတည်းခိုခန်းမှာရှိတယ်၊ အဲဒီမြို့ကလေးဟာ ဒီ**ရွာနဲ့**သိပ်မဝေးပါဘူး၊ ဒီရက်အတွင်းမှာ သူ ဝေးဝေးတော့ထွက်မသွားနိုင်သေးပါဘူး"

**မင်းသမီးလေးသည်** လွန်စွာတက်ကြွရွှင်လန်းလာသဖြင့် **ကျင်းဟန်ရီ၏ခြေကို** မီအောင်လျှောက်လေတော့သည်။

**ကျင်းဟန်ရီ**ပြောသည့်မြို့ကလေးသို့ ရောက်သောအခါ ရွှေ

နဂါးတည်းခိုခန်းကိုလည်း လွယ်ကူစွာတွေ့သည်။

လျှံယင်းချိုကိုလည်း တည်းခိုခန်းမှာတွေ့သည်။

မင်းသမီးလေးသည် လျှံယင်းချိုကိုတွေ့သောအခါ ကျင်းဟန်ရီကိုပင်မေ့သွားပြီး ပြေးဖက်ငိုယိုမိလေတော့သည်။

"တိတ်ပါညီမရယ်- ညီမဘယ်လောက် ဒုက္ခတွေရောက်ခဲ့တယ်ဆိုတာ ညီမရဲ့မျက်နှာကိုက ဖော်ပြနေပါတယ်"

လျှံယင်းချိုသည် သူတွေ့ခဲ့ရသည့်ဒုက္ခများကိုမူ ကောင်းစွာမေ့ထားနိုင်စွမ်းရှိပေသည်။ ကျင်းဟန်ရီက မျက်နှာအောက်ချလျက်ရပ်နေသည်။ လျှံယင်းချိုသည် မင်းသမီးလေးအား နှစ်သိမ့်ချော့မော့ပြီး ထိုင်ခုံတစ်လုံး၌ထိုင်စေသည်။

ကျင်းဟန်ရီကိုလည်း သူနှင့်တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်လေသည်။ ကျင်းဟန်ရီက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မလိုက်နိုင်တော့ပါဘူး၊ ကျွန်မ ဒီမှာသိပ်ကြာနေရင် ကျွန်မဆရာက ကျွန်မကိုသိပ်စိတ်ဆိုးနေလိမ့်မယ်၊ ဒီတစ်ခါ အပြစ်မြင်သွားရင် ကျွန်မကို ခွင့်လွှတ်မှာမဟုတ်တော့ဘူး၊ ကဲ- ကျွန်မကို ခွင့်ပြုပါဦး"

ကျင်းဟန်ရီသည် လျှံယင်းချိုနှင့် မင်းသမီးလေးတို့ကို နှုတ်ဆက်ပြီး ထွက်ခွါသွားလေသည်။ ကျင်းဟန်ရီ၏စိတ်သဘောထားကား လွန်စွာထူးဆန်းလှချေတော့သည်။

✻✻✻

## တန်ဖိုးကြီးသောသင်ခန်းစာ

စီးတိန့်ကုသည် ဘုရင့်သားတော်မင်းသားလေးကို လက်ဝယ်ပိုင်ပိုင်ရပြီးနောက် လွန်စွာရွှင်မြူးသွားမိသည်။

သို့သော် ထိုရွှင်မြူးမှုမှာ တစ်ခဏသာဖြစ်လေသည်။

ဘုရင့်သားတော်လေးအား ဓားစာခံပြုလုပ်၍ မည်သို့သောအခွင့်အရေးမျိုးတောင်းဆိုမည်နည်း။

ဘုရင့်သားတော်လေးအား မန်ချူးအာဏာပိုင်များထံအပ်နှံလျှင် ရတနာပုံဆိုက်မည်ကတော့သေချာသည်။

သို့ရာတွင် စုကျူးမြို့စားကြီးလိုလူမျိုးထံ၌တော့ အပ်၍မဖြစ်ပေ။ သူ့ထံသွားအပ်လိုက်လျှင် သူက မိမိအပေါ် ခေါင်းပုံဖြတ်ဦးမှာ သေချာသည်။

သို့မဟုတ် အမတ်ကြီးစုဘူးဝှက်လို မျိုးချစ်များထံမှ ပြန်အပ်ငွေလို ရွှေငွေရတနာမျိုးစုံကိုတောင်းဆိုမည်လား။

ရတနာပစ္စည်းများကိုမယူဘဲ မန်ချူးနန်းတွင်း၌ကြီးကြီးကျယ်

ကျယ် ရာထူးလိုချင်ပါက ရနိုင်ပေသေးသည်။

စီးတိန့်ကုမှာ ဘုရင့်သားတော်လေးလက်ထဲရောက်သော အခါမှ ဦးနှောက်ခြောက်ရလေတော့သည်။

ဘုရင့်သား**တော်လေး**က တည်ငြိမ်စွာပင်လိုက်လာသည်။

အသက်**နှစ်ဆယ်ကျော်**ရှိ မင်းသားငယ်မျှသာဖြစ်သော်လည်း လောက**ဓံတရား၏ အထု**အထောင်းအရိုက်အပုတ်ကို လူမှန်းသိတတ်စအရွယ်ကပင် ခံလာရသဖြင့် ယခုအချိန်၌ရင့်ကျက်မှုရရှိနေလေပြီ။

ထိုစဉ် သူတို့ရှေ့သို့ လူတစ်ယောက်ရောက်ရှိလာသည်။

သူတို့လာနေသည်ကို အဝေးကမြင်ပြီး ကြိုတင်စောင့်ဆိုင်းနေဟန်ရှိပေသည်။

စိတ်ကူးယဉ်လာသောစီးတိန့်ကု ထိတ်လန့်သွားသည်။ ထိုလူကား ကိုးဝက်ပါဂိုဏ်းချုပ်တည်း။

"ဟား- ဟား- ဟား- ဘုရင့်သားတော်လေးကို ဒီလိုတစ်ယောက်တည်းအပိုင်စီးလို့ ရနိုင်ရိုးလား"

ရှင်းသည်။

ကိုးဝက်ပါဂိုဏ်းချုပ်သည် ဘုရင့်သားတော်လေးကို လာလုခြင်းဖြစ်သည်။

စီးတိန့်ကုကမျက်မှောင်ကြုတ်ရင်း-

"မင်း လုချင်တိုင်းလုလို့ရမလား၊ သူ့ကိုရဖို့ ငါဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ မင်းသိလို့လား"



"ကျုပ်လဲကြိုးစားနေတာပဲ၊ မိုးနဂါးတောင်ထိပ်က မင်းသားလေး**နေတဲ့ဂူထဲ ကျုပ်ရောက်**လာတာဟာ မင်းသားလေးကို လာရှာတာဗျ"

**ကိုးဝက်ပါဂိုဏ်းချုပ်**သည် အတွေအထူးပြောမနေတော့ပေ။ ရှေ့သို့ခုန်ဝင်လာသည်။

စီးတိန့်ကုက မင်းသားလေးအား သူ့နောက်သို့ တွန်းပို့ပြီး ကိုးဝက်ပါဂိုဏ်းချုပ်ကို ရင်ဆိုင်သည်။

သူတို့ကား လက်ညီသူများဖြစ်၍ တစ်ဦးနှင့်တစ်ဦးအကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။

တိုက်သံ ခိုက်သံ မာန်သွင်းသံများကိုကြားရသဖြင့် ထူးခြားစွာရောက်ရှိလာသူမှာ ချန်းနီဖြစ်သည်။ ချန်းနီသည် ဘုရင့်သားတော်လေးကိုမြင်ဖူးသူမဟုတ်ပါ။

သို့သော် ဥပဓိရုပ်ကောင်းလှသူ လူငယ်တစ်ဦးအား ဘေးထားပြီး စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့ တိုက်ခိုက်နေသည်ကို မြင်ရုံနှင့် ထိုလူငယ်သည် မုချဘုရင့်သားတော်လေးဖြစ်ရမည်ဟု ချန်းနီတွက်ချက်မိလေသည်။

ချန်းနီသည် ဘုရင့်**သားတော်မင်းသားလေး**အား အကြောပိတ်ပြီး ထမ်းပြေးလေ**တော့သည်**။

ခြေသံကြားသဖြင့် **စီးတိန့်ကု**နှင့်ကိုးဝက်ပါ**ဂိုဏ်းချုပ်**တို့လှည့်ကြည့်မိလိုက်ကြလေသည်။

"ဟာ"

မင်းသားလေးအား ဖမ်းဆီးပြီး ထွက်ပြေးသွားသည့် ချန်းနီအားတွေ့မြင်လိုက်သောအခါ တိုက်ပွဲသည် အလိုလိုရပ်ဆိုင်းသွားလေသည်။

ချက်ချင်းလိုလိုပင် ချန်းနီနောက်သို့ ပြေးလိုက်ကြလေတော့သည်။

လူတစ်ဦးကိုထမ်းပြေးသူနှင့် ကိုယ်လွတ်လက်လွတ်ပြေးသူမှားမှာ မတူညီကြချေ။

ထို့ကြောင့် စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့က ချန်းနီအားပိတ်ဆို့မိသွားကြလေသည်။

ချန်းနီသည် ဘုရင့်သားတော်မင်းသားလေးအား တီးတိုးပြောလိုက်သည်။

"အရှင့်သား ဒီလူတွေဟာ လူဆိုးလူသွမ်း လူသရမ်းတွေပါ၊ အရှင့်သားအနေနဲ့ သူတို့လက်ထဲကလွတ်သွားရင် ပြီးတာပဲ၊ ယန်ကျုံးမြို့ကအမတ်ကြီးစုဘူးဝှက်ကို စုံစမ်းပြီး တစ်ကိုယ်တည်းသာ ထွက်ပြေးပါ၊ ဒီလူဆိုးနှစ်ယောက်ကို ကျွန်မတားဆီးထားပါ့မယ်"

မင်းသားလေးသည် ချန်းနီ၏ စကားကိုယုံသည်။ ကောင်းပြီဟုဝန်ခံလျက် တောလမ်းအတိုင်း ထွက်ပြေးသွားတော့သည်။ စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် ချန်းနီအား အပြတ်ရှင်းရန် စောင့်ကြည့်နေကြလေသည်။

"ဒါ နင့်ရဲ့အကြံအကုန်ပဲလား"

ကိုးဝက်ပါဂိုဏ်းချုပ်ကမေးလိုက်သည်။



"ဘာဖြစ်သလဲ ရှင်တို့ဖမ်းလာတဲ့လူကို ကျွန်မ လွှတ်ပေးတယ် ရှင်းရှင်းလေးပဲ"

"ကောင်းပြီ- နင့်ကို ရှင်းရှင်းလေးနဲ့ပဲသတ်ပစ်မယ်"

ကိုးဝက်ပါဂိုဏ်းချုပ်သည် ချန်းနီအားတိုက်ခိုက်လေတော့၏။ အတန်ကြာသော် စီးတိန့်ကုကပါ ချန်းနီကိုတိုက်ခိုက်ပြန်လေသည်။

အဆင့်မြင့်သိုင်းသမားနှစ်ဦး၏ တိုက်ခိုက်မှုဒဏ်ကို ချန်းနီမခံနိုင်ချေ။ အလူးအလဲခံနေရလေသည်။

"ဟား- ဟား- ဟား- တော်တော်လဲတော်တဲ့လူတွေပဲ၊ အရင့်အမာသိုင်းသမားကြီးတွေဖြစ်လျက်နဲ့ တစ်ယောက်ကိုနှစ်ယောက်ဝိုင်းတိုက်ကြတာ မရှက်ဘူးလား"

ဒေါင်းမနန်းတော်သခင်မကျင်းဖုံးသည် သစ်ပင်ခွကြား၌ထိုင်နေသည်။ မည်သည့်အချိန်က ထိုနေရာသို့ရောက်နေသည်ကို မည်သူမျှ မသိလိုက်ကြ။ အောက်မှတိုက်ပွဲလည်း အလိုအလျောက် ရပ်တန့်သွားလေသည်။

"ဆရာမ"

ချန်းနီက ဝမ်းသာအားရခေါ်လိုက်သည်။

ကျင်းဖုံးက ချန်းနီအား ဤနေရာမှထွက်သွားရန် အချက်ပြလိုက်လေသည်။

"နင်သွားစရာရှိတာသွားစမ်း၊ သူတို့ကို ငါဆုံးမရဦးမယ်"

"ဘာပြောတယ်"

ကျင်းဖုံး၏ဖြိုင်ဘက်ဟောင်းများသည် ဆွေ့ဆွေ့ခုန် ဒေါသ

ထွက်သွားကြလေတော့သည်။

ချန်းနီလည်း အခွင့်အရေးကိုလက်လွှတ်မခံချေ။

သူမ၏ဆရာမကျင်းဖုံးကိုဂါရဝပြုကာ ပြေးထွက်သွားသည်။

ကျင်းဖုံးသည် သစ်ပင်ပေါ် မှခုန်ချလိုက်ပြီး စီးတိန့်ကုနှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့ကို ရင်ဆိုင်လေသည်။

"ကောင်းတယ်- ဒီနေရာဟာ မင်းရဲ့သင်္ချိုင်းပဲ"

စီးတိန့်ကုက အံကြိတ်၍လှမ်းပြောလိုက်လေသည်။

"ကြည့်ကြသေးတာပေါ့။ ဘယ်သူ့သင်္ချိုင်းလဲဆိုတာ၊ ကဲ-ဘယ်သူဝင်လာမလဲ၊ ဝင်ချင်တဲ့လူဝင်လာ"

**သူမ၏စကား**အဆုံးတွင် ကိုးဝက်ပါဂိုဏ်းချုပ်က ကျင်းဖုံးထံ**သို့ခုန်ဝင်လာလေသည်။**

ကိုးဝက်ပါဂိုဏ်းချုပ်နှင့်ကျင်းဖုံးတို့သည် အဆင့်ချင်းမတိမ်းမယိမ်းသာရှိကြသည်။ သခင်မကျင်းဖုံးက အနည်းငယ်သာချင်သာမည်။ မည်သို့ပင်ဖြစ်စေ တိုက်ပွဲကတော့ အကြိတ်အနယ်သာဖြစ်နေသည်။

**စီးတိန့်ကုသည် ကျင်းဖုံး၏**သိုင်းပညာကိုကောင်းစွာသိသည်။

တစ်ယောက်ချင်းယှဉ်ပြိုင်လျှင် အနိုင်မရနိုင်ကြောင်း သိထားသည်။

သူအမြင့်ဆုံးယှဉ်ပြိုင်နိုင်လျှင် သရေပွဲသာဖြစ်နိုင်သည်။

ယခု ကျင်းဖုံးနှင့် ကိုးဝက်ပါဂိုဏ်းချုပ်တို့သည် သူ့ကိုဂရုမစိုက်နိုင်ဘဲ အသေအလဲယှဉ်ပြိုင်နေကြလေသည်။



**ရန်သူတို့၏အခက်**သည် သူ့အတွက်အကွက်ဖြစ်သည်။

ခဲတစ်လုံးဖြင့် **ငှက်နှစ်ကောင်**ပစ်နိုင်တော့မည်။

သူသည် တိုက်ပွဲစည်း**အတွင်းသို့** မသိမသာချဉ်းကပ်သွား၏။ တိုက်ပွဲစည်းအတွင်းသို့ခုန်ဝင်လိုက်လျှင် ရန်သူများအား သတိပေးလိုက်သလိုဖြစ်သွားမည်စိုးသဖြင့် ခိုးကြောင်ခိုးဝှက်ချဉ်းကပ်နေခြင်းဖြစ်ပေသည်။

ကိုးဝက်ပါဂိုဏ်းချုပ်နှင့်ကျင်းဖုံးတို့မှာ တိုက်ပွဲအရှိန်အထွတ်အထိပ်ရောက်နေသဖြင့် စီးတိန့်ကု ကပ်လာသည်ကို မသိဘဲရှိကြလေသည်။

"ဝုန်း"

စီးတိန့်ကုသည် နှစ်ယောက်စလုံးကို လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

"အား"

နာကျင်စွာအော်သံနှင့်အတူ နှစ်ယောက်စလုံးလွင့်စဉ်သွားလေတော့သည်။ ကိုးဝက်ပါဂိုဏ်းချုပ်နှင့်ကျင်းဖုံးတို့မှာ အကြီးအကျယ်ဒဏ်ရာရသွားတော့သည်။

"ဟား- ဟား- ဟား- ဘယ်သူ ဘာတတ်နိုင်သေးသလဲ၊ ငါမလုပ်ချင်လို့ကြည့်နေတာ၊ ငါလုပ်ချင်ရင် လွယ်လွယ်ကလေးပဲ၊ ဒီနေရာဟာ မင်းတို့နှစ်ယောက်စလုံးရဲ့သင်္ချိုင်းမြေပဲဆိုတာယုံပြီလား"

သူသည် တစ်လှမ်းချင်းချဉ်းကပ်လာပြန်သည်။ ကိုးဝက်ပါဂိုဏ်းချုပ်ကိုကော ကျင်းဖုံးကိုပါ အပြီးသတ်သုတ်သင်ပေတော့မည်။

ထိုစဉ်-

"ဟား- ဟား- ဟား- မသာကိုကြိုးတုပ်ရိုက်မယ့်သူရဲကောင်းကြီးနဲ့လာတွေ့နေပါလား၊ ဒီပွဲ ကြည့်မကောင်းဘူးဟေ့"

စီးတိန့်ကုသည် အလန့်တကြားလှည့်ကြည့်လိုက်လေသည်၊ သူတွေ့လိုက်ရသူကား ရယ်စရာအဘိုးအိုပင်တည်း။

စီးတိန့်ကုသည် သူ့လုပ်ကြံမှုကို ရယ်စရာတွေ့မြင်သွားသဖြင့် လက်တွန့်သွားလေသည်။

ခြေလှမ်းများ တန့်သွားသည်။

"အဘိုးကြီး ခင်ဗျားဘာလာရှုပ်တာလဲ"

"ငါမရှုပ်ပါဘူး၊ မင်းကရှုပ်တာပါ။ ငါ့မျက်မြင်ပဲဥစ္စာ"

"ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ခင်ဗျားဟာ သိုင်းလောကရဲ့အမှိုက်ပဲ၊ နေရာတကာ ခင်ဗျားရောက်တယ်"

"သိုင်းလောကရဲ့အမှိုက်က ငါမဟုတ်ဘူးကွ၊ မင်း- မင်း- သိုင်းလောကတစ်ခုလုံး အမည်းစက်ထင်အောင် ရှုပ်ထွေးနေအောင် ညစ်ပတ်နေအောင်လုပ်တဲ့လူက မင်းပဲ၊ သိုင်းလောကရဲ့အမှိုက်ဆိုတာ မင်းပဲ"

"ခင်ဗျားသေချင်ပြီလား၊ မသေချင်ရင်နောက်ဆုတ်"

"မင်းလဲ မသေချင်ရင်နောက်ဆုတ်"

စီးတိန့်ကုသည် ရယ်စရာထံသို့ခုန်ဝင်ပြီး ပြင်းထန်သော လက်ဝါးတစ်ချက် ရိုက်ထုတ်သည်။

"ဝုန်း. . ."



ရယ်စရာက ရယ်ရယ်မောမောဖြင့် ခုခံလှန်ထုတ်လိုက်သည်။

"ဝုန်း"

စီးတိန့်ကုမှာ ထင်တိုင်းမပေါက်ဘဲ နောက်သို့ သုံးလှမ်းမျှပင် ဆုတ်ပေးလိုက်ရလေသည်။

"ခင်- ခင်ဗျား"

စီးတိန့်ကုစိတ်ထဲ၌ ရယ်စရာ၏သိုင်းပညာ ဤမျှကောင်းလိမ့်မည်ဟုမထင်ခဲ့ပေ။ သူလန့်သွားသည်။

"လာပါ- တက်ခဲ့ပါဦး"

စီးတိန့်ကုသည် ရယ်စရာ၏သိုင်းပညာကို တိတိကျကျစမ်းသပ်လိုသဖြင့် ထပ်မံခုန်ဝင်လာကာ ခုနစ်ကွက်မျှဆက်တိုက် တိုက်ခိုက်လိုက်သည်။

ရယ်စရာသည် ပြန်လှန်မခုခံချေ။ ခုနစ်ကွက်စလုံး နောက်ကျွမ်းပစ်ကာ နောက်ဆုတ်သည်။

စီးတိန့်ကုက ဆက်မတိုက်ရဲတော့ချေ။

"ဒီအဘိုးကြီးနဲ့ ဆက်တိုက်ရင် ငါရှုံးမှာသေချာတယ်၊ ဟိုနှစ်ကောင်ထလာရင် ပိုတောင်ဆိုးလိမ့်ဦးမယ်၊ ငါ ပြေးမှ"

စီးတိန့်ကု ထွက်ပြေးလေတော့သည်။

ရယ်စရာသည် ဖားကလေးအားလိုက်ရှာရင်း ဤနေရာသို့ ရောက်လာခြင်းဖြစ်သည်။ သူသည် သိုင်းသမားများသွားတတ်သည့် လမ်းကိုသိသည်။

စီးတိန့်ကုထွက်ပြေးသွားသောအခါမှ ရယ်စရာသည်ကျင်းဖုံး

နှင့်ကိုးဝက်ပါဂိုဏ်းချုပ်တို့၏ဒဏ်ရာများကို စစ်ဆေးသည်။

သူသည် ကျင်းဖုံးအား ပထမ ကုသပေးသည်။ ဒဏ်ကြေဆေး တစ်လုံးလည်းတိုက်ကျွေးသည်။

ကျင်းဖုံးသည် လူကောင်းကြီးဖြစ်မလာသေးသော်လည်း ထ ရပ်နိုင်သည်။ ရယ်စရာအား လက်နှစ်ဖက်ဆုပ်၍ဂါရဝပြုလိုက်လေ သည်။

"ကျေးဇူးကြီးလှပါတယ်ရှင်၊ **ဆရာကြီး**သာ မကယ်ရင် ကျွန်မ သေမှာသေချာပါတယ်"

ရယ်စရာကပြုံးလိုက်သည်။

"ဒါကအသေးအဖွဲပါ၊ စာမဖွဲ့**လောက်ပါဘူး** "

ရယ်စရာကား တကယ်ပင် စာဖွဲ့သူမဟုတ်ပေ။ သွားရင်းဟန် လွဲ ကယ်ဆယ်ခြင်းသာဖြစ်သည်။

"ကျွန်မကိုခွင့်ပြုပါဦး၊ ဆရာကြီးကို တစ်ခုလောက်တော့ မှာ ခဲ့ပါရစေနော်။ ဟောဒီလူကမြွေပွေးပါ၊ သူ့ကိုတော့ သွားမကယ်လိုက် ပါနဲ့၊ သူ့ကိုကယ်ရင် ဆရာကြီးဒုက္ခရောက်လိမ့်မယ်"

ကျင်းဖုံးသည် ရယ်စရာအားနှုတ်ဆက်ပြီး ပြေးထွက်သွားလေ တော့သည်။

ရယ်စရာသည် ကိုးဝက်ပါဂိုဏ်းချုပ်၏သတင်းများကို ကြား သိပြီးဖြစ်သည်။

"အင်း- ဒီကောင့်သတင်းတွေကတော့ နာခေါင်းရှုံ့စရာပဲ၊ ဒါပေမဲ့ ဒီတစ်ခါတော့ကယ်လိုက်ပါ့မယ်"



**လူဆိုးလူသွမ်းအား ကယ်**တင်ခြင်းသည် မြွေဆိုးအား အဆိပ် ပွါး**များ**အောင်မွေးမြူခြင်းပင်ဖြစ်သည်။ ရယ်စရာသည် သူ့ဘဝတစ် **သက်**တာ၌ ပထမဆုံးနှင့် နောက်ဆုံးဖြစ်သောအမှားကို ပြုမိလိုက် ခြင်းပင်တည်း။

**သူ**သည် ကျင်းဖုံးအား ကုသပေးသကဲ့သို့ ကိုးဝက်ပါဂိုဏ်းချုပ် အားကုသပေးသည်။

ဒဏ်ကြေဆေးတစ်လုံး တိုက်ကျွေးသည်။

သို့သော် ကိုးဝက်ပါဂိုဏ်းချုပ်သည် ကျင်းဖုံးကဲ့သို့ထမလာချေ။ လဲလျောင်းလျက်ပင်ရှိနေပါသည်။

"ဟင်- ဘယ်လိုဖြစ်တာပါလိမ့်၊ သူတို့**နှစ်**ယောက်ရဲ့ဒဏ်ရာ ကို ငါစစ်ဆေးတုန်းက **နှစ်ယောက်**စလုံး တူတူလောက်ပါပဲ၊ သူက ကျင်းဖုံးထက် အတွင်း**အားနည်းလို့ မထနိုင်**တာများလား"

ရယ်စရာသည် **ကိုးဝက်**ပါဂိုဏ်းချုပ်ကိုပွေ့ထူရန် ဟန်ပြင် လိုက်လေသည်။

ထိုအခိုက် ဓားရောင်တစ်ချက်လင်းလက်သွားပြီး ရယ်စရာ၏ ရင်ဝသို့စိုက်ဝင်သွားလေတော့သည်။

"အား- မင်း- မင်း- မင်း-"

ကိုးဝက်ပါဂိုဏ်းချုပ်သည် လျှပ်တစ်ပြက်ခုန်ထသွားပြီးနောက် ရယ်စရာအား ခါးထောက်၍ကြည့်လေသည်။

"မင်း- မင်း- ရက်စက်လှချည့်လား"

အမြတ်မ်းရယ်နေသောရယ်စရာသည် ယခုတစ်ကြိမ် မရယ်

နိုင်တော့ပေ။ ရင်ဝမှဓားမြှောင်ကိုကိုင်ရင်း မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကိုးဝက်ပါဂိုဏ်းချုပ်အားကြည့်နေမိလေသည်။

သူသည် လူယုတ်မာ၏ဟန်ဆောင်မှုကို အရှိုးခံအတိုင်း ထင်မှတ်ခဲ့သည်။ တကယ်မထနိုင်ဘဲဖြစ်နေသည်ဟု ထင်ခြင်း၊ တကယ်ထနိုင်သည့်တိုင်အောင် သူ့အား ဤသို့ရက်ရက်စက်စက်ပြုလိမ့်မည်ဟု မထင်ခြင်းတို့ကြောင့် လူယုတ်မာ၏ဓားချက်ကိုလုံးဝမရှောင်နိုင်ဘဲ ဖြစ်ခဲ့ရပေသည်။

"ဟောဒီလူကတော့ မြွေပွေးပါ၊ သူ့ကို သွားမကယ်ပါနဲ့၊ သူ့ကိုကယ်ရင် ဆရာကြီးဒုက္ခရောက်ပါလိမ့်မယ်"

ဒေါင်းမနန်းတော်သခင်မကျင်းဖုံး၏ စကားများကို ရယ်စရာပြန်လည်ကြားယောင်လာလေသည်။ အမြတ်မ်း ရွတ်နောက်နောက်နေတတ်သော ရယ်စရာခမျှ မရယ်နိုင်ရှာတော့ပါ။

"မင်း- မင်း- လူယုတ်မာပဲ"

"ဟုတ်တယ်၊ ကျုပ် လူယုတ်မာပဲ၊ ကျုပ်လိုလူကို ကယ်ရင် ဒီလိုဖြစ်တတ်တယ်ဆိုတာ ကျုပ်က ခင်ဗျားကို သင်ခန်းစာပေးလိုက်တာပဲ၊ အဲဒီသင်ခန်းစာကို ဒီဘဝမှာမသုံးနဲ့၊ တမလွန်ဘဝမှာပဲ သုံးတော့"

လူယုတ်မာကိုးဝက်ပါဂိုဏ်းချုပ်သည် ရင့်သီးစွာပြောလျက် ရယ်စရာအဘိုးအိုအား ကျောခိုင်းထွက်ခွါသွားလေတော့သည်။

❋❋❋

## အထင်မှားခံရခြင်း

လျှံယင်းချုံနှင့် မင်းသမီးလေးတို့သည် ရွှေနဂါးတည်းခိုခန်းမှထွက်ခွါပြီး သိုင်းလောကသတင်းကိုစုံစမ်းလျက် တောင်ဘက်သို့ စုန်ဆင်းလာခဲ့လေသည်။

မင်းသမီးလေးက သူ့အတွေ့အကြုံများကိုရှင်းပြလာသကဲ့သို့ လျှံယင်းချုံကလည်း သူ့အဖြစ်အပျက်များကိုပြောပြလာလေ၏။

သူတို့သည် မြို့တစ်မြို့ကိုဖြတ်ကျော်ပြီး သစ်တောတစ်ခု၏ အပြင်သို့အထွက်တွင် စူးစူးဝါးဝါးအော်ဟစ်သံများကို ကြားလိုက်ရလေသည်။

"အစ်ကို- ဒါတိုက်ပွဲဖြစ်နေတဲ့အသံတွေ မဟုတ်လား"

မင်းသမီးလေး၏အမေးကို လျှံယင်းချုံကပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

"အင်း- ညီမတောင် ဒီအသံတွေရဲ့သဘောကိုသိနေပြီပဲ"

"အတွေ့အကြုံကသင်ပေးလာတော့ ညီမလဲ ခန့်မှန်းတတ်

လာတာပေ့ါအစ်ကိုရယ်"

တိုက်ပွဲကို သူတို့မြင်တွေ့နေရပါပြီ။

တိုက်ပွဲဝင်နေသူများကား မျက်နှာစိမ်းများမဟုတ်ကြချေ။

ရွှေလက်မောင်းသိုင်းသမားက တစ်ဖက်၊ စုလျှနှင့်ယုယိစု တို့ကတစ်ဖက် ဖြစ်နေသည်။ စုလျှနှင့်ယုယိစုတို့မှာ သိုင်းပညာကို မည်မည်ရရတတ်သူများမဟုတ်သဖြင့် နှစ်ဦးတစ်ဦးဖြစ်သည့်တိုင် သူတို့နှစ်ဦးသာ တစ်ဆုတ်တည်းဆုတ်ပေးနေကြရသည်။

ရွှေလက်မောင်းသိုင်းသမားကသာ တစ်ရှိန်ထိုး တိုက်ခိုက်နေပေသည်။

လျှံယင်းချုံတို့ရောက်ရှိလာသည့်အခါတွင် အခြေအနေက ချက်ချင်းပြောင်းလဲသွားလေတော့သည်။

လျှံယင်းချုံကလည်း ပွဲကြည့်ပရိသတ်ကဲ့သို့ ကြည့်မနေပါ။

ယုယိစုနှင့်စုလျှတို့မှန်း သိသည်နှင့် ချက်ချင်းပင် ခုန်ဝင်တိုက်ခိုက်လေတော့သည်။

ယုယိစုနှင့်စုလျှတို့ကား ဝမ်းသာ၍မဆုံးတော့ပေ။

လျှံယင်းချုံကလည်း အစွမ်းကုန်တိုက်ခိုက်ပေသည်။

ရွှေလက်မောင်းသိုင်းသမားနှင့် လျှံယင်းချုံတို့သုံးယောက် တိုက်ခိုက်နေစဉ် မင်းသမီးလေးသည် နောက်ကြောင်းသို့လှည့်ကြည့်မိသည်။

သူတို့ပြေးလာခဲ့သည့်ခရီးတစ်လျှောက်ရှိလမ်းပေါ်၌ လူတစ်ဦး ဒယီးဒယိုင်ဖြစ်နေသည်ကိုတွေ့ရသောအခါ လျှံယင်းချုံကိုပင် အသိ



မပေးတော့၊ ထိုအရာဆီသို့လှည့်ပြေးလေတော့သည်။

နီးလာလေလေ ထိုလူ၏ပုံသဏ္ဌာန်မှာ ပီပြင်လာလေဖြစ်လာသည်။

ရယ်စရာအဘိုးအိုပင်ဖြစ်လေသည်။

မင်းသမီးလေးသည် ရယ်စရာနှင့်ခင်မင်ရင်းနှီးခြင်းမရှိသော်လည်း သဘောကောင်း မနောကောင်း ပျော်တတ်ရွှင်တတ်သော သိုင်းသမားကြီးတစ်ဦးအဖြစ်ကား သိထားသည်။

သူ့တစ်ကိုယ်လုံး သွေးများရွှဲရွှဲစိုနေသည်။ ဓားတစ်ချောင်းက ရင်ဝ၌စိုက်လျက်ရှိနေသည်။

ရယ်စရာသည် သူ့ထံ မင်းသမီးလေးပြေးလာသည်ကို တွေ့လိုက်ရသောအခါ အားလျှော့လိုက်သဖြင့် ခွေလဲကျသွားလေသည်။

မင်းသမီးလေးက ပြေးပွေ့လိုက်လေသည်။

"မင်းသမီးလေး ကျုပ်ရဲ့ဒဏ်ရာ အလွန်ပဲပြင်းထန်တယ်၊ ထုံထင်းရိပ်ကို ရှာပေးပါလား"

မင်းသမီးလေးမှာ ရယ်စရာစကားကြောင့် မျက်နှာပျက်သွားလေသည်။

"ထုံထင်းရိပ်ဟာ အဆိပ်ဝိဇ္ဇာနဲ့တိုက်ခိုက်ပြီး ဒဏ်ရာရသွားပါတယ်၊ သူ့ကိုယ်သူတောင် အနိုင်နိုင်ကုသနေပုံရပါတယ်၊ ဆိုးတာက သူဘယ်သွားသလဲဆိုတာ ကျွန်မ မသိတာပါပဲ"

မင်းသမီးလေးက အဖြစ်မှန်ကိုရှင်းပြလေသည်။

မင်းသမီးလေး၏စကားသည် ရယ်စရာကို အကြီးအကျယ်

စိတ်ဓာတ်ကျစေလေသည်။

သူ အားမတင်းနိုင်ရှာတော့ပေ။

"ဒါ- ဒါဆိုရင် ကျုပ် ကျုပ်သေရတော့မှာပဲ၊ မင်းသမီးလေး ကျုပ်ကို တစ်ခုလောက်ကူညီနိုင်မလား"

မင်းသမီးလေးမှာ လွန်စွာစိတ်ထိခိုက်သွားလေသည်။

"ကျွန်မ ဘာကူညီမလဲဆိုတာသာပြောပါ၊ ကျွန်မ တတ်နိုင်တာ ဘာမဆိုကူညီပါ့မယ်"

"သိပ်မခက်ပါဘူး၊ ကျုပ်ရင်ခွင်ထဲမှာ"ချိန်ခွင်လျှာလက်သီးသိုင်းကျမ်း"ဆိုတဲ့သိုင်းကျမ်းတစ်အုပ်ရှိပါတယ်၊ အဲဒီစာအုပ်ကို ဖားကလေးကိုပေးပေးပါ၊ သူနဲ့ကျုပ်ဟာ ဘာမှမတော်စပ်ပေမယ့် သိုင်းလောကသားတွေက ကျုပ်တို့ကို မြေးအဘိုးလို့ထင်မှတ်နေကြပါတယ်၊ သူကလဲ ကျုပ်အပေါ် သိပ်ကောင်းပါတယ်"

မင်းသမီးလေးမှာ ရုတ်ခြည်းပင် မျက်နှာညှိုးကျသွားလေ၏။

ရယ်စရာသည် အတွေ့အကြုံစုံသူတစ်ယောက်ဖြစ်၍ မင်းသမီးလေး၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ရုံဖြင့် ဖားကလေး ဒုက္ခရောက်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

"ဖားကလေး ဘာဖြစ်နေသလဲပြောပါ၊ ကျုပ်စိတ်မကောင်းမှာစိုးပြီး လျှို့ဝှက်မထားပါနဲ့"

"ဖားကလေး မရှိတော့ပါဘူးရှင်"

မင်းသမီးလေးက အဖြစ်အပျက်အမှန်ကို ရှင်းရှင်းလင်းလင်း ပင်ပြောပြသည်။



ရယ်စရာတစ်ယောက် နောက်ဆံတင်းငင်ဖြင့် သေဆုံးသွားမည်ကို မလိုလားပါ။

ရယ်စရာ၏မျက်လုံးများ၌ အဓိပ္ပါယ်မဖော်ပြနိုင်သော အရိပ်အယောင်များလွှမ်းခြုံသွားလေသည်။

"အင်း- ကျုပ်ထင်ပါတယ်၊ ဖားကလေးဟာ တကယ့်သူရဲကောင်းပါ၊ သူ့ကို ခြင်္သေ့ဖြူကြီးဖြစ်အောင် ကျုပ်မြေတောင်မြှောက်ပေးဖို့ စိတ်ကူးခဲ့ပါတယ်၊ ခုတော့ သူ- သူ သွားရှာပြီပေါ့၊ ကျုပ်ရဲ့ အမွေသိုင်းကျမ်းကိုတောင် မပေးနိုင်တော့ဘူးပေါ့"

မင်းသမီးလေးက နှစ်သိမ့်လိုက်သည်။

"ဖားကလေးဟာ သူရဲကောင်းတစ်ယောက်ရဲ့သေခြင်းနဲ့ သေဆုံးသွားပါတယ်၊ သူ့အသက်အရွယ်မျိုးမှာ ဒီလိုစိတ်ထားမျိုးရှိဖို့ရှားပါတယ်ရှင်"

"မင်းသမီးလေးက ပိုလွှမ်းအောင်ပြောနေတာကိုး၊ ရှိပါစေတော့၊ ကျုပ်ရင်ဝမှာစိုက်နေတဲ့ဓားကို ဆွဲနှုတ်ပေးပါလား၊ ကျုပ်က သေရမှာကြောက်လို့ မဟုတ်ပါဘူး မင်းသမီးလေးရယ်၊ လက်နက်နှုတ်ပြီးမှ သေချင်လို့ပါ"

ဓားနှုတ်လိုက်သည်နှင့် သူသေဆုံးသွားမည်ကို ရယ်စရာသိသည်။ သူသည် ဓားကိုနှုတ်လိုက်ပါက ချက်ချင်းသေဆုံးသွားမည်။ သူ့လက်ထဲ၌ ဆွဲနှုတ်ထားသည့်ဓားမြှောင်ရှိနေမည်။

ဤသည်ကို သူ မလိုလားပါ။ သူ မလိုလားသည့်အဖြစ်သည် အခြားသူတစ်ယောက်အတွက် ချောက်ကျသွားနိုင်သည်ကိုတော့

ရယ်စရာ မတွေးမိရှာပါ။

မင်းသမီးလေးက ဓားမြှောင်နှုတ်လိုက်သည်နှင့် ရယ်စရာ သေဆုံးမည်ကို မသိရှာပါ။

သိလျှင် သူကူညီမည်မဟုတ်ပါ။

"ကောင်းပါပြီ- ကျွန်မကူညီပါ့မယ်"

မင်းသမီးလေးမှာ ဓားမြှောင်ကို စွပ်ခနဲဆွဲနှုတ်လိုက်၏။ ရယ်စရာခေါင်းတစ်ချက်စောင်းသွားသည်။ ပါးစပ်မှသွေးများ ပွက်ခနဲ အန်ထွက်ပြီး သေဆုံးသွားလေသည်။

"ဟင်- မင်း- မင်းသမီးလေး ခင်ဗျား ရက်စက်လှချည်လား"

အထိတ်တလန့်အော်သံကြောင့် မင်းသမီးလေးလှည့်ကြည့်မိသည်။ ယုယိစုက အလန့်တကြားအော်နေခြင်းပင်။

"ခင်- ခင်ဗျား ရက်စက်လိုက်တာဗျာ၊ ရယ်စရာမှာ ဘာအပြစ်ရှိလို့လဲဗျာ၊ ဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ"

"ရှင်"

မင်းသမီးလေးမှာလန့်သွားပြီး ဓားမြှောင်ကိုလွှတ်ချမိလေသည်။ မမျှော်လင့်သောအဖြစ်အပျက်သည် သူမကို လူသတ်သမားဘဝသို့တွန်းပို့လိုက်ပါပကော။

"ကျွန်- ကျွန်မ မသတ်ပါဘူး၊ သူ့ဘာသာ သေတာပါ"

မင်းသမီးလေးမှာ ငယ်ထိပ်သွေးရောက်လျက် အမောဘကော ရှင်းပြလေသည်။

သို့သော် သူမ၏ရှင်းပြချက်ကို ယုယိစုကလက်မခံပါ။



သူ့အမြင်၌ မင်းသမီးလေးက ဓားမြှောင်ဖြင့်ထိုးစိုက်ဆွဲနှုတ်လိုက်သည်ဟုပင် ထင်နေပါသည်။ သူ့မျက်မြင်၌ မင်းသမီးလေးသည် လူသတ်သမားစစ်စစ်ဖြစ်နေပါသည်။

"ရက်စက်ပါပေ့ဗျာ၊ ရယ်စရာလောက် သဘောကောင်းတဲ့ လူဟာ ရယ်စရာပဲရှိပါတယ်"

"ကျွန်- ကျွန်မ မသတ်ပါဘူး၊ ကျွန်မကိုအထင်မလွဲပါနဲ့"

"လက်ပူးလက်ကြပ်တွေ့နေတာတောင် ခင်ဗျားကငြင်းရသေးသလား၊ ခင်ဗျားမသတ်ရင် ဘယ်သူသတ်သွားသလဲပြော၊ ရယ်စရာကတော့ သူ့ဘာသာသတ်မှာမဟုတ်ပါဘူး"

မင်းသမီးလေးမှာ ရှက်လွန်းကြောက်လွန်းသဖြင့် ချုံးပွဲချငိုလေတော့သည်။

"ကျွန်မ မသတ်ပါဘူးရှင်ရယ်၊ ရယ်စရာက ရင်ဝမှာဓားစိုက်ပြီး ဒယီးဒယိုင်နဲ့ရောက်လာတာပါ၊ ရှင်တို့တိုက်ခိုက်နေတုန်း ကျွန်မက သူ့ကိုကူညီတာပါ၊ ဒါတောင် ကျွန်မက ဘာမှလုပ်ပေးဖို့စိတ်မကူးပါဘူး၊ သူက သူ့ရင်ဝကဓားမြှောင်ကိုဆွဲနှုတ်ခိုင်းလို့ စေတနာနဲ့နှုတ်ပေးမိတာပါ၊ ဒီဓားနှုတ်လို့ သူသေမယ်ဆိုတာသိရင် ကျွန်မ သူ့ကိုနှုတ်မပေးပါဘူးရှင်"

ယုယိစုက လက်မခံချေ။

"ခင်ဗျားဟာ မဟုတ်တာလုပ်တဲ့အပြင် လိမ်ပါလိမ်တတ်နေသေးတာကိုး"

ထိုစဉ် ရွှေလက်မောင်းသိုင်းသမားနောက်သို့ ပြေးလိုက်သွား

ကြသည့် လှံ့ယင်းချုံနှင့်စုလျှုတို့ရောက်ရှိလာကြသည်။

ယုယိစုက အဖြစ်အပျက်များအားလုံးကို ဆီး၍တိုင်လေတော့သည်။ မင်းသမီးလေးကငိုပြီး-

"မဟုတ်ဘူး- မဟုတ်ဘူး၊ ကျွန်မ မသတ်ဘူး၊ သူအထင်မှားပြီး ပြောနေတာ"

လှံ့ယင်းချုံသည် မင်းသမီးလေး၏ စိတ်နေသဘောထားကို ကောင်းစွာသိထားသူဖြစ်ရာ ယုယိစုပြောသည့်စကားများကိုအယုံအကြည်မရှိပေ။

"မင်းသမီးလေးသတ်တာ ဟုတ်ချင်မှဟုတ်မှာပါ၊ မင်းအမြင်မှားတာဖြစ်ချင်ဖြစ်မှာပါ၊ ကဲ- ညီမသိသမျှပြောပြပါဦး"

မင်းသမီးလေးက လှံ့ယင်းချုံအား ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်လိုက်မိသည်။ သူမတွေ့ကြုံသမျှကို ခရေစေ့တွင်းကျ တစ်လုံးမကျန်ပြောပြလိုက်တော့သည်။

လှံ့ယင်းချုံသည် ထိုစကားများကို သေချာစွာ ဆန်းစစ်နားထောင်သည်။

"ယုယိစု မင်းအမြင်မှားတာပဲဖြစ်မယ်၊ သူပြောတာနဲ့မင်းမြင်တာအံကိုက်ဖြစ်နေတာပဲ၊ အထင်လွဲစရာဖြစ်နေတာပေါ့၊ မင်းလဲ မင်းသမီးလေးနေရာရောက်ပြီး ဓားကိုဆွဲထုတ်ပြီး အဝေးကမြင်တဲ့လူက ဓားနဲ့ထိုးသတ်ပြီး ဓားကိုဆွဲနှုတ်လိုက်တယ်လို့ထင်မှာပဲ၊ ဒီမှာ ယုယိစု မင်းအထင်မမှားပါနဲ့၊ မင်းသမီးလေးရဲ့ စိတ်နေသဘောထားကို ငါကောင်းကောင်းသိတယ်၊ သူဟာ လူသတ်ရဲတဲ့မိန်းကလေး



တစ်ယောက်မဟုတ်ပါဘူးကွာ"

လှံ့ယင်းချုံကပင် ယုယိစုအား ပြန်လည်ရှင်းပြနေရလေတော့သည်။

ယုယိစုကတော့ မကျေနပ်ပေ။

"ကျုပ်ကတော့မကျေနပ်ဘူး၊ သူရယ်စရာကိုသတ်တာ အမှန်ပါဗျ၊ ကျုပ်ပြောတာကယုံစမ်းပါ"

"ဒီလောက်လဲ အစွဲမသန်နေပါနဲ့ယုယိစုရယ်၊ တကယ်ဖြစ်တာတောင် အကြောင်းကြောင်းကိုထောက်ပြီး မင်းခွင့်လွှတ်သင့် ခွင့်လွှတ်ရမှာပါ"

"မလွှတ်ဘူးဗျာ- မလွှတ်ဘူး"

လှံ့ယင်းချုံစိတ်ပျက်သွားသည်။ ဤအတိုင်းနေပါက ယုယိစုက မင်းသမီးလေးအားရန်လုပ်မည်ကိုပင် စိုးရိမ်လာရသည်။

"ကဲ- ကဲ- မင်းနဲ့စုလျှုတို့က ရယ်စရာရဲ့အလောင်းကို မြေမြှုပ်ဖို့တာဝန်ယူလိုက်ပါ၊ ငါတို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ ရှေ့ခရီးဆက်လိုက်ဦးမယ်"

လှံ့ယင်းချုံသည် မင်းသမီးလေးကိုဆွဲခေါ်ကာ ထွက်ခွါသွားလေတော့သည်။

ယုယိစုသည် မင်းသမီးလေးကို မကျေမနပ်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

စုလျှုကမူ လှံ့ယင်းချုံ၏လေသံအတိုင်း ဖျောင်းဖျသည်။

"မင်းနေစမ်းပါကွာ၊ မင်းတို့ကမြင်တဲ့သူမှ မဟုတ်ဘဲ၊ အစ်ကို

က တကယ်မြင်တဲ့လူပါကွ"

**"မင်းသမီးလေးဟာ** သဘောထားမြင့်မြတ်တဲ့မိန်းကလေးပါ၊ ဒီလို**ရက်စက်တဲ့**အပြုအမူမျိုး သူလုပ်မှာမဟုတ်ပါဘူး"

"တိတ်စမ်း- လာ ရယ်စရာရဲ့အလောင်းကို ဝိုင်းမပေးစမ်း"

စလျှသည် ဘာမှမပြောတော့ဘဲ ယုယိစုအား ဝိုင်းဝန်းကူညီပေးလေသည်။

ယုယိစုက မြေကျင်းတူး၍လွယ်ရန် မြေပွနေရာသို့ အလောင်းကိုသယ်ယူသွားပြီး တွင်းတူးမြေမြှုပ်ပေးလိုက်သည်။

သစ်ကိုင်းတစ်ခုကိုမှတ်တိုင်သဘောမျိုးလုပ်၍ မြေပုံပေါ်၌ စိုက်ထူပေးလိုက်သည်။

သူသည် မြေပုံဘေး၌ဒူးထောက်ထိုင်ပြီး မျက်ရည်တွေတွေကျဆင်းလာလေသည်။

ရယ်စရာနှင့် သူ စတင်တွေ့ပုံကို မြင်ယောင်လာသည်။

သိုင်းပညာအလွန်ကောင်းပါလျက် ဘာမျှမတတ်သလို ရှုတ်နောက်နောက်လုပ်နေခဲ့သည့်ရယ်စရာကို သူလွန်စွာ နှမြောတသဖြစ်လာမိသည်။

**သူ့အား သိုင်း**ပညာသင်ပေးချင်လွန်းသဖြင့် သူ့အား **ငွေတုံးများထုတ်ပေးခဲ့သည်**ကိုလည်း ပြန်လည်မြင်ယောင်လာသည်။

**ရယ်စရာ၏**မြင့်မြတ်သောစိတ်ဓာတ်-

သူတစ်ပါးအား ကူညီလိုသည့်စိတ်ဓာတ်များကို တသိမ့်သိမ့်တွေးပြီး တဖြည်းဖြည်းမြင်ယောင်လာတော့၏။



သူသည် အလွန်တရာသဘောကောင်းသည့်ပုဂ္ဂိုလ်ကြီးကိုပင် အရှူးလုပ်ခဲ့မိသည်။

ရယ်စရာသေသောအခါမှ သူကိုယ်သူ **နောင်းနောင်တ** ရနေလေတော့သည်။

ယုယိစုသည် မြေပုံကိုရှိခိုးလိုက်သည်။

"ဆရာကြီးခင်ဗျာ- ဆရာကြီးမသေမီမှာ ဆရာကြီးရဲ့တပည့်အဖြစ် မခံယူလိုက်တဲ့ငမိုက်သားကို ခွင့်လွှတ်တော်မူပါ၊ ဒါပေမယ့် ခုအချိန်မှာတော့ ငမိုက်သားဟာ ဆရာတပည့်အဖြစ်ခံယူလိုက်ပါပြီ ဆရာကြီးရဲ့ စိတ်မွန်စိတ်မြတ်တွေကို အတုယူမယ့်တပည့်အဖြစ် ကိုယ့်ကိုယ်ကိုသတ်မှတ်လိုက်ပါပြီ"

ယုယိစုသည် ရယ်စရာသေသောအခါမှ ရယ်စရာအား သူ့ဆရာကြီးအဖြစ်သတ်မှတ်ပြီး သူကလည်း **ရယ်စရာ၏တပည့်**အဖြစ် အမိဌာန်ပြုသတ်မှတ်လိုက်လေတော့သည်။

**သူ့အတွက်** တစ်ချက်ကံဆိုးသွားသည်မှာ မင်းသမီးလေး**စကားတစ်ခွန်း**ကျန်ရစ်ခဲ့ခြင်းဖြစ်လေသည်။

**ထို့ကြောင့်-**

**ဖားက**လေးအား ပေးအပ်ရန် ချိန်ခွင်လျှာလက်သီးသိုင်းကျမ်းသည် **ရယ်စရာအလောင်းနှင့်**အတူ မြေအောက်သို့ ရောက်ရှိသွားလေပြီ။

**ထိုအချက်တစ်ချက်**သာ မင်းသမီးကလေးပြောဖို့ မေ့မကျန်ရစ်ခဲ့ပါက ယုယိစုသည် ထိုသိုင်းကျမ်းကိုသင်ပြီး ရယ်စရာ၏တပည့်

အဖြစ် အမှန်တကယ်ခံယူနိုင်ပေလိမ့်မည်။

ယခုတော့. . .

ယုယိစုနှင့်စုလျှတို့သည် မျက်ရည်တစမ်းစမ်းဖြင့် မြေပုံကို ကျောခိုင်းထွက်ခွါသွားကြလေတော့သည်။

စာစဉ်(၇)ပြီး၏။

စာစဉ်(၈)ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။